ပြဟ္မစရိယဉ္စ ဧတံ မင်္ဂလ မုတ္တမံ၊ မြတ်သောအကျင့်ကို ကျင့်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်၊ ၂၀၀၄ ခုနှစ်၊ စက်တင်ဘာ ၁၉ ရက်၊ တနင်္ဂနွေနေ့။ အတွဲ(၄၁)၊ အမှတ်(၃၅၂)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အစိုးရအဖွဲ့ဝင်ဝန်ကြီး ပြောင်းလဲတာဝန်ပေးခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

(အမိန့်အမှတ် ၈/၂၀၀၄)

၁၃၆၆ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်
(၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်)

အစိုးရအဖွဲ့ဝင်ဝန်ကြီး ပြောင်းလဲတာဝန်ပေးခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် သမဝါယမဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးအဖြစ် ယနေ့မှစ၍ ပြောင်းလဲတာဝန်ပေးလိုက်သည်။

အမိန့်အရ

(ပုံ) စိုးဝင်း
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

အစိုးရအဖွဲ့ဝင်ဝန်ကြီး ပြောင်းလဲတာဝန်ပေးခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

(အမိန့်အမှတ် ၉/၂၀၀၄)

၁၃၆၆ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်
(၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်)

အစိုးရအဖွဲ့ဝင်ဝန်ကြီး ပြောင်းလဲတာဝန်ပေးခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေအား ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ယနေ့မှစ၍ ပြောင်းလဲတာဝန်ပေးလိုက်သည်။

အမိန့်အရ

(ပုံ) စိုးဝင်း
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

အစိုးရအဖွဲ့ဝင်ဝန်ကြီး ပြောင်းလဲတာဝန်ပေးခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

(အမိန့်အမှတ် ၁၁/၂၀၀၄)

၁၃၆၆ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်
(၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်)

အစိုးရအဖွဲ့ဝင်ဝန်ကြီး ပြောင်းလဲတာဝန်ပေးခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးတင်ဝင်းအား ယနေ့မှစ၍ ဝန်ကြီးချုပ်ရုံးဝန်ကြီးအဖြစ် ပြောင်းလဲတာဝန်ပေးအပ်ပြီး အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးတာဝန်ကိုပါ ပူးတွဲထမ်းဆောင်စေလိုက်သည်။

အမိန့်အရ

(ပုံ) စိုးဝင်း
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

အစိုးရအဖွဲ့ဝင်ဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

(အမိန့်အမှတ် ၁၂/၂၀၀၄)

၁၃၆၆ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်
(၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်)

အစိုးရအဖွဲ့ဝင်ဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့၏အမည်နှင့် ယှဉ်တွဲဖော်ပြထားသော ဝန်ကြီးဌာနအသီးသီးတွင် ဝန်ကြီးအဖြစ် ယနေ့မှစ၍ ခန့်အပ်တာဝန်ပေးလိုက်သည်—

(၁)	ဗိုလ်ချုပ်ဉာဏ်ဝင်း	နိုင်ငံခြားရေးဝန်ကြီးဌာန
(၂)	ဗိုလ်မှူးကြီးဇော်မင်း	သမဝါယမဝန်ကြီးဌာန
(၃)	ဗိုလ်မှူးချုပ်တင်နိုင်သိန်း	စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

အမိန့်အရ

(ပုံ) စိုးဝင်း
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

အစိုးရအဖွဲ့ဝင်ဝန်ကြီး ပြောင်းလဲတာဝန်ပေးခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

(အမိန့်အမှတ် ၁၀/၂၀၀၄)

၁၃၆၆ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်
(၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်)

အစိုးရအဖွဲ့ဝင်ဝန်ကြီး ပြောင်းလဲတာဝန်ပေးခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံအား ဝန်ကြီးချုပ်ရုံးဝန်ကြီးအဖြစ် ယနေ့မှစ၍ ပြောင်းလဲတာဝန်ပေးလိုက်သည်။

အမိန့်အရ

(ပုံ) စိုးဝင်း
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

(အမိန့်အမှတ် ၁၃/၂၀၀၄)

၁၃၆၆ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်
(၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်)

ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ဗိုလ်မှူးကြီးမောင်မြင့်အား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ယနေ့မှစ၍ ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

(ပုံ) စိုးဝင်း
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်)

စင်ကာပူသမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ် အောင်မြင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးတက်မြင့်မား

မြန်မာနိုင်ငံနှင့် စင်ကာပူသမ္မတနိုင်ငံတို့သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည်။ နှစ်နိုင်ငံ သမိုင်းစဉ်တစ်လျှောက်တွင် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံနေထိုင်ခဲ့ကြသည့် နိုင်ငံများဖြစ်သည်။ နှစ်နိုင်ငံခေါင်းဆောင်များအနေဖြင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးချက်ကို စွဲမြဲစွာ လက်ခံရပ်တည်ခဲ့သည့် အစဉ်အလာကောင်းများလည်း ရှိခဲ့သည်။

ထိုမျှသာမက နှစ်နိုင်ငံခေါင်းဆောင်များအချင်းချင်း အပြန်အလှန် ချစ်ကြည်ရေးခရီး သွားလာလည်ပတ်ခဲ့ကြပြီး နိုင်ငံရေး၊စီးပွားရေး၊ လူမှုရေးကဏ္ဍတို့တွင် စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်မှုများ၊ အပြန်အလှန်အကျိုးပြုမှုများကို ထူထောင်နိုင်ခဲ့ကြသည်။ နိုင်ငံတကာ ဆက်ဆံရေးနယ်ပယ်တွင်လည်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ အကျိုးပြုသည့် ပူးပေါင်းဆောင်ရွက်မှု အစဉ်အလာများ ရှိခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီးဒေါက်တာ ဒေါ်ခင်ဝင်းရွှေတို့သည် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်းလွန်း၏ဖိတ်ကြားချက်အရ စက်တင်ဘာလ ၁၂ ရက်မှ ၁၇ ရက်နေ့အထိ စင်ကာပူသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး အလည်အပတ် သွားရောက်ခဲ့သည်။

ချစ်ကြည်ရေးခရီးစဉ်အတွင်း နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စင်ကာပူသမ္မတနိုင်ငံ သမ္မတ မစ္စတာ အက်စ် အာရ် နာသန်နှင့် စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်းလွန်းတို့အား သွားရောက် တွေ့ဆုံနှုတ်ဆက်ပြီး နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာ၌ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍစုံဖြစ်ပေါ်တိုးတက်မှုများနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ကဏ္ဍများတွင် အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေများ၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးတက်ကောင်းမွန်သည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

စင်ကာပူနိုင်ငံအနေဖြင့် မြန်မာနိုင်ငံပြည်သူများအပေါ် များစွာခင်တွယ်မှုရှိသည့်အပြင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီကူးပြောင်းရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများ၊ တိုးတက်ဖြစ်ပေါ်မှုများ၊ ကဏ္ဍအများအပြားတွင် ပူးပေါင်းဆောင်ရွက်မှုများ၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင် မြန်မာနိုင်ငံဘက်မှ ရပ်တည်ထောက်ခံအားပေးလျက်ရှိကြောင်းကို စင်ကာပူနိုင်ငံ ခေါင်းဆောင်များထံမှ ဝမ်းမြောက်ဖွယ် ကြားသိခဲ့ရသည်။

စင်ကာပူနိုင်ငံသည် မြန်မာနိုင်ငံနှင့် ကူးသန်းရောင်းဝယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ရန် ဆန္ဒရှိပြီး နှစ်နိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးနည်းလမ်းများရှာဖွေရန် မြန်မာ–စင်ကာပူ ဝန်ကြီးအဆင့် ပူးတွဲကော်မတီ အစည်းအဝေးကျင်းပရေးအတွက် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာ နည်းပညာ(အိုင်စီတီ)ကဏ္ဍ၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကဏ္ဍများတွင်လည်း ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားရန် ဆန္ဒပြုထားကြောင်း သိရှိရသည်။

သို့ဖြစ်ရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ ဦးဆောင်သည့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့၏ စင်ကာပူသမ္မတနိုင်ငံသို့ သွားရောက်ခဲ့သော ချစ်ကြည်ရေးခရီးစဉ်သည် နှစ်နိုင်ငံ ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှု၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်ပိုမို မြင့်မားတိုးတက်စေမည်ဟု ယုံကြည်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၁၉-၉-၂၀၀၆

(တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"အစွန်းနှစ်ဖက်သို့ မကပ်ပါမှ"**

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် **မိလိန္ဒပြဿနာများ** (အရှေ့တိုင်းပညာအထူးပြု–တတိယနှစ်)
၄:၃၀ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၀၀ ၆။ အမေးကမ္ဘာတွေးစရာ
၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၈။ နိုင်ငံတကာသတင်း
၆:၂၀ ၉။ မိုးလေဝသသတင်း
၆:၂၅ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၁။ မြန်မာ့ရှုခင်း
၆:၄၀ ၁၂။ လျှပ်တစ်ပြက်
၇:၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မျက်ရည်မိုး"**(အပိုင်း–၂၈)
၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၆။ လျှပ်တစ်ပြက်
၁၇။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၁၈။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၁၉။ English Premier League ဘောလုံးပွဲ Chelsea Vs Tottenham Hotspur

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစု အကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမိုတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

အမှာစကား

ရန်ကုန်မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက ဦးဆောင်၍ ခရိုင်အတွင်းရှိ မြို့နယ်များမှ စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်း (၅/၂၀၀၆) ကို လှိုင်သာယာမြို့နယ် အလက (၇)တွင် စက်တင်ဘာ ၆ရက်က ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းနိုင်က သင်တန်းဖွင့် အမှာစကားပြောကြားစဉ်။

(က–ပ)

ဩဂုတ် ၂၈ ရက်က အင်းစိန်မြို့နယ် အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း၏ မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် သတ္တမတန်း၌ သိပ္ပံထူးချွန်ဆုရ မောင်အောင်သူရလင်းအား ကျောင်းအုပ်ဆရာကြီး ဦးတင်စောက ဆုချီးမြှင့်စဉ်။

(က–ပ)

✻ *ကျောဖုံးမှ*

အချိန်မီဆောင်ရွက်

ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအနေဖြင့် ကျင်းပပြီးစီးခဲ့သော ညီလာခံအတွက် ဆောင်ရွက်ရန်ရှိသည့်ကိစ္စရပ်များကို အချိန်မီ ပြီးစီးအောင် ဆောင်ရွက်ကြရန်နှင့် တစ်ပြိုင်တည်းပင် နောင်ဆက်လက်ကျင်းပမည့် ညီလာခံအတွက်လည်း လိုအပ်သည်များကို အချိန်မီပြီးစီးအောင် ပြုစုဆောင်ရွက်ထားကြရန်လိုကြောင်း၊ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အနေဖြင့်လည်း လုပ်ငန်းကော်မတီက တင်ပြချက်များကို အချိန်မီပြီးစီးအောင် စိစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အလားတူ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီအနေဖြင့်လည်း လတ်တလော ဆောင်ရွက်ရမည့် လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ပြီး အချိန်ယူဆောင်ရွက်ရမည့်လုပ်ငန်းများအတွက်ကိုလည်း စတင်ဆောင်ရွက်ရန် လိုကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်က အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ၏ ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများနှင့် ပြီးစီးမှုအခြေအနေ၊ ဆက်လက်ကျင်းပမည့် ညီလာခံအတွက် ပြင်ဆင်ဆောင်ရွက်မှုလုပ်ငန်းများ အခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်း တင်ပြသည်။

ညှိနှိုင်းဆွေးနွေး

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကော်မရှင်အဖွဲ့ဝင်များက ဆက်လက်ကျင်းပမည့် အမျိုးသားညီလာခံအောင်မြင်စွာ ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုများနှင့် အမျိုးသားညီလာခံတွင် ချမှတ်မည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာ၌ ပါဝင်ရမည့် အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် ကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြု ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က နိဂုံးချုပ်အမှာစကားပြောကြားကာ မွန်းလွဲပိုင်းတွင် အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အာဆီယံအမျိုးသမီးရေးရာကော်မတီအစည်းအဝေး ကျင်းပရေးလုပ်ငန်းကော်မတီညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၈

၂၀၀၄ ခုနှစ် နိုဝင်ဘာနှင့်ဒီဇင်ဘာအတွင်း မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် တတိယ အကြိမ်မြောက် အာဆီယံအမျိုးသမီးရေးရာကော်မတီ အစည်းအဝေးကျင်းပရေးအတွက် လုပ်ငန်းကော်မတီ ညှိနှိုင်း အစည်းအဝေးကို ယမန်နေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်း အမှတ်(၁၃၂)ရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ တတိယအကြိမ်မြောက် အာဆီယံအမျိုးသမီးရေးရာ ကော်မတီအစည်းအဝေး ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မေမေရီ၊ ဒုတိယဥက္ကဋ္ဌနှင့် လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီခေါင်းဆောင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တတိယအကြိမ်မြောက် အာဆီယံအမျိုးသမီးရေးရာ ကော်မတီ အစည်းအဝေးကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဒေါ်မေမေရီက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အစည်းအဝေးကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဒေါ်ခင်ထားမေက အစည်းအဝေး ကျင်းပရေး လုပ်ငန်းစီမံချက်ကို ရှင်းလင်းတင်ပြပြီး အစည်းအဝေး ကျင်းပရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်ခင်အေးဝင်းက အစည်းအဝေးကျင်းပမည့် အစီအစဉ် လျာထားချက်များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ လုပ်ငန်းဆပ်ကော်မတီအသီးသီးမှ အဖွဲ့ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များက ဆပ်ကော်မတီအသီးသီးအလိုက် လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းဆွေးနွေးတင်ပြကြပြီး ယဉ်ကျေးမှု ပူးပေါင်းဖလှယ်ရေး အစီအစဉ်အရ ဖျော်ဖြေရေးကဏ္ဍကို ထည့်သွင်းရန် ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသူများက ဆွေးနွေးအကြံပြုတင်ပြကြ၍ အစည်းအဝေးကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဒေါ်မေမေရီက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူးအား ကိုရီးယားသတင်းပြန်ကြားရေးကိုယ်စားလှယ်အဖွဲ့တွေ့ဆုံ မြန်မာ့အလင်းသတင်းစာထုတ်လုပ်မှုအဆင့်ဆင့်ကြည့်ရှုလေ့လာ

ရန်ကုန် စက်တင်ဘာ ၁၈

အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား သတင်းပြန်ကြားရေးဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန် လေ့လာရေးအစီအစဉ်အရ ရန်ကုန်မြို့တွင် လေ့လာရေးခရီးရောက်ရှိနေသော ကိုရီးယားသမ္မတနိုင်ငံ The Kyung Hyang Daily News မှ Journalist, Mr.Kim Jin Ho ခေါင်းဆောင်သည့် အဖွဲ့ဝင် ၁၂ ဦး ပါဝင်သော သတင်းပြန်ကြားရေးဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ The New Light of Myanmar သတင်းစာတိုက်ဧည့်ခန်းမသို့ လာရောက်၍ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်းအား တွေ့ဆုံနှုတ်ဆက်သည်။



အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား သတင်းပြန်ကြားရေးဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန် လေ့လာရေးအစီအစဉ်အရ ကိုရီးယားသမ္မတနိုင်ငံ The Kyung Hyang Daily News မှ Journalist, Mr.Kim Jin Ho ခေါင်းဆောင်သော သတင်းပြန်ကြားရေးကိုယ်စားလှယ်အဖွဲ့ဝင်များ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတိုက်တွင် ကြည့်ရှုလေ့လာကြစဉ်။ (မြန်မာ့အလင်း)

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး စိုးဝင်းနှင့်အတူ ညွှန်ကြားရေးမှူး (သတင်း) ဦးဝင်းတင်၊ ညွှန်ကြားရေးမှူး(စီမံ) ဦးစိုးဝင်း၊ The New Light of Myanmar သတင်းစာတိုက် စာတည်းမှူးချုပ် ဦးမောင်မောင်အေး၊ ကြေးမုံသတင်းစာတိုက် စာတည်းမှူးချုပ် ဦးဇော်မင်းသိမ်း၊ မြန်မာ့သတင်းစဉ် (ပြည်တွင်း) စာတည်းမှူးချုပ် ဦးတင်လှိုင်၊ မြန်မာ့သတင်းစဉ်(နိုင်ငံခြား) စာတည်းမှူးချုပ် ဦးသိန်းထွဋ်၊ ဒုတိယညွှန်ကြားရေးမှူး (သတင်း) ဦးဆွေသန့်ကို၊ ဒုတိယညွှန်ကြားရေးမှူး (စီမံ) ဦးမြလှိုင်တို့ တက်ရောက်ကြပြီး ကိုရီးယားသမ္မတနိုင်ငံ သတင်းပြန်ကြားရေးဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံရုံးမှသံမှူး Mr. Park Joon-yong လည်း တက်ရောက်သည်။

ထို့နောက် ကိုရီးယားသမ္မတနိုင်ငံ သတင်းပြန်ကြားရေးဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့သည် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ်(၁)ရှိ မြန်မာ့အလင်းသတင်းစာတိုက်သို့ ရောက်ရှိကြရာ စာတည်းမှူးချုပ် ဦးရဲမြင့်ဖေ၊ စာတည်းမှူး ဦးလှိုင်ဝင်း၊ မန်နေဂျာ ဦးဇော်ဝင်း၊ စာတည်းများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းပြောကြား

ယင်းနောက် မြန်မာ့အလင်းသတင်းစာတိုက် အစည်းအဝေးခန်းမ၌ စာတည်းမှူးချုပ် ဦးရဲမြင့်ဖေက သတင်းစာတိုက်၏ နောက်ခံသမိုင်း၊ နေ့စဉ်သတင်းစာထုတ်ဝေဖြန့်ချိနေမှု၊ နယ်မြို့များ၌ ကိုယ်ပွားသတင်းစာတိုက်များ ဖွင့်လှစ်ဆောင်ရွက်နေမှု၊ သတင်းရယူရေးသားမှုနှင့် ပုံနှိပ်ထုတ်ဝေမှုအဆင့်ဆင့်တို့ကို ရှင်းလင်းပြောကြားသည်။

စုပေါင်းဓာတ်ပုံရိုက်

ဆက်လက်၍ ကိုရီးယားသမ္မတနိုင်ငံ သတင်းပြန်ကြားရေးဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့သည် သတင်းစာတိုက်ရှိ အင်တာနက်ခန်း၊ စာတည်းခန်း၊ ကွန်ပျူတာစာစီခန်းနှင့် ပုံနှိပ်စက်ခန်းတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြရာ စာတည်းမှူးချုပ်နှင့် တာဝန်ရှိသူများက သတင်းစာထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်းပြသကြပြီး ကိုရီးယားသမ္မတနိုင်ငံ သတင်းပြန်ကြားရေးဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့နှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

တည်ခင်းဧည့်ခံ

ညပိုင်းတွင် အဆိုပါ ကိုရီးယားသမ္မတနိုင်ငံ သတင်းပြန်ကြားရေးဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့အား ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်းက ရန်ကုန်မြို့ ကန်တော်ကြီးရှိ ကရဝိက်နန်းတော်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

အဆိုပါညစာစားပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဘွားနှင့် ညွှန်ကြားရေးမှူးများ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ညွှန်ကြားရေးမှူးများ၊ စာတည်းမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၄ ခုနှစ်၊ စက်တင်ဘာ ၁၄ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၈၁၀၄)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

မြန်မာ့အလင်း
နိုင်ငံတကာ သတင်းများ

အီရတ်နိုင်ငံဆိုင်ရာ အမေရိကန်၏မူဝါဒ ငြိမ်းချမ်းရေး၊ လွတ်လပ်မှုနှင့် ဒီမိုကရေစီကိုမထူထောင်နိုင်

စထရာဘိုး စက်တင်ဘာ ၁၆

အီရတ်နိုင်ငံနှင့်ပတ်သက်သည့် အမေရိကန်ပြည်ထောင်စု၏မူဝါဒကို အလုပ်မှနုတ်ထွက်တော့မည်ဖြစ်သော ဥရောပသမဂ္ဂ ပြည်ပဆက်ဆံရေးဆိုင်ရာ အဆင့်မြင့်အရာရှိ ခရိုက်စ်ပက်တန်က ဗုဒ္ဓဟူးနေ့၌ ဝေဖန်တိုက်ခိုက်လိုက်သည်။

ငြိမ်းချမ်းရေးမဖော်ဆောင်နိုင်

ဆက်ဒမ်ဟူစိန်ကို ဖြုတ်ချရန် အမေရိကန်နှင့်အပေါင်းပါတပ်များ အီရတ်နိုင်ငံကို ကျူးကျော်ဝင်ရောက်ခဲ့ရာတွင် အီရတ်နိုင်ငံအား ငြိမ်းချမ်းရေးမဖော်ဆောင်နိုင်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

အလုပ်မှထွက်မည်

ပက်တန်သည် ဗြိတိန်ကွန်ဆာဗေးတစ်ပါတီဥက္ကဋ္ဌဟောင်းဖြစ်ခဲ့ပြီး ရှေ့လကုန်၌ အလုပ်မှနုတ်ထွက်တော့မည်ဖြစ်သည်။

အထင်အရှားဖြစ်

၎င်းသည် သမ္မတဂျော့ဒဗလျူဘုရှ်ကို အမည်ထုတ်ဖော်လျက်ရည်ညွှန်းခြင်းမရှိသော်လည်း ရှေးရိုးစွဲတစ်ဖက်သတ်ဝါဒသစ်သည် ငြိမ်းချမ်းရေး၊ လွတ်လပ်မှုနှင့် ဒီမိုကရေစီကိုမထူထောင်နိုင်သည်မှာ အထင်အရှားဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ဂျော်ဒန်ထရပ်ကားယာဉ်မောင်းတစ်ဦး အီရတ်တွင် ပြန်ပေးဆွဲခံခဲ့ရ

အမ္မန် စက်တင်ဘာ ၁၆

အီရတ်လက်နက်ကိုင်ပြောက်ကျား အုပ်စုတစ်စုသည် ဂျော်ဒန်ထရပ်ကားယာဉ်မောင်းတစ်ဦးအား ပြန်ပေးဆွဲခဲ့ပြီး ၄၈နာရီအတွင်း ၎င်း၏အလုပ်ရှင် အီရတ်မှမထွက်ခွာလျှင် ၎င်းအားသတ်ပစ်ရန် ခြိမ်းခြောက်ထားကြောင်း ကာတာအခြေစိုက်အယ်လ်ဂျာဇီရာ ရုပ်မြင်သံကြားက အင်္ဂါနေ့တွင် ကြေညာသည်။

ခေါင်းစွပ် စွပ်ထားသော သေနတ်သမားသုံးဦးနှင့် ဖမ်းဆီးခံထားရသော တာကီခါလီဖာအယ်လ်ဘရီဇတ်ကို ရိုက်ကူးထားသည့် ဗီဒီယိုတိပ်ခွေကို အယ်လ်ဂျာဇီရာက ထုတ်လွှင့်ပြသခဲ့သည်။ အမေရိကန်စစ်ဘက်သို့ လောင်စာဆီများပို့သည်ဟု ဝန်ခံခဲ့သော ဂျော်ဒန်ယာဉ်မောင်း အလုပ်လုပ်သည့်ကုမ္ပဏီအား အီရတ်မှ လုပ်ငန်းများရပ်ဆိုင်းမည်ဟု ကြေညာရန် ၄၈နာရီ အချိန်ပေးထားသည်။ လွန်ခဲ့သောနှစ်လအတွင်း အီရတ်တွင်ဂျော်ဒန်လူမျိုး တစ်ဒါဇင်ကျော် ပြန်ပေးဆွဲခံခဲ့ရသည်။ သို့သော် ၎င်းတို့အနက် အများစုမှာ အီရတ်မှ၎င်းတို့၏ အလုပ်ရှင်များ ထွက်ခွာသွားပြီးနောက် ဘေးကင်းစွာ လွတ်မြောက်ခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ

ကင်းလှည့်

ဘာဆာရာမြို့တွင် လုံခြုံရေးအတွက် ကင်းလှည့်နေသော ဗြိတိသျှတပ်ဖွဲ့ဝင်များကို စက်တင်ဘာ ၁၆ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ်ရှေးဟောင်းပစ္စည်းများ ပြည်ပသို့မှောင်ခို ခိုးထုတ်ရန် ကြိုးပမ်းမှု အီရတ်ရဲအဖွဲ့က အချိန်မီပြုခွင်း နှိမ်နင်းနိုင်ခဲ့

ဘဂ္ဂဒက် စက်တင်ဘာ ၁၆

အီရတ်ရှေးဟောင်းပစ္စည်းများ ပြည်ပသို့မှောင်ခို ခိုးထုတ်ရန်ကြိုးပမ်းမှုကို နှိမ်နင်းလိုက်ကြောင်း အီရတ်တောင်ပိုင်းရှိ မူသာနာရဲအဖွဲ့က ပြောကြားကြောင်း အယ်ဆာဘာသတင်းစာက ဗုဒ္ဓဟူးနေ့၌ ပြောကြားသည်။

ကိုးကားဖော်ပြ

ရဲအဖွဲ့ကသိမ်းဆည်းရရှိသော ရှေးဟောင်းပစ္စည်းများမှာ တတိယထောင်စုနှစ် ဘီစီခေတ်ကဖြစ်ပြီး အယ်လ်ဝါကာမင်းဆက်ပိုင်း ရှေးဟောင်းပစ္စည်း များဖြစ်ကြောင်း မူသာနာရဲအဖွဲ့၏ ပြောကြားချက်ကို ယင်းသတင်းစာက ကိုးကားဖော်ပြသည်။

ဆက်လက်ရှာဖွေ

ရှေးဟောင်းပစ္စည်းများကို မသင်္ကာဖွယ်လူတစ်ဦးအိမ်၌ ဝှက်ထားပြီး ပြည်ပသို့ မှောင်ခိုထုတ်ရန် ပြင်ဆင်နေစဉ် ရဲအဖွဲ့ကဖြိုခွင်းလိုက်ခြင်းဖြစ်ပြီး ပြစ်မှုကျူးလွန်သူတစ်ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း၊ ကျန်ရှိသောဂိုဏ်းဝင်များကို ဆက်လက်ရှာဖွေနေကြောင်း သတင်းရပ်ကွက်က ဆက်လက်ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဆေးကုသမှုခံယူ

ဘဂ္ဂဒက်မြို့တွင် စိန်ပြောင်းကျည်ကျရောက်ပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိခဲ့သော အီရတ်တစ်ဦး ဆေးရုံ၌ဆေးကုသမှုခံယူနေရသည်ကို စက်တင်ဘာ ၁၆ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဗြိတိန်တစ်ဦးနှင့်ကန်နှစ်ဦး ဘဂ္ဂဒက်၌ပြန်ပေးဆွဲခံရ

ဘဂ္ဂဒက် စက်တင်ဘာ ၁၆

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ဇာမန်ရှုဝါအနီးရှိ အယ်လ်ခါလီချ် ဝန်ဆောင်မှုလုပ်ငန်းကုမ္ပဏီရုံးအတွင်းမှ ဝန်ထမ်းသုံးဦးအား လက်နက်ကိုင် ပြန်ပေးသမားများက ပြန်ပေးဆွဲဖမ်းဆီး ခေါ်ဆောင်သွားခဲ့သည်။ ၎င်းကုမ္ပဏီသည် ကန်ထရိုက်လုပ်ငန်းနှင့် ကုန်သွယ်မှုဝန်ဆောင်ပေးသော ကုမ္ပဏီတစ်ခုဖြစ်ဖွယ်ရှိသည်။နံနက် ၆နာရီခန့်၌ ပြန်ပေးသမား ၁၁ ဦးအနက် ခြောက်ဦးက ရုံးခန်းအတွင်း ဝင်ရောက်ခဲ့ပြီး ကျန်ငါးဦးမှာ ရုံးပြင်ပတွင် စောင့်နေကာ ပြန်ပေးဆွဲခဲ့ခြင်း ဖြစ်သည်။ ပြန်ပေးဆွဲခံရသူ သုံးဦးမှာ ဗြိတိန်နိုင်ငံသားတစ်ဦးနှင့် အမေရိကန် နိုင်ငံသားနှစ်ဦးတို့ ဖြစ်ကြသည်။ ကနဦး သတင်းပေးပို့ချက်များအရ ဗြိတိန်နိုင်ငံသားသုံးဦး ပြန်ပေးဆွဲခံရကြောင်း သတင်းများ ထွက်ပေါ်ခဲ့သည်။ ပြန်ပေးသမားများသည် အရပ်သားများကဲ့သို့ ဝတ်ဆင်ထားကာ အဆိုပါရုံး အဆောက်အအုံရှေ့တွင် ရပ်ထားသော ကားတစ်စီးကိုလည်း ယူဆောင်သွားခဲ့ကြသည်။

(စီအင်န်အင်န်)

နိုင်လွန်အိတ်ဖြင့်ထည့်ပြီးပစ်ထားသော လူသေအလောင်းများ ဘဂ္ဂဒက်မြောက်ဘက်၌ အီရတ်အစောင့်တပ်ဖွဲ့တွေ့ရှိ

ဘေဂျီ စက်တင်ဘာ ၁၆

ဘဂ္ဂဒက်မြောက်ဘက် လမ်းဘေးတစ်နေရာတွင် နိုင်လွန်အိတ်များ အတွင်းထည့်ပြီး ပစ်ထားသော လူသေအလောင်းများ၏ အစိတ်အပိုင်းများကို ဗုဒ္ဓဟူးနေ့က ရှာဖွေတွေ့ရှိခဲ့ကြောင်း အီရတ်ရဲအဖွဲ့နှင့် အမေရိကန်အရာရှိများက ပြောကြားသည်။

ကနဦးဖော်ပြ

လူသေအလောင်းများကို ဘဂ္ဂဒက်မြောက်ဘက် ၂၈ မိုင်အကွာ ဒူဂျေးလ်မြို့အနီး၌ ကင်းလှည့်သော အီရတ် အမျိုးသားအစောင့်တပ်ဖွဲ့ဝင်တစ်စုက အရဏ်တက်အပြီး၌ ရှာတွေ့ခဲ့ခြင်းဖြစ်သည်။ အမေရိကန်စစ်ဘက်က သေဆုံးသူများမှာ အာရပ်များဖြစ်ကြောင်း ကနဦး ဖော်ပြပြောဆိုခဲ့သည်။

သေဆုံးဒဏ်ရာရ

အီရတ်တွင် လွန်ခဲ့သည့်သုံးရက်၌ ဗုံးခွဲမှု၊ တိုက်ခိုက်မှုနှင့် တိုက်ပွဲဖြစ်ပွားမှုကြောင့် အီရတ် ၁၅၀ထက်မနည်း သေဆုံးခဲ့ရသည်။ အကြမ်းဖက်တိုက်ခိုက်မှုပေါ်ပေါက်ခဲ့ပြီးနောက် ယင်းသို့ လူသေအလောင်းများ၏ အစိတ်အပိုင်းများကို တွေ့ရှိရခြင်းဖြစ်သည်။ ဘဂ္ဂဒက်မြို့လယ်၌ ကားဗုံးပေါက်ကွဲ ခဲ့ရာတွင် လူ ၄၇ ဦးသေဆုံးပြီး ၁၁၄ ဦး ဒဏ်ရာရခဲ့ကြသည်။

ဆေးမင်ရေးထား

အီရတ်ရဲက လူသေအလောင်း နှစ်လောင်းတွင် ဆေးမင်များကို ရောမအက္ခရာဖြင့် ရေးထားသည်ကိုတွေ့ရကြောင်း တတိယအလောင်းမှာ အာရေဗျစာဖြင့် ဆေးမင်ရေးထားကြောင်း ပြောကြားသည်။

အလောင်းနှစ်လောင်းသည် ဂျင်းများ၊ တီရှပ်များကိုဝတ်ထားပြီး တတိယအလောင်းမှာ တီရှပ်ကို ဝတ်ထားကြောင်း အမေရိကန် စစ်ဘက်က ထုတ်ဖော်ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

အမေရိကန်အစိုးရ၏ အီရတ်၌ကိုင်တွယ်လုပ်ဆောင်ပုံ အစီအစဉ်ပြတ်ပြတ်သားသားမရှိသည်မှာ ပေါ်လွင်ထင်ရှားနေ

ဝါရှင်တန် စက်တင်ဘာ ၁၆

အီရတ်တွင်ဖြစ်ပွားသော စစ်ပွဲအား ဘုရှ်၏ အမေရိကန်အစိုးရက ကိုင်တွယ်ဆောင်ရွက်ပုံကို ဥပဒေပြုလွှတ်တော်အမတ်များက ဝေဖန်ပြစ်တင်ခဲ့ကြပြီး အမေရိကန်ပြည်ထောင်စု၏ ပြန်လည်တည်ဆောက်ရေး ရန်ပုံငွေတွင် ဒေါ်လာ ၁၈ဒသမ ၄ဘီလီယံ သုံးစွဲခဲ့ခြင်းကို စိတ်အနှောင့်အယှက်ဖြစ်ရကြောင်း ပြောဆိုခဲ့ကြသည်။

ထူးထူးခြားခြားပြုလုပ်သော ဘက်လိုက်ခြင်းမရှိသည့် ကြားနာမှုတွင် ရီပတ်ဘလစ်ကင်နှင့် ဒီမိုကရက်တစ်အမတ်များက အီရတ်တွင် တည်ငြိမ်မှုရှိသောပတ်ဝန်းကျင်ရနိုင်မည့် ပြန်လည်တည်ဆောက်ရေး အစီအစဉ်ကိုမြန်မြန်ထက်ထက် ကြိုးပမ်းလုပ်ဆောင်ရန် နိုင်ငံခြားရေးဌာန အဆင့်မြင့်အရာရှိများအား တိုက်တွန်းခဲ့ကြသည်။

ထို့ပြင် ဥပဒေပြုအမတ်များက အီရတ်နိုင်ငံ၌ ဖြစ်ပျက်နေသည်များကို ပို၍မှန်မှန်ကန်ကန် သစ္စာရှိရှိအကဲဖြတ်ရန်လည်း နိုင်ငံခြားရေးဌာန အဆင့်မြင့်အရာရှိများကို တိုက်တွန်းပြောကြားခဲ့ကြသည်။

ပေါ်လွင်

အီရတ်၌ အမေရိကန်အစိုးရ၏ လုပ်ဆောင်ချက်များအားလုံးသည် အစီအစဉ်မရှိသည်မှာ ပေါ်လွင်ထင်ရှားကြောင်း၊ အီရတ်နိုင်ငံအတွက်ချမှတ်သော စီမံကိန်းသည် ပြည့်စုံလုံလောက်ခြင်းမရှိသည်မှာ အထင်အရှားဖြစ်ကြောင်း နိုင်ငံခြားဆက်ဆံရေးဆိုင်ရာ အထက်လွှတ်တော်ကော်မတီ ဥက္ကဋ္ဌ အင်ဒီယာနာပြည်နယ် ရီပတ်ဘလစ်ကင် အထက်လွှတ်တော်အမတ် ဒစ်လူဂါက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်၌ဖြစ်ပွားလျက်ရှိသော တိုက်ခိုက်မှုများ ကုလသံတမန်က ပြစ်တင်ပြောဆို

ကုလသမဂ္ဂ စက်တင်ဘာ ၁၅

အီရတ်နိုင်ငံတွင် ဖြစ်ပွားလျက်ရှိသော တိုက်ခိုက်မှုများသည် မကြာမီ ကျင်းပရန်ရှိသည့် ရွေးကောက်ပွဲအား ယိမ်းယိုင်စေရန်ရည်ရွယ်သည့် လုပ်ဆောင်ချက်များသာဖြစ်ကြောင်း အီရတ်နိုင်ငံဆိုင်ရာ ယာယီကုလသမဂ္ဂသံတမန်က ပြစ်တင်ပြောဆိုလိုက်သည်။

အရေးပါ

အဆိုပါ သံတမန်က ကုလသမဂ္ဂလုံခြုံ ရေးကောင်စီတွင် အင်္ဂါနေ့၌ အီရတ်ရှိ ကုလသမဂ္ဂဝန်ထမ်းများအတွက် လုံခြုံမှုပိုပေးရန် လိုအပ်ကြောင်း၊ ကုလသမဂ္ဂက ၎င်း၏ဝန်ထမ်းများအား အီရတ်သို့စေလွှတ်ခြင်းသည် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကျင်းပရန်အတွက် အရေးပါကြောင်း ပြောကြားခဲ့သည်။

သွားရောက်

ဤအတောအတွင်း အီရတ်ကြားဖြတ် အစိုးရသမ္မတ ဂါဇီအယ်လ်ယာဝါသည် အီရတ်လုံခြုံရေးတပ်ဖွဲ့များအား လေ့ကျင့်သင်ကြားပေးမှုများ ပိုမိုဆောင်ရွက်ပေးရန် တောင်းခံရန်အတွက် နေတိုးအဖွဲ့ချုပ်သို့ သွားရောက်လျက်ရှိသည်။

ထို့အပြင် အယ်လ်ယာဝါသည် ဥရောပသမဂ္ဂ အဖွဲ့ဝင်များနှင့်လည်း အဆိုပါကိစ္စအတွက် သီးခြားတွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။ **(စီအင်န်အင်န်)**

အီတလီဓားစာခံအမျိုးသမီးနှစ်ဦး လွတ်မြောက်ရေး အီတလီအစိုးရကြိုးပမ်းမှု ယူအေအီးထောက်ခံ

အဘူဒါဘီ စက်တင်ဘာ ၁၆

အီရတ်နိုင်ငံတွင် ဓားစာခံအဖြစ်ဖမ်းဆီးခြင်းခံခဲ့ရသော အီတလီအမျိုးသမီးနှစ်ဦး လွတ်မြောက်ရန် အီတလီအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများကို အာရပ်စော်ဘွားများနိုင်ငံ(ယူအေအီး)က အပြည့်အဝထောက်ခံကြောင်း ဂတ်ဖ်နယူးစ်သတင်းစာက ဗုဒ္ဓဟူးနေ့တွင် ဖော်ပြသည်။

အလည်အပတ် ရောက်ရှိနေသော အီတလီနိုင်ငံခြားရေးရာဝန်ကြီး ဖရန်ကိုဖရက်တီနီနှင့် တရားဝင်တွေ့ဆုံဆွေးနွေးရာတွင် ယူအေအီး အာဏာပိုင်များက ယင်းသို့ ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

ဖရက်တီနီသည် ဓားစာခံအမျိုးသမီးနှစ်ဦး လွတ်မြောက်ရန်ကြိုးပမ်းရာတွင် အရှေ့အလယ်ပိုင်းသို့ ထွက်ခဲ့သည့်ခရီးစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် အင်္ဂါနေ့၌ ကူဝိတ်မှ ယူအေအီးသို့ ရောက်ရှိခဲ့သည်။

၎င်းသည် အိမ်ရှေ့မင်းသားနှင့် ယူအေအီးလက်နက်ကိုင်တပ်ဖွဲ့များ၏ ဒုတိယတပ်မှူးချုပ် ရှာခါ ခါလီဖာဘင် ဇာယက်အယ်လ်နာယန်အပြင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးရာဝန်ကြီး ရှာခါ ဟမ်ဒန်ဘင်ဇာယက်အယ်လ်နာယန်တို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ယူအေအီးသည် အီတလီအစိုးရကို ထောက်ခံရန်နှင့် အီတလီ ဓားစာခံနှစ်ဦး လွတ်မြောက်ရေး အာမခံချက်ရှိရန်အပြင် အီရတ်တွင် ၎င်းတို့နှင့် အတူ ပြန်ပေးဆွဲခံခဲ့ရသော အခြားအီရတ်နှစ်ဦးလွတ်မြောက်ရေး အတွက် ဖြစ်နိုင်ဖွယ်ရှိသည်များကို လုပ်ဆောင်မည်ဖြစ်ကြောင်း ဖရက်တီနီက ဂတ်ဖ်နယူးစ်သို့ ပြောသည်။

အမ်အင်အေ၊ဆင်ဟွာ

ဓားထိုးမှုကျူးလွန်သူ အမေရိကန်တပ်ဖွဲ့ဝင်အား ထောင်ဒဏ်ချမှတ်

ဆိုးလ် စက်တင်ဘာ ၁၇

လမ်းပေါ်၌ ဆူဆူပူပူမလုပ်ရန် တားမြစ်သော တောင်ကိုရီးယားအမျိုးသားတစ်ဦးကို ဓားဖြင့်ထိုးခဲ့မှုဖြင့် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးအား ဆိုးလ်တရားရုံးက ထောင်ဒဏ် လ၃၀ ကျခံစေရန် သောကြာနေ့၌ စီရင်ချက်ချလိုက်ကြောင်း တောင်ကိုရီးယား ယွန်ဟက် သတင်းဌာနက သတင်းဖော်ပြသည်။

မေလထဲ၌ ဆိုးလ်မြို့လယ်ကောင်ရှိ လမ်းတစ်လမ်းတွင် ဆူဆူပူပူမလုပ်ရန် တားမြစ်ထားသော အသက် (၂၇) နှစ်အရွယ်ရှိ တောင်ကိုရီးယားအမျိုးသားတစ်ဦးအားအမေရိကန်တပ်ဖွဲ့ဝင်ဂျွန်စီဟမ်ဖရီကဓားဖြင့်ထိုးခဲ့မှုဖြစ်ပြီး တရားရုံးက ထောင်ဒဏ်လ၃၀ ပြစ်ဒဏ်စီရင်ချက်ချခဲ့ခြင်း ဖြစ်သည်။

အကျဉ်းချ

ဟမ်ဖရီသည် ဩဂုတ်လ အစောပိုင်းကစပြီး တောင်ကိုရီးယားအကျဉ်းထောင်၌ ကျခံနေခဲ့ရာ ၎င်းသည် စစ်ဆေးခြင်းမပြုခင် ကာလအတွင်း အကျဉ်းချထားခြင်းခံရသော ဒုတိယမြောက်အမေရိကန်တပ်ဖွဲ့ဝင်ဖြစ်သည်။

ဖမ်းဆီးတရားစွဲ

၂၀၀၃ ခုနှစ် ဒီဇင်ဘာလ၌ အမေရိကန်တပ်ကြပ် ဂျယ်ရီအွန်ကင်သည် တောင်ကိုရီးယားအမျိုးသမီးတစ်ဦးကို ကားဖြင့်တိုက်မိသဖြင့် ထိုအမျိုးသမီး သေဆုံးခဲ့ရာတွင် ထွက်ပြေးတိမ်းရှောင်နေမှုဖြင့် ဖမ်းဆီးတရားစွဲဆိုခံရပြီးစီရင်ချက်မချမီအွန်ကင်အားထိန်းသိမ်းရေးစခန်း၌ချုပ်ထားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ဘာဆာရာမြို့၌ ဗြိတိသျှတပ်ဖွဲ့ဝင်များအား ဆာဒါ ထောက်ခံသူ တိုက်ခိုက်ရေးသမားများက ပစ်ခတ်တိုက်ခိုက်နေသည်ကို စက်တင်ဘာ ၁၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံအင်တာနက်)

ဘဂ္ဂဒက်၌ ကားဗုံးပေါက်ကွဲ၍ ကန်သံချပ်ကာယာဉ်မီးလောင် ကန်တပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရပြီး အီရတ်၃၀ခန့်သေဆုံး

ဘဂ္ဂဒက် စက်တင်ဘာ ၁၆

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ ဟိုင်ဖာရပ်ကွက်တွင် တနင်္ဂနွေနေ့က ကားဗုံးပေါက်ကွဲမှုကြောင့် အမေရိကန် သံချပ်ကာယာဉ်တစ်စီးမီးလောင်ကျွမ်းခဲ့ပြီး အမေရိကန်တပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရရှိကာ မြေပြင်မှအရပ်သား ၃၀နီးပါးခန့် သေဆုံးခဲ့ရသည်။

သေဆုံးသူများထဲတွင် ပါလက်စတိုင်းသတင်းထောက်တစ်ဦးလည်း ပါဝင်သည်။မြေပြင်မှအရပ်သားများ သေဆုံးရမှုသည် အမေရိကန်တို့က ဝေဟင်မှနေ၍ ရဟတ်ယာဉ်ပေါ်မှ ပစ်ခတ်ခဲ့ခြင်းကြောင့်ဖြစ်သည်။

အမေရိကန်တို့၏ဝေဟင်မှပစ်ခတ်မှုကြောင့် သေဆုံးရသူများမှာ အရပ်သားများဖြစ်ကြောင်း အမေရိကန်တို့ကဝန်ခံခဲ့သော်လည်း အမေရိကန်တပ်ဖွဲ့ဝင်များ အန္တရာယ်ကျရောက်မှုကြောင့် ယခုကဲ့သို့ ပစ်ခတ်ရသည်ဟု စွဲကိုင်ထားဆဲဖြစ်သည်။မည်သို့ပင်ဖြစ်စေကာမူ အမေရိကန်တို့အား အီရတ်မှ ထွက်ခွာသွားစေလိုနေသည့် အီရတ် နိုင်ငံသားများနှင့် အမေရိကန်တပ်ဖွဲ့တို့အကြား သွေးစွန်းသည့်ဖြစ်ရပ်များသည် အမှတ်ထင်ထင် ကျန်ရှိနေမည်ဖြစ်ကြောင်း သိရသည်။

(စီအင်န်အင်န်)

ပျက်စီး

ဘဂ္ဂဒက်မြို့လယ်၌ ကားဗုံးခွဲ တိုက်ခိုက်မှုဖြစ်ပွားပြီး ပျက်စီးနေသော မော်တော်ယာဉ်များကို စက်တင်ဘာ ၁၇ရက်က တွေ့ရစဉ်။

(ဓာတ်ပုံအင်တာနက်)

အီရတ်ရှိဗြိတိသျှတပ်ဖွဲ့ဝင်များ စစ်လက်နက်ပစ္စည်းမပြည့်စုံမှု ဘေးအန္တရာယ်ပိုမိုကြီးမားဟု ပါလီမန်ကော်မတီပြောကြား

လန်ဒန် စက်တင်ဘာ ၇

အီရတ်တွင်ရှိသော ဗြိတိသျှတပ်ဖွဲ့ဝင်များသည် စစ်လက်နက်ပစ္စည်း ကိရိယာ မပြည့်စုံမှုကြောင့် အသက်ဘေး အန္တရာယ်ပိုကြီးမားသည့်အနေအထား၌ ရှိခဲ့ကြောင်း သြဇာအရှိန်အဝါကြီးမားသည့် ဗြိတိသျှ ပါလီမန်ကော်မတီတစ်ရပ်က ကြာသပတေးနေ့၌ ပြောကြားလိုက်သည်။

စေလွှတ်

ဗြိတိန်နိုင်ငံသည် ၁၉၉၁ ခုနှစ်က ပထမပင်လယ်ကွေ့စစ်ပွဲ၌ စေလွှတ် ခဲ့သောတပ်ဖွဲ့ဝင်ဦးရေ၏ ထက်ဝက်မျှလောက်ကို အီရတ်သို့စေလွှတ်ခဲ့သည်။ သို့ရာတွင် ထောက်ပံ့ဖြည့်တင်းရေးပြဿနာ ရှိခဲ့သည်ဟု ဆိုသည်။

ရှေ့တန်း၌ စစ်လက်နက်ပစ္စည်းမလုံလောက်မှုသည် တပ်ဖွဲ့ဝင်များအတွက် အသက်ဘေး အန္တရာယ်ပိုကြီးမားစေခဲ့သည်ဟုကော်မတီက ကောက်ချက်ချခဲ့ကြောင်း၊တပ်ဖွဲ့ဝင်များသည် သံချပ်ကာအင်္ကျီများ သို့မဟုတ် န္ယူကလီးယား ဇီဝ၊ ဓာတု၊ လက်နက်များရှာဖွေရေးနှင့် ကာကွယ်ရေးပစ္စည်းများ လုံလောက်စွာမရရှိခဲ့ကြောင်း ကော်မတီက ပြောကြားသည်။

မပြည့်စုံ

တပ်ဖွဲ့ဝင်များအနေဖြင့် ၎င်းတို့ကာကွယ်ရေးအတွက် လိုအပ်သောရှာဖွေရေးနှင့် ကာကွယ်ရေးပစ္စည်းကိရိယာများမရှိဘဲ ကြိုတင်လက်ဦးမှုယူသည့် တိုက်ခိုက်မှုမလုပ်သင့်ကြောင်း နိုင်ငံရေးသမားများကပြောကြားသည်။ ရှေ့တန်းတပ်ဖွဲ့များထောက်ပံ့ဖြည့်တင်းရေးပစ္စည်းများ အချိန်မီရရှိရေးတွင် အခက်အခဲများရှိခဲ့ကြောင်း ဗြိတိသျှကာကွယ်ရေးဝန်ကြီးဌာနကဝန်ခံခဲ့ပြီး ဗြိတိသျှအမျိုးသားစာရင်းစစ်ရုံး(အင်အေအို) စောင့်ကြည့်အဖွဲ့ကလွှန်ခဲ့သည့်ဒီဇင်ဘာလ၌ တပ်ဖွဲ့ဝင်များကို စစ်လက်နက်ပစ္စည်းမပြည့်မစုံဖြင့်အီရတ်သို့ စေလွှတ်ခဲ့ကြောင်း အစီရင်ခံဖော်ပြခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**



အီရတ်စစ်ပွဲသည် တရားဥပဒေနှင့်ဆန့်ကျင်ကြောင်း ကိုဖီအာနန်ပြောဆိုချက်

ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ထောက်ခံ

ပါရီ စက်တင်ဘာ ၁၇

အီရတ်အား အမေရိကန်နှင့်အပေါင်းပါတပ်များ ဆင်နွှဲခဲ့သော စစ်ပွဲသည် တရားဥပဒေနှင့်ဆန့်ကျင်သော စစ်ပွဲဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က ဖော်ပြပြောဆိုခဲ့သည်ကို ပြင်သစ်နိုင်ငံက ထောက်ခံလိုက်ပြီး အီရတ်စစ်ပွဲ၌ ပူးပေါင်းပါဝင်ရန် မိမိတို့ငြင်းဆန်ခဲ့ရသည်မှာ ဤသို့ နိုင်ငံတကာဆိုင်ရာဥပဒေနှင့် ဆန့်ကျင်ခြင်းကြောင့်ဖြစ်ကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး မီချယ်ဘာနီယာက ပြောကြားလိုက်သည်။

အီရတ်အား အမေရိကန်နှင့် အပေါင်းပါတပ်များသည် နိုင်ငံတကာဆိုင်ရာ ဥပဒေကိုဆန့်ကျင်ပြီး စစ်ပွဲဆင်နွှဲခဲ့ခြင်းဖြစ်သည့်အတွက် ပြင်သစ်နိုင်ငံက ကန့်ကွက်ခဲ့ခြင်းဖြစ်ကြောင်းကို မိမိတို့ ရှင်းလင်းပြောကြားခဲ့သည်မှာ အသိပင်ဖြစ်ကြောင်း၊ ပြင်သစ်သို့ အလည်ရောက်နေသည့် နယူးဇီလန်နိုင်ငံခြားရေးဝန်ကြီး ဖီလ်ဂေါ့ဖ်နှင့် သောကြာနေ့က ပူးတွဲပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး မီချယ်ဘာနီယာက ပြောကြားခဲ့သည်။

မိမိတို့သည် နိုင်ငံတကာဆိုင်ရာဥပဒေကို အစဉ်အမြဲစဉ်းစားကြောင်း၊ နိုင်ငံတကာဆိုင်ရာ ဥပဒေသည် တစ်စုံတစ်ရာ ဆောင်ရွက်မှုအတွက် အခြေခံမူဘောင်ဖြစ်ကြောင်း၊ အထူးသဖြင့် အကြမ်းဖက်ဆန့်ကျင်ရေး သို့မဟုတ် ကမ္ဘာကြီးတည်ငြိမ်မှုရှိရေးအတွက် အခြေခံမူဘောင်ပင်ဖြစ်ကြောင်း မီချယ်ဘာနီယာက ပြောကြားသည်။

ဘာနီယာ၏ မှတ်ချက်သည် အမေရိကန်နှင့် ဗြိတိသျှတို့ အီရတ်အား ကျူးကျော်တိုက်ခိုက်မှုသည် တရားဥပဒေနှင့် အညီအညွတ်ဖြစ်ခြင်းရှိ မရှိဆိုသော အချေအတင်ဆွေးနွေးပွဲကို မီးလောင်ရာလေပင့်ပေးသကဲ့သို့ ရှိသည်။

စိုးမိုး

ရှေ့သီတင်းပတ်တွင် ကျင်းပမည့် ကုလသမဂ္ဂ၏ (၆၁)ကြိမ်မြောက် အထွေထွေညီလာခံ၌ ကမ္ဘာ့ခေါင်းဆောင်များနှင့် ဝန်ကြီးများ စုဝေးဆွေးနွေးကြသည့်အခါ ထိုအကြောင်းအရာက စိုးမိုးလျက်ရှိသည်။ **(အင်တာနက်)**

နိုင်ငံခြားသားများအားပြန်ပေးဆွဲမှု

အီရတ်၌ ကန်တပ်ဖွဲ့များကို ဆန့်ကျင်သည့် နည်းဗျူဟာဖြစ်

ဘဂ္ဂဒက် စက်တင်ဘာ ၁၇

အီရတ်နိုင်ငံတွင်း၌ ဖြစ်ပေါ်နေသော လက်နက်ကိုင်တိုက်ခိုက်မှုများသည် လုံခြုံရေးမတည်မငြိမ်မှုနှင့် အန္တရာယ်ကြီးထွားမှုကို ပိုမိုဖြစ်ပွားစေခဲ့သည်။ အမေရိကန်နှစ်ဦးနှင့် ဗြိတိန်ကန်ထရိုက်တာတစ်ဦးကို ဘဂ္ဂဒက်မြို့၌ ပြန်ပေးဆွဲမှုဖြစ်ပွားခဲ့ခြင်းသည် အမေရိကန် ဦးဆောင်သော တပ်ဖွဲ့ဝင်များနှင့် အီရတ်ယာယီအစိုးရတို့ကို ဆန့်ကျင်တိုက်ခိုက်နိုင်သည့် ပြောက်ကျားနည်းဗျူဟာ တစ်ရပ်ကို မီးမောင်းထိုးပြသကဲ့သို့ရှိသည်။

သေဆုံး

ပြန်ပေးဆွဲခံရသူများနေထိုင်သော အဆောက်အအုံအား အီရတ်လုံခြုံရေးအဖွဲ့က ကာကွယ်စောင့်ရှောက်ပေးသည်ဟု ယူဆကြသော်လည်း တစ်စုံတစ်ဦးကိုမျှ မတွေ့ရှိကြရကြောင်း ပြန်ပေးဆွဲမှုဖြစ်ပွားပြီးမှ အမေရိကန်တပ်ဖွဲ့များ ရောက်ရှိလာကြောင်း၊ အမေရိကန်တပ်ဖွဲ့၏ လုံခြုံရေးတပ် ဖြန့်ထားမှုသည် အလွန်နည်းပါးပြီး အလှမ်းကွာဝေးကြောင်း သိရသည်။ အမေရိကန်နှင့် ဗြိတိန်သံရုံးများအပြင် အီရတ် ယာယီအစိုးရအဖွဲ့ အဆောက်အအုံများရှိနေသည့် အစိမ်းရောင်နယ်မြေအား ပြောင်းပြောင်တင်းတင်း တိုက်ခိုက်မှုများ ရှိလာပြီး ယင်းနယ်မြေကို မည်သို့ကာကွယ်ပေးနိုင်မည်ဆိုသည်ကိုပင် မေးခွန်းထုတ်စရာဖြစ်လာသည်။ ဤသီတင်း ပတ်အတွင်း ကားဗုံးတိုက်ခိုက်မှုကြောင့် ၄၇ ဦးသေဆုံးပြီး စိန်ပြောင်းနှင့် ပစ်ခတ်တိုက်ခိုက်မှုများနှင့် ပြန်ပေးဆွဲမှုများလည်း ဖြစ်ပွားလာကာ ပြည်တွင်းစစ်ဖြစ်ပွားလာနိုင်ကြောင်း စီအင်န်အင်န်ဌာနက ဖော်ပြသွားသည်။

(စီအင်န်အင်န်)

တာလ်အာဖာမြို့ပြင်ရှိ စစ်ဆေးရေးစခန်းတစ်ခု၌ လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို စက်တင်ဘာ ၁၃ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ရေနံဈေးနှုန်းများ တည်ငြိမ်မှုရှိရေး

ဂျီ-၈နှင့်အိုပက်ကူညီရန်အာဆီယံတိုက်တွန်း

ဖနွမ်းပင် စက်တင်ဘာ ၁၆

အာဆီယံ ပါလီမန်များအဖွဲ့ (အေအိုင်ပီအို)၏ (၂၇)ကြိမ်မြောက် အထွေထွေ ညီလာခံသို့ တက်ရောက်လျက်ရှိသော အာဆီယံဥပဒေပြုအမတ်များက စွမ်းအင် အရင်းအမြစ်များ တစ်ကမ္ဘာလုံး ဖူလုံမှုရှိရေး အာမခံချက် ရှိစေရန် ဂျီ-၈နှင့် ရေနံထုတ်လုပ်ရောင်းချသော နိုင်ငံများ (အိုပက်)က ရေနံဈေးနှုန်းများ မြင့်တက်မှုတည်ငြိမ်ရေးကို ကူညီဆောင်ရွက်ပေးကြရန် ကြာသပတေးနေ့၌တိုက်တွန်းလိုက်ကြသည်။

အနာဂတ်တွင် ရေနံနှင့် ပတ်သက်၍ တုန်လှုပ်ချောက်ချားမှု မဖြစ်စေရန်အတွက် အာဆီယံဒေသဆိုင်ရာ အရန်စွမ်းအင်တစ်ရပ်ကို ထူထောင်သွားရန်လည်း အစည်းအဝေးက အဆိုပြုလိုက်သည်။

အလားအလာရှိ

အစည်းအဝေးက ထုတ်ပြန်သော ပူးတွဲကြေညာချက်တွင် စွမ်းအင်ဖူလုံမှု ပိုမိုအရေးကြီးလာနေကြောင်းနှင့် စွမ်းအင်အကျပ်အတည်းဖြစ်လာရန် အလားအလာရှိကြောင်း၊ အာဆီယံဥပဒေပြုအမတ်များက အသိအမှတ်ပြု လက်ခံခဲ့ကြသည်။ ထို့အပြင် အာဆီယံဥပဒေပြုအမတ်များက စွမ်းအင်ဖူလုံရေးကို အလေးထားဆောင်ရွက်ပြီး သင့်လျော်သော လုပ်ငန်းများ ဆောင်ရွက်ရန်လည်း ဂျီ-၈အုပ်စုကို တိုက်တွန်းခဲ့သည်။ ၎င်းတို့က ရေနံဈေးနှုန်းများ တည်ငြိမ်ရေးအတွက် ဆောင်ရွက်ရာတွင် ဂျီ-၈နှင့်အိုပက်သည် အရေးကြီးသောကဏ္ဍ ဖြစ်ကြောင်း ပြောဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ

အာဆီယံအဖွဲ့ဝင်သစ်များ လယ်ယာထုတ်ကုန်တိုးတက်ရေး

ဖွံ့ဖြိုးပြီး အာဆီယံနိုင်ငံများ ကူညီကြရန်တိုက်တွန်း

ဖနွမ်းပင် စက်တင်ဘာ ၁၇

အာဆီယံအဖွဲ့ဝင်သစ်များ၏ စိုက်ပျိုးရေး ကုန်ထုတ်လုပ်မှုတိုးတက်ရေး အထောက်အကူပေးရန် အာဆီယံပါလီမန်များအဖွဲ့(အေအိုင်ပီအို)၏ (၂၇)ကြိမ်မြောက် အထွေထွေညီလာခံသို့ တက်ရောက်နေသော အာဆီယံဥပဒေပြုအမတ်များက ဖွံ့ဖြိုးပြီး အာဆီယံနိုင်ငံများအား ကြာသပတေးနေ့၌ တိုက်တွန်းလိုက်ကြသည်။

ဖော်ပြ

အာဆီယံအဖွဲ့ဝင်သစ်များ၏ လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်စေရန် သိပ္ပံပညာပူးပေါင်းဆောင်ရွက်မှုနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုတို့အပြင် စိုက်ပျိုးရေးကုန်ထုတ်လုပ်မှု၏ ခေတ်မီနည်းစနစ်များနှင့်အတူ အသိပညာ ပိုမိုဖလှယ်ပေးခြင်းတို့ဖြင့် ချမ်းသာသော အာဆီယံဝင်နိုင်ငံများက ကူညီကြရန် ပူးတွဲကြေညာချက်တွင် ဖော်ပြထားသည်။

အဆိုပါပူးတွဲကြေညာချက်ကို အေအိုင်ပီအို၏ အထူးလေ့လာရေး ကိုယ်စားလှယ်အကြီးအကဲများလည်း လက်မှတ်ရေးထိုးခဲ့ကြသည်။

တက်ရောက်

ထို့ပြင် အာဆီယံနှင့်မသက်ဆိုင်သော တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယားအပါအဝင် ဥပဒေပြုအမတ်အချို့လည်း တက်ရောက်ခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်-အာဆီယံ ကုန်စည်ပြပွဲ စေတနာ့ဝန်ထမ်း ၆၀၀၀၀ ကူညီကြမည်

နန်နင်း စက်တင်ဘာ ၁၃

တရုတ်နိုင်ငံ အနောက်တောင်ပိုင်းရှိ ကွမ်စီကျောင်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ၏မြို့တော် နန်နင်းတွင် နိုဝင်ဘာ၃ရက်မှ ၆ရက်အထိ ကျင်းပမည့် တရုတ်-အာဆီယံကုန်စည်ပြပွဲ၌ စေတနာ့ဝန်ထမ်း ၆၀၀၀၀ခန့် ပါဝင်ကူညီလုပ်ကိုင်ပေးကြမည်ဖြစ်သည်။

စေတနာ့ဝန်ထမ်းလုပ်အားပေး အများစုမှာ နန်နင်းကောလိပ်ကျောင်းသား ကျောင်းသူများထဲမှ ရွေးချယ်ထားသူများနှင့် အရပ်သားများဖြစ်ကြပြီး ၎င်းတို့အနက် အချို့မှာ အာဆီယံနိုင်ငံများမှ ပင်လယ်ရပ်ခြား ကျောင်းသူ၊ ကျောင်းသားများ ဖြစ်ကြသည်။ ၎င်းတို့သည် တရုတ်လူမျိုးစေတနာ့ဝန်ထမ်း လုပ်အားပေးများကို နိုင်ငံခြားဘာသာစကားနှင့် ယဉ်ကျေးမှုကို စတင်သင်ကြားပေးခဲ့ကြကြောင်း နန်နင်းမြို့တော်ကော်မတီ အတွင်းရေးမှူးအဖွဲ့က နန်နင်း၌ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။ စေတနာ့ဝန်ထမ်းလုပ်အားပေး ၁၀၀၀ခန့်က အာဆီယံနိုင်ငံများမှ လာရောက်ကြမည့် ဧည့်သည်တော်များအား စကားပြန်များအဖြစ် အကူအညီပေးကြမည်ဖြစ်သည်။ စကားပြန်များအပြင် စေတနာ့ဝန်ထမ်းများက ဆောင်ရွက်ကြမည့်ပြင် သန့်ရှင်းရေး၊ ပို့ဆောင်ရေး၊ ခရီးသွားလုပ်ငန်း၊ ဆက်သွယ်ရေးနှင့် ဈေးဝယ်ခြင်းကဲ့သို့ နယ်ပယ်အမျိုးမျိုးတွင် ကုန်စည်ပြပွဲကို အထောက်အကူ ပေးကြမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

ပရီယာ့စ်မော်ဒယ်ကား

ဂျပန် တိုယိုတာကားကုမ္ပဏီမှ ထုတ်လုပ်သော ပရီယာ့စ်မော်ဒယ်ကားများကို အလုပ်သမားများက နောက်ဆုံးအဆင့် စစ်ဆေးမှုများ လုပ်ဆောင်နေစဉ်။
(ယင်းကားထုတ်လုပ်ရေးလုပ်ငန်းကို လာမည့်နှစ်တွင် အဆိုပါကုမ္ပဏီက တရုတ်နိုင်ငံရှိ ဖောအုပ်စုကော်ပိုရေးရှင်းနှင့် ဖက်စပ်ပရီယာ့စ်ကားများ ထုတ်လုပ်သွားမည်ဟုသိရသည်။) (ဓာတ်ပုံ-အင်တာနက်)

ဆုချီးမြှင့်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ၂၀၀၃–၂၀၀၄ ပညာသင်နှစ် နတ်မောက်မြို့ အခြေခံပညာ အထက်တန်းကျောင်းများနှင့် ကျောင်းခွဲများမှ တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့် အောင်မြင်ကြသော ကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

နတ်မောက်မြို့တွင် ပညာရည်ချွန်ဆုပေးအပ်ချီးမြှင့်ပွဲအခမ်းအနားကျင်းပ ဝန်ကြီးဦးအောင်သောင်းထူးချွန်ကျောင်းသားများအားဂုဏ်ပြုဆုချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၁၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းသည် ယမန်နေ့ နံနက်၉နာရီခွဲတွင် မကွေးတိုင်း နတ်မောက်မြို့ ဒီပင်္ကရာကျောင်းသို့ရောက်ရှိပြီး ဆရာတော် ဦးဥတ္တရနှင့် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

တက်ရောက်

ထိုမှတစ်ဆင့် ဝန်ကြီး ဦးအောင်သောင်းသည် နံနက် ၁၀ နာရီတွင် နတ်မောက်မြို့ ပြည်သူ့ခန်းမ၌ ကျင်းပသော ၂၀၀၃–၂၀၀၄ ပညာသင်နှစ် နတ်မောက်မြို့ အခြေခံပညာအထက်တန်းကျောင်းများနှင့် ကျောင်းခွဲများမှ တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးများဖြင့် အောင်မြင်ကြသော ကျောင်းသားကျောင်းသူများအား ဆဋ္ဌမအကြိမ် ပညာရည်ချွန်ဆု ပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက်ဝန်ကြီးဦးအောင်သောင်းသည် ၂၀၀၃–၂၀၀၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ငါးဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်သော ထူးချွန်ကျောင်းသား မောင်ကျော်လွင်ဦး၊ လေးဘာသာ ဂုဏ်ထူးရှင်များဖြစ်ကြသော မအေးသီတာခိုင်၊ မောင်မြင့်စိုး၊ မောင်မင်းသူစိုးနှင့် မမြင့်မြင့်စန်း၊ သုံးဘာသာ ဂုဏ်ထူးရှင် မောင်ဝေယံမျိုးမင်းတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ နှစ်ဘာသာဂုဏ်ထူးရှင် ကိုးဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၇ ဦးတို့အား မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ဦး၊ နတ်မောက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဟန်မောင်နှင့် မကွေးတိုင်း ပညာရေးဦးစီးဌာနမှ လက်ထောက်တိုင်း ပညာရေးမှူး ဦးစိုးနိုင်တို့က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဝန်ကြီး ဦးအောင်သောင်းက ၂၀၀၃–၂၀၀၄ ပညာသင်နှစ် အောင်ချက်အကောင်းဆုံးကျောင်းဆုဖြစ်သည့် သမှုန်းကုန်းတွဲဖက်အခြေခံပညာအထက်တန်းကျောင်းနှင့် ဂုဏ်ထူးများရရှိအောင် သင်ကြားပေးသည့် ဆရာ ဆရာမ ၂၄ ဦးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဝန်ကြီး ဦးအောင်သောင်းက နတ်မောက်မြို့ အခြေခံပညာအထက်တန်းကျောင်းနှင့်အခြေခံပညာ အထက်တန်းကျောင်းခွဲများအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်သောင်းသည် မွန်းလွဲပိုင်းတွင် နတ်မောက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ နတ်မောက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ အသင်းစည်းရုံးရေးမှူးများ၊ မြို့သစ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များနှင့် တွေ့ဆုံသည်။

မှာကြား

ရေးဦးစွာ နတ်မောက်မြို့နယ်နှင့် မြို့သစ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများက စည်းရုံးရေးဆိုင်ရာ ကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးကိစ္စများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ အတွင်းရေးမှူး ဦးအောင်သောင်းက လိုအပ်ချက်များကို ဖြည့်ဆည်းပေးပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ် ငါးရပ်ကို ဆက်လက် ဆောင်ရွက်သွားရေး၊ ကျေးလက်ဒေသ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာရန် ဆောင်ရွက်ရေး မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီး ဦးအောင်သောင်းသည် နတ်မောက်မြို့ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)သို့ ရောက်ရှိပြီး ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ လိုအပ်ချက်များကို ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အပြည်ပြည်ဆိုင်ရာဆန်စပါးနှစ်(၂၀၀၄) ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၈

အပြည်ပြည်ဆိုင်ရာဆန်စပါးနှစ် (၂၀၀၄) စာပေပြိုင်ပွဲနှင့် ဆွေးနွေးပွဲ ကျင်းပရေးဆပ်ကော်မတီက ကြီးမှူး၍ ပြည်နယ်နှင့် တိုင်းအဆင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများကို ကျင်းပလျက်ရှိရာ ရန်ကုန်တိုင်းပြိုင်ပွဲကို စက်တင်ဘာ ၈ရက် နံနက်ပိုင်းက အမှတ်(၃) အခြေခံပညာဦးစီးဌာန၌ ကျင်းပသည်။

ပြိုင်ပွဲတွင် အမှတ်(၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များနှင့် အကဲဖြတ်အဖွဲ့ဝင်များက ကြီးကြပ်ဆောင်ရွက်ပေးကြပြီး မြို့နယ်ပေါင်းစုံမှ ကိုယ်စားပြု ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ဖြေဆိုကြသည်။

ရေးဖြေစာမေးပွဲကျင်းပပြီး ပဏာမ ၁၀ ဦးကို ရွေးချယ်ကာ မွန်းလွဲပိုင်းတွင် ဉာဏ်စမ်းပဟေဠိ နှုတ်ဖြေဖြေဆိုပွဲကိုကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းနှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များက အကဲဖြတ်ပေးကြသည်။

ရွေးချယ်

ပြိုင်ပွဲတွင် စုစုပေါင်းရမှတ်(၅၀)ဖြင့် မမေမြတ်သူ (အထက–၁၊ လှိုင်)က ပထမ၊ ရမှတ် (၃၇)မှတ်ဖြင့် မမေသွယ်ထွန်း (အထက–၂၊ လမ်းမတော်)က ဒုတိယ၊ ရမှတ် (၂၇)မှတ်စီဖြင့် မသန္တာဝင်း (ဒေါပုံ၊ အလက)နှင့် မနွေဦးမွန် (အလက–၃၊ စမ်းချောင်း) တို့က ပူးတွဲတတိယအသီးသီးရရှိကြပြီး ရန်ကုန်တိုင်းကိုယ်စားပြုယှဉ်ပြိုင်ရန် မမေမြတ်သူ (အထက–၁၊ လှိုင်) ရွေးချယ်ခံရကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံကွန်ပျူတာလုံခြုံရေးကြီးကြပ်ရေးကော်မတီဖွဲ့စည်းဆောင်ရွက်လျက်ရှိ

ရန်ကုန် စက်တင်ဘာ ၁၈

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနက ကွန်ပျူတာ လုံခြုံရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာ လုံခြုံရေးလုပ်ငန်း ကြီးကြပ်ရေးကော်မတီ Myanmar Computer Emergency Response Team (mm CERT)ကို ၂၀၀၄ခုနှစ် ဇူလိုင်၂၃ရက်တွင် ဖွဲ့စည်းထားပြီးဖြစ်သည်။

မြန်မာနိုင်ငံ ကွန်ပျူတာလုံခြုံရေးလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် အင်တာနက်သုံးစွဲသူများကို ကွန်ပျူတာ Security နှင့်ပတ်သက်၍ ပညာပေးရန်နှင့် အချိန်နှင့်တစ်ပြေးညီ သတင်းဖြန့်ချိရန်၊ အင်တာနက်သုံးစွဲသူများထံမှ Virus နှင့် Hacking Incident များ ဖြစ်ပေါ်နေကြောင်း သတင်းပေးပို့ခြင်းများကို လက်ခံ၍ အထိရောက်ဆုံးနှင့် အမြန်ဆုံး ကူညီဖြေရှင်းပေးရန်၊ လက်ရှိဖြစ်ပေါ်နေသည့်၊ သို့မဟုတ် ဖြစ်ပေါ်လာနိုင်သည့် Security Attack များအား ကာကွယ်ရန် နည်းလမ်းများကို အချိန်နှင့်တစ်ပြေးညီ သုံးစွဲသူများအား ဖြန့်ဝေရန်နှင့် နိုင်ငံတကာမှ CERT အဖွဲ့အစည်းများနှင့်ဆက်သွယ်၍ ပူးပေါင်းဆောင်ရွက်ရန်တို့ကို ဆောင်ရွက်လျက်ရှိသည်။

ဆောင်ရွက်နိုင်

Myanmar Computer Emergency Response Team (mm CERT)၏ Website ကို www. mmcert .org. mm အမည်ဖြင့် အင်တာနက်ပေါ်တွင် လွှင့်တင်ထားရှိပြီးဖြစ်သည်။ အဆိုပါ mm CERT Website တွင် အင်တာနက်သုံးစွဲသူများအတွက် နောက်ဆုံးထွက်ပေါ်နေသော Virus များနှင့် အများဆုံး ဝင်ရောက်လျက်ရှိသော Virus များ၏ သတင်းများကို အသိပေးဖော်ပြထားပြီး Virus အမည်များမှတစ်ဆင့် သက်ဆိုင်ရာ Virus removal tool ရှိရာ Website သို့ ချိတ်ဆက်၍ Virus removal tools များကို အလွယ်တကူ download ပြုလုပ်နိုင်စေရန် လမ်းညွှန်မှုများ ပေးထားသဖြင့် ကွန်ပျူတာ သုံးစွဲသူများအနေဖြင့် Virus များ ဝင်ရောက်ခြင်းမှ ကာကွယ်ရန်နှင့် ဝင်ရောက်ပြီး Virus များကို ရှင်းလင်းရန်တို့ကို ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ကွန်ပျူတာလုံခြုံရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

မင်္ဂလာဒုံမြို့နယ် ကြံခင်းစု အသံလွှင့်ရုံလမ်း အမှတ် ၈နေ ဒေါက်တာ ဦးမောင် (ဒေါ်ရှင်မေ) မိသားစုတို့က ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းနှစ်သောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသောင်းထွင်ဋ္ဌထံ ပေးအပ်လှူဒါန်းစဉ်။

(က–ပ)

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်း စက်ရုံများကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် စက်တင်ဘာ ၁၈

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သိန်းထွန်းသည် မြန်မာ့စားသောက်ကုန်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒုတိယဗိုလ်မှူးကြီး စိုးလှိုင်လိုက်ပါ၍ စက်တင်ဘာ ၁၅ ရက်တွင် ဇေယျဝတီ သကြားစက်ရုံသို့ရောက်ရှိပြီး စက်ရုံ အစည်းအဝေး ခန်းမဆောင်၌ တာဝန်ရှိသူများ၊ ကြံတောင်သူများနှင့်တွေ့ဆုံ၍ ကုန်ကြမ်း ကြံဝယ်ယူရရှိနိုင်မှု အခြေအနေများကို ညှိနှိုင်းဆောင်ရွက်ပေးပြီး ၂၀၀၄–၂၀၀၅ ခုနှစ် ကြံရာသီချိန်တွင် စက်ပြုပြင်မွမ်းမံမှု အခြေအနေကို ကြိုတင်ပြီးစီးအောင် ဆောင်ရွက်ထားကြရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စက်ရုံနယ်မြေအတွင်း အထူးအထွက် တိုးစိုက်ပျိုးထားသော ကြံများကိုလည်းကောင်း၊စက်ရုံနှင့်အရည်အသွေးစစ်ဆေးရေးဓာတ်ခွဲစမ်းသပ်ခန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကိုဆောင်ရွက်ပေးသည်။

ဒုတိယဝန်ကြီးသည်စက်တင်ဘာ ၁၆ရက်တွင် ဇေယျဝတီ အမှတ်(၂) အရက်ချက်စက်ရုံသို့ ရောက်ရှိ၍ ကုန်ထုတ်လုပ်မှု အခြေအနေ၊ ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လုပ်ရေးဌာန၏ စက်ပစ္စည်းများ အခြေအနေနှင့် နှစ်ချို့အရည်စည်များ စနစ်တကျသိုလှောင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် တောင်ငူမြို့ရှိ ဝင်းသူဇာအရောင်းဆိုင်ခွဲနှင့် ရိုးမရေခဲစက်၏ စက်ပစ္စည်းများ အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ဒိုက်ဦးကော်မှုန့်စက်ရုံ၏ ပီလောပီနံ စံပြစိုက်ကွင်းကို ကြည့်ရှုစစ်ဆေးပြီး အခြားစိုက်ကွင်းများကိုလည်း စံပြစိုက်ကွင်းကဲ့သို့အောင်မြင်ဖြစ်ထွန်းအောင် ကြိုးစားလုပ်ကိုင်ကြရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဒိုက်ဦးကော်မှုန့်စက်ရုံ ဂလူးကိုးစ်ထုတ်လုပ်မှုဌာနကို ကြည့်ရှုစစ်ဆေးပြီး ကုန်ထုတ်လုပ်မှု လျာထားချက် ပြည့်မီကျော်လွန်အောင် ထုတ်လုပ်သွားရန် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



အာရှဗိုရမ်သို့ တက်ရောက်ရန်ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၁၈

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင်ကျင်းပသည့် Asian Credit Union Forum သို့တက်ရောက်ရန် မြန်မာနိုင်ငံ သမဝါယမဝန်ကြီးဌာန လက်အောက်ရှိ ငွေကြေးသမဝါယမ အသင်းစုချုပ်ဥက္ကဋ္ဌ ဦးစိုးဝင်းဦးနှင့် သမဝါယမဘဏ် ဒါရိုက်တာ ဦးကျော်လင်းတို့သည် စက်တင်ဘာ၁၅ရက်က လေကြောင်းဖြင့် မြန်မာနိုင်ငံမှ ထွက်ခွာသွားကြသည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့ကို သမဝါယမဘဏ် ဒုတိယဥက္ကဋ္ဌ အမှုဆောင်အရာရှိချုပ် ဦးခင်မောင်အေးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လိုက်ပါပို့ဆောင် နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ချောက်မြို့ မြန်မာ့စီးပွားရေးဘဏ် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားတွင် မြန်မာ့စီးပွားရေးဘဏ် ချောက်မြို့ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ချောက်မြို့မြန်မာ့စီးပွားရေးဘဏ်သစ်ဖွင့်ပွဲတက်ရောက် ဘဏ်ဝန်ထမ်းများလုပ်ငန်းအောင်မြင်ရေးကြိုးပမ်းရန်မှာကြား

ရန်ကုန် စက်တင်ဘာ ၁၈

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ချောက်မြို့ မြန်မာ့စီးပွားရေးဘဏ်အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီတွင် မကွေးတိုင်း မကွေးခရိုင် ချောက်မြို့ရှိ အဆိုပါ မြန်မာ့စီးပွားရေးဘဏ် အဆောက်အအုံသစ်ရှေ့၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တက်ရောက်ပြီး မြန်မာ့စီးပွားရေးဘဏ်ချောက်မြို့ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

အဆိုပါဘဏ် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်မောင်တင့်နှင့် တပ်မတော်အရာရှိကြီးများ၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးဆန်းထွန်းနှင့် တာဝန်ရှိသူများ၊ မကွေးခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘင်ခရာနှင့်ပန်းဖွားအကအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ အင်အား ၁၅၀၀ ကျော် တက်ရောက်ကြသည်။

အခမ်းအနားတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားရာ၌ မြန်မာ့စီးပွားရေးဘဏ်ကို ရုံးချုပ်ဌာနခုနစ်ခု၊ ပြည်နယ်/တိုင်းရုံး ၁၃ခုနှင့် ခရိုင်ဘဏ်ခွဲ၊ မြို့နယ် ဘဏ်ခွဲ စုစုပေါင်း ၃၅၄ ခုဖြင့် လုပ်ငန်းများ ဆောင်ရွက် ပေးလျက်ရှိကြောင်း၊ ငွေကြေးနှင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုကို ဆောင်ရွက်ပေးနေသည့် မြန်မာ့စီးပွားရေးဘဏ်၏ ဘဏ်လုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန်နှင့် ဘဏ်များ၏ ရေရှည်လုပ်ငန်း တိုးတက်စေရန်အတွက် နိုင်ငံတော်ကလိုအပ်သော အခြေခံ အဆောက်အအုံများကို ထူထောင်ပေးလျက်ရှိကြောင်း။

ယခုအခါ ချောက်မြို့၌ ငွေကျပ် ၆၈၅ ဒသမ ၂ သိန်းအကုန်အကျခံပြီး အလျားပေ ၇၀၊ အနံပေ ၃၀ ရှိ သံကူကွန်ကရစ် နှစ်ထပ်ဘဏ် အဆောက်အအုံသစ်တစ်ခု တင့်တယ်စွာပေါ်ထွန်းလာခြင်းသည် နိုင်ငံတော်အစိုးရ၏ ပြည်သူများအပေါ် ထားရှိသည့် စေတနာကို ထင်ရှားစေကြောင်း၊ ဒေသခံပြည်သူများက မိမိတို့၏ ငွေကြေးကိစ္စများကို ဘဏ်နှင့်ဆက်သွယ် ဆောင်ရွက်ခြင်းဖြင့် ဘဏ်လုပ်ငန်းကဏ္ဍ တိုးတက်စေမှာဖြစ်ကြောင်း၊ ဘဏ်ဝန်ထမ်းများကလည်း ဝန်ဆောင်မှုလုပ်ငန်းများ အောင်မြင်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းက အမှာစကားပြောကြားသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မြန်မာ့စီးပွားရေးဘဏ် ချောက်မြို့ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးဆန်းထွန်းနှင့် မကွေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁)ဦးကျော်ငွေတို့က ဘဏ် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဘဏ်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်နိုင်

ချောက်မြို့ မြန်မာ့စီးပွားရေးဘဏ်ကို အမှတ်(၁၅)ရပ်ကွက်၌ ဆောက်လုပ်ဖွင့်လှစ်ခြင်းဖြစ်ပြီး ပြည်သူအများ အဆင်ပြေချောမွေ့စွာ ဘဏ်နှင့် ဆက်သွယ် ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရေဝတီတိုင်းအတွင်း ဆက်သွယ်ရေးစခန်းများ ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော် ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၈

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်း အသုတ်မြို့သို့ရောက်ရှိပြီး အသုတ်မြို့ တယ်လီဖုန်းစခန်းကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် ရေကြည်မြို့နှင့် ကျုံပျော်မြို့တို့သို့ ရောက်ရှိပြီး ရေကြည် တယ်လီဖုန်းစခန်း၊ ကျုံပျော် တယ်လီဖုန်းစခန်းနှင့် ကျုံပျော်စာပို့တိုက် ဆက်သွယ်ရေးစခန်းတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ကျောင်းကုန်းမြို့သို့ရောက်ရှိပြီး တယ်လီဖုန်းစခန်းကို ကြည့်ရှုစစ်ဆေးကာ အော်တို တယ်လီဖုန်းစနစ် တပ်ဆင်နိုင်ရေး မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သက်ကြီးရွယ်အိုများနေ့အထိမ်းအမှတ် ငွေပဒေသာပင်နှင့်ဆေးဝါးများလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၈

၂၀၀၄ ခုနှစ် အောက်တိုဘာလရက်တွင်ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် ငွေပဒေသာပင်နှင့် ဆေးဝါးများ လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ ရွှေသံလွင် ဘိုးဘွားရိပ်သာ၌ကျင်းပသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ကျင်းပရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဘိုးသန်းက အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ကျင်းပရခြင်း၊ ငွေပဒေသာပင်နှင့် ဆေးဝါးများလှူဒါန်းရခြင်းတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကော်မတီ၏ လှူဒါန်းငွေကျပ် နှစ်သိန်းကို ရွှေသံလွင်ဘိုးဘွားရိပ်သာ စီမံခန့်ခွဲရေးအဖွဲ့ အမှုဆောင်ကော်မတီဥက္ကဋ္ဌ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးအောင်ဝင်းအား ပေးအပ်လှူဒါန်းသည်။ **(အောက်ပုံ)**

ထို့နောက် အလှူရှင်များကလှူဒါန်းထားသော ဆေးဝါးများကို အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းထွဋ်ဦးက ရွှေသံလွင်ဘိုးဘွားရိပ်သာ စီမံခန့်ခွဲရေးအဖွဲ့ အမှုဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်ထွန်းအား ပေးအပ်လှူဒါန်းပြီး အမှုဆောင်ကော်မတီဥက္ကဋ္ဌ ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးအောင်ဝင်းက ကျေးဇူးတင်စကားပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပရေး လုပ်ငန်းကော်မတီဝင်များသည် ရွှေသံလွင်ဘိုးဘွားရိပ်သာမှ အဘိုး၊ အဘွားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

စက်မောင်းဆီ ချွေတာဖို့ သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့

* မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုးသုံးစွဲနိုင်သည်။
* သဘာဝဓာတ်ငွေ့ သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။
* ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။
* သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင် သန့်ရှင်းမှုကို အထောက်အကူပြုသည်။
* အလုံအလောက် သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။

ထစ်ချုန်းမိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မှတ်သားဖွယ်ရာ မိုးရေချိန်

၁၇–၉–၂၀၀၄

ရေးမြို့
၂ ဒသမ ၈၄ လက်မ

ပုသိမ်မြို့
၁ ဒသမ ၆၀ လက်မ

ချောက်မြို့
၁ ဒသမ ၅၇ လက်မ

ကန့်ဘလူမြို့
၁ ဒသမ ၅၄ လက်မ

ပြည်မြို့
၁ ဒသမ ၅၄ လက်မ

မြောက်ဥက္ကလာပ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အခြေခံစည်းရုံးရေးသင်တန်းများဆင်းပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၈

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ် (၁၉၊၂၀၊၂၁) ဆင်းပွဲအခမ်းအနားကို စက်တင်ဘာ ၁၇ ရက်က မြို့နယ်အသင်းရုံးခန်းမ၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်မြေတာဝန်ခံ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေတက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

အခမ်းအနားတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် အထည်ချုပ်စက်ရုံအမှတ်(၁၇)တို့မှ အသင်းဝင်အဆိုပြုလွှာများကိုပေးအပ်ရာ ဗဟိုအလုပ်အမှုဆောင်နယ်မြေတာဝန်ခံ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ လက်ခံရယူသည်။

ဆက်လက်၍ သင်တန်းများတွင် ထူးချွန်ဆုရရှိသူများကို ဗဟိုအလုပ်အမှုဆောင်နယ်မြေတာဝန်ခံ ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ ရန်ကုန်တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသာဝင်း၊ အရှေ့ပိုင်းခရိုင်အသင်းအတွင်းရေးမှူး ဦးတင်အောင်တို့က ထူးချွန်ဆုများအသီးသီး ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းလက်မှတ်များကို ခရိုင်အသင်းအလုပ်အမှုဆောင် ဦးကိုကိုလတ်နှင့် မြို့နယ်အသင်းအတွင်းရေးမှူး ဦးကျော်ကျော်စိုးတို့က သင်တန်းသားများအား ပေးအပ်ခဲ့သည်။ **(ပြည်ထဲရေး)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း တောင်ကုတ်တပ်နယ်ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ပန်းတောင်း–တောင်ကုတ်လမ်း ကုန်စည်ဖြန့်ဖြူးမှုနှင့်လမ်းပန်းဆက်သွယ်မှုအဓိကကျရာသီမရွေးသွားလာနိုင်ရေး တာဝန်ရှိသူများမျက်ခြည်မပြတ်ပြုပြင်ထိန်းသိမ်း

ရန်ကုန် စက်တင်ဘာ ၁၈

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် စက်တင်ဘာ ၁၅ ရက်နံနက်တွင် မော်တော်ယာဉ်များဖြင့် ပြည်မြို့မှ ဥသျှစ်ပင်မြို့သို့ ရောက်ရှိကြသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ဦးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ပန်းတောင်း–တောင်ကုတ်ကားလမ်း ၁၀၂ မိုင် ၂ ဖာလုံအနက် ၅၉ မိုင်အတွင်းရှိ လမ်းတိုးတက်ပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် လမ်းပိုင်းအခြေအနေများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးသည်။

ဖြည့်စွက်တင်ပြ

ထို့နောက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် တောင်ကုတ်မြို့နယ် မြယာရှိ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း လမ်းအထူးအဖွဲ့ အမှတ်(၈)စီမံကိန်း လုပ်ငန်းခွင်ရုံးသို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ ပြည်ခရိုင် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစောရော်နယ်ဝင်းက ပန်းတောင်း–တောင်ကုတ်လမ်း မိုင်တိုင်အမှတ် (၅၉)မိုင်အတွင်း လမ်းပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဘေလီတံတား အမှတ်(၃)နှင့် ဘေလီတံတား အမှတ်(၉)တို့ကို ပေ ၃၀ နှင့် ပေ ၂၀ ရှိ ကွန်ကရစ်တံတားများအဖြစ် တည်ဆောက်ရန် ဆောင်ရွက်နေမှုနှင့် လမ်းပိုင်းတိုးတက် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းအတွက် ပစ္စည်းစုဆောင်းထားရှိမှုတို့ကိုလည်းကောင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းအထူးအဖွဲ့(၈)မှ အင်ဂျင်နီယာမှူး ဦးအောင်ဌေးက ပန်းတောင်း–တောင်ကုတ်ကားလမ်း မိုင်တိုင်အမှတ် ၄၃ မိုင် ၂ ဖာလုံအတွင်း မိုးတွင်းကာလ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်နေမှု၊ လမ်းပေါက်ဖာခြင်း၊ ရေပိတ်လွှာတင်ခြင်း၊ ရေပိတ်လွှာလောင်းခြင်း အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ အင်ဂျင်နီယာချုပ် ဦးထွန်းပေါ်၊ ပဲခူးတိုင်း အင်ဂျင်နီယာမှူးကြီး ဦးတင်ထွဋ်နှင့် ရခိုင်ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးသိန်းကျော်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးမှာကြား

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ရခိုင်ပြည်နယ်သို့ ဝင်ရောက်ရာ လမ်းသုံးသွယ်အနက် ပန်းတောင်း–တောင်ကုတ်လမ်းသည် လမ်းပန်းဆက်သွယ်မှု၊ ကုန်စည်ဖြန့်ဖြူးမှုတို့တွင် အဓိကကျသော လမ်းတစ်သွယ်ဖြစ်၍ ရာသီမရွေးသွားလာနိုင်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် မျက်ခြည်မပြတ်ပြုပြင်ထိန်းသိမ်းရေး၊ မိုးတွင်းကာလအတွင်း ချောင်းကျောက်များ ခင်းကျင်းရေး၊ လမ်းဘေးရေမြောင်းများ ဖောက်လုပ်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး၊ တောင်ကုတ်တပ်နယ်မှ ဗိုလ်မှူးကြီးမြင့်စိုးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ပန်းတောင်း–တောင်ကုတ် ကားလမ်း မိုင်တိုင်အမှတ် ၄၃ မိုင် ၂ ဖာလုံအတွင်းရှိ လမ်းတိုးတက်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် လမ်းပိုင်းအခြေအနေများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် တောင်ကုတ်မြို့သို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် တောင်ကုတ်တပ်နယ်ရှိ နယ်မြေခံတပ်ရင်းသို့ရောက်ရှိပြီး အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များ၏ ပညာရေး၊ကျန်းမာရေး၊ လူမှုရေး၊ သက်သာချောင်ချိရေးတို့နှင့်စပ်လျဉ်း၍ တာဝန်ရှိသူအဆင့်ဆင့်က ဖြည့်ဆည်းဆောင်ရွက်ပေးရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တစ်ပိုင်တစ်နိုင် ဆောင်ရွက်ကြရေးတို့ကို ဆွေးနွေးမှာကြားသည်။ **(သတင်းစဉ်)**

ကိုရီးယားသတင်းပြန်ကြားရေးဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့ ရွှေတိဂုံစေတီတော်ဖူးမြော်ကြည်ညို မူးယစ်ပြတိုက်လေ့လာ

ရန်ကုန် စက်တင်ဘာ ၁၈

အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား သတင်းပြန်ကြားရေးဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန်လေ့လာရေးအစီအစဉ်အရ ရန်ကုန်မြို့တွင် လေ့လာရေးခရီးရောက်ရှိနေသော ကိုရီးယားသမ္မတနိုင်ငံ The Kyung Hyang Daily News မှ Journalist, Mr. Kim Jin Ho ခေါင်းဆောင်သော အဖွဲ့ဝင် ၁၂ ဦး ပါဝင်သည့် သတင်းပြန်ကြားရေးဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံရုံးမှ သံမှူး Mr. Park Joon-yongနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တွင်းသို့ လှည့်လည် ကြည့်ရှုလေ့လာကြသည်။

ရှင်းလင်းပြသ

ရှေးဦးစွာ ကိုရီးယားသမ္မတနိုင်ငံ သတင်းပြန်ကြားရေးဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့သည် နံနက် ၇ နာရီခွဲတွင် ရွှေတိဂုံစေတီတော်ကို သွားရောက်ဖူးမြော်ကြည်ညိုကြရာ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက ကြိုဆိုကြပြီး စေတီတော်သမိုင်းနှင့် သာသနိက အဆောက်အအုံများအကြောင်းကို ရှင်းလင်းပြသကြသည်။

ထို့နောက် ကိုရီးယားသမ္မတနိုင်ငံ သတင်းပြန်ကြားရေးဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံစေတီတော်အတွက် အလှူငွေများလှူဒါန်းကြပြီး ဧည့်သည်တော်မှတ်တမ်း စာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် ကိုရီးယားသမ္မတနိုင်ငံ သတင်းပြန်ကြားရေးဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံစေတီတော်ကို လက်ယာရစ်လှည့်လည် ဖူးမြော်ကြည်ညိုကြပြီး စေတီတော်ရင်ပြင်ရှိ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်နှင့်စေတီတော်များ၊ သာယာဝတီမင်း ခေါင်းလောင်းတော်နှင့် သက္ကရာဇ် ၁၈၇၁ ခုနှစ်တွင် မင်းတုန်းမင်းတရားကြီး တင်လှူခဲ့သော မူလထီးတော်ဟောင်း စေတီအပါအဝင် သာသနိက အဆောက်အအုံများကို လှည့်လည် ကြည်ညိုကြသည်။

တည်ခင်းဧည့်ခံ

ထို့နောက် ကိုရီးယားသမ္မတနိုင်ငံ သတင်းနှင့်ပြန်ကြားရေးဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဘွားက ရန်ကုန်မြို့ရှိ ဒူးဆစ်အင်းလျားကန်ဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ထိုမှတစ်ဆင့် ကိုရီးယားသမ္မတနိုင်ငံ သတင်းနှင့်ပြန်ကြားရေးဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲ ၂ နာရီခွဲတွင် ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်သို့ ရောက်ရှိကြပြီး မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက် ဒုတိယညွှန်ကြားရေးမှူး ဒုတိယရဲမှူးကြီးဌေးအောင်က ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ လမ်းညွှန်ချက်ပြကွက်၊ မြန်မာဘုရင်များလက်ထက် မူးယစ်ဆေးဝါးထိန်းချုပ်မှုပြကွက်၊ တပ်မတော်၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး စစ်ဆင်ရေးကြီးများပြခန်း၊ နိုင်ငံတော်၏ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ မူးယစ်ဆေးဝါးပပျောက်ရေးနှင့် ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်မှုပြခန်းတို့ကို လိုက်လံရှင်းလင်းပြသသည်။ **(သတင်းစဉ်)**

အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား သတင်းပြန်ကြားရေးဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန်လေ့လာရေးအစီအစဉ်အရ ရန်ကုန်မြို့တွင် ရောက်ရှိနေသော ကိုရီးယားသမ္မတနိုင်ငံ The Kyung Hyang Daily News မှ Journalist, Mr. Kim Jin Ho ခေါင်းဆောင်သော သတင်းပြန်ကြားရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ ရွှေတိဂုံစေတီတော်ကို လှည့်လည်ဖူးမြော်ကြည်ညိုပြီး အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း တိမ်ထူထပ်နေ

ရန်ကုန် စက်တင်ဘာ ၁၈

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများမှ ဆုတ်ခွာခဲ့ပြီးဖြစ်သည်။ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ကာ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်၌ မုတ်သုံလေ အများအားဖြင့် အားနည်းနေကြောင်း သိရသည်။

စက်တင်ဘာ ၁၉ ရက်ညနေအထိ ခန့်မှန်းချက်အရ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြားနှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့၌ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (မြန်မာ့အလင်း)

အသက်(၇၅)နှစ်အထက် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား ထောက်ပံ့ချီးမြှင့်ငွေထပ်ဆင့်ပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၇ရက်က တောင်ဥက္ကလာပမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ရုံးအစည်းအဝေးခန်းမတွင်ပြုလုပ်ရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအုန်းသန်း(ငြိမ်း)က ချီးမြှင့်ငွေများ ပေးအပ်စဉ်။ (က–ပ)

သစ်တောစီးပွားကဏ္ဍ၏ ခြေလှမ်းသစ်

ဝင်းလှိုင်ကျော်

မြန်မာ့သစ်တောများသည် သမိုင်းစဉ်တစ်လျှောက် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော အခန်းကဏ္ဍမှ အစဉ်တစိုက် ရပ်တည်ခဲ့ပေသည်။ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် သစ်တောသယံဇာတ ပေါ်ကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ယနေ့တိုင် နိုင်ငံအကျယ်အဝန်း၏ ၅၀ ရာခိုင်နှုန်းကျော်မှာ သဘာဝသစ်တောများ ဖုံးလွှမ်းနေဆဲဖြစ်ကြောင်း ဂုဏ်ယူဖွယ်ရာ တွေ့ရှိရသည်။ ရှေးမြန်မာမင်းများလက်ထက်မှစ၍ ခေတ်အဆက်ဆက် အစိုးရများအနေဖြင့်လည်း သစ်တောများ ထာဝစဉ်တည်တံ့ရှင်သန်ရေးကို စနစ်တကျ ကြိုးကြပ်ကွပ်ကဲခဲ့ကြသည်။ ယင်းသို့ဖြင့် အိမ်နီးချင်းနိုင်ငံအချို့တွင် အပြောင်းရှင်းစနစ်ကြောင့် သစ်တောများ ပြုန်းတီးခဲ့ကြသော်လည်း မြန်မာ့သစ်တောများမှာမူ ယနေ့တိုင် ရှင်သန်တည်တံ့လျက် နိုင်ငံတော်၏စီးပွားရေးအတွက် အားထားနေရဆဲ ဖြစ်ပေသည်။

မြန်မာ့သစ်တောများအား ထိန်းသိမ်းစောင့်ရှောက်မှုနှင့် ပတ်သက်၍ သမိုင်းကြောင်းကိုပြန်ကြည့်လျှင် ထင်ရှားသော ခေါင်းဆောင်မှာ အလောင်းမင်းတရားကြီးဖြစ်သည်။ အင်္ဂလိပ်နှင့် ပြင်သစ်တို့ ဦးဆောင်သော အနောက်နိုင်ငံသားများ၏ ကုန်သွယ်မှုနှင့် စစ်ရေးအတွက် ရေကြောင်းသွားလာရာတွင် ကျွန်းသစ်၏ အရေးပါမှုကိုလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ နိုင်ငံရေး၊ စီးပွားရေးနှင့် စစ်ရေးအခြေအနေများကိုလည်းကောင်း မျှော်တွေးလျက် ၁၇၅၂ ခုနှစ်တွင် အလောင်းမင်းတရားကြီးသည် ကျွန်းသစ်ကို အမိန့်တော်တစ်ရပ် ထုတ်ဆင့်၍ ဘုရင်ပိုင် တော်ဝင်ကျွန်းအဖြစ် သတ်မှတ်ခဲ့သည်။ ကျွန်းပင်သည် တားမြစ်ထိန်းသိမ်းပင်အဖြစ် ကမ္ဘာတွင် ပထမဆုံးသတ်မှတ်သည့် အပင်ဖြစ်သည်။ ယနေ့ သစ်တောစီးပွားကဏ္ဍဖြင့် နိုင်ငံသားတို့အကျိုးခံစားနေရသည်မှာ အလွန်အမြော်အမြင်ကြီးမားသည့် အလောင်းမင်းတရားကြီး၏ ကျေးဇူးပင်ဖြစ်တော့သည်။

မြန်မာနိုင်ငံသည် သစ်တောသယံဇာတများ အစဉ်အဆက်ပိုင်ဆိုင်ခဲ့သည်နှင့်အမျှ နိုင်ငံတော်၏ စီးပွားရေးအတွက် အဓိကအားထားရသော သစ်တောနှင့် သဘာဝပတ်ဝန်းကျင်တို့၏ အရေးပါမှုကို လက်ခံယုံကြည်ကာ သစ်တောများ ထာဝစဉ်တည်တံ့ရှင်သန်ဖွံ့ဖြိုးရေးကို ရှေးပဝေသဏီကပင် အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့ပေသည်။ မြန်မာတို့သည် ရှေးရိုးအစဉ်အလာအရပင်လျှင် သဘာဝပတ်ဝန်းကျင်နှင့် သစ်တောသစ်ပင်ကို ချစ်ခင်သည့် လူမျိုးဖြစ်သည်။ ၁၈၈၃ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော မြန်မာ့သစ်တော နည်းဥပဒေသည်လည်းကောင်း၊ ၁၉၀၂ခုနှစ်တွင် ထုတ်ပြန်ခဲ့သော သစ်တောဥပဒေသည်လည်းကောင်း မြန်မာ့သစ်တောများကို ဥပဒေနှင့်အညီစီမံဆောင်ရွက်ခဲ့သော ထင်ရှားသည့် သာဓကဖြစ်သည်။ ၁၉၉၂ ခုနှစ် မြန်မာ့သစ်တောဥပဒေတွင် မြန်မာ့သစ်တောများကို သစ်တောအုပ်ချုပ်သူများ၊ ထုတ်လုပ်သူများ၊ ခွဲစိတ်သူများနှင့် ရောင်းချသူများသာမက အများပြည်သူကပါ ပါဝင်စေလျက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးကို ဦးတည်ပြဋ္ဌာန်းခဲ့သည်။ သစ်တောရေးရာ ဝန်ကြီးဌာန၏ ရည်မှန်းချက်များကို ကြည့်လျှင်လည်း သစ်တောသယံဇာတများကို ပြည်တွင်းလိုအပ်ချက်ဖြည့်ဆည်းရေးနှင့် ပြည်ပသို့တိုးချဲ့တင်ပို့ရေးအတွက် ဦးတည်ထုတ်လုပ်ရန်ဟူ၍လည်းကောင်း၊ ပြည်ပသို့ သစ်အလုံးလိုက်ကုန်းကြမ်းအဖြစ် တင်ပို့သည့် ပမာဏကို အဆင့်ဆင့်လျှော့ချသွားပြီး သစ်အခြေခံတန်ဖိုးမြှင့် ကုန်ချောပစ္စည်းများကို ထုတ်လုပ်တင်ပို့သွားရန် ဟူ၍လည်းကောင်း ဖော်ပြထားရာ သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အဓိက ဦးတည်ခဲ့သော ရည်မှန်းချက်များပင် ဖြစ်ပေသည်။

မြန်မာ့သစ်အခြေခံ စက်မှုလုပ်ငန်းသည် မှန်ကန်သောလမ်းကြောင်းပေါ်တွင် ရောက်ရှိနေပြီဟု ဆိုနိုင်ပေသည်။ နိုင်ငံတော်အစိုးရ၏ ပုဂ္ဂလိက စီးပွားရေးကဏ္ဍမြှင့်တင်ရေး စီမံချက်နှင့်အညီ သစ်တောရေးရာ ဝန်ကြီးဌာနသည်လည်း ပုဂ္ဂလိက သစ်အခြေခံစက်မှု လုပ်ငန်းရှင်များ၏ သစ်အခြေခံ တန်ဖိုးမြှင့်သစ် အချောထည်များ တိုးမြှင့်ထုတ်လုပ်လာနိုင်ရေးအတွက် ဘက်စုံ ကြိုးပမ်း၍ ကူညီပံ့ပိုးလျက်ရှိသည်။

မြန်မာ့သစ်တောမူဝါဒနှင့် ရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် နိုင်ငံ့အကြီးအကဲကလည်း အထူးတလည် အာရုံစူးစိုက်လျက်ရှိသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ သစ်တောသယံဇာတ ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ လမ်းညွှန်မှာကြားချက်များအနက် ၁-၁၀-၉၃ရက်နေ့က ကျင်းပသော အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၄/၉၃) ကြိမ်မြောက် အစည်းအဝေးတွင် **"အခြေခံသယံဇာတပစ္စည်းများအနက်၊ သစ်တောသည် အဓိက အရေးပါသည့် သယံဇာတဖြစ်ကြောင်း"**၊ ၂၆-၅-၉၄ မှ ၃၀-၅-၉၄ ထိ ကျင်းပပြုလုပ်သော ၁၉၉၄ခုနှစ် ပထမလေးလပတ် ညှိနှိုင်းအစည်းအဝေးတွင် **"နိုင်ငံတော်အတွက် အမြဲတမ်းအားထားရသည့် စီးပွားရေးအရင်းအမြစ်တစ်ခု အဖြစ်တည်ရှိအောင် သစ်တောများကို ထိန်းသိမ်းကာကွယ်ရမှာ ဖြစ်သကဲ့သို့ ထုတ်လုပ်ရေးနှင့် ရောင်းချရေးကို စနစ်တကျ ဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း"**၊ ၆-၂-၉၅ရက်နေ့တွင် သစ်တောရေးရာ ဝန်ကြီးဌာနမှ ဝန်ထမ်းများအား ဩဝါဒမြွက်ကြားခဲ့ရာ **"သစ်တောထွက်ပစ္စည်းများကို နည်းနည်းရောင်းပြီး ဝင်ငွေများများရရှိရန် လိုကြောင်း၊ Value Added လုပ်ရမှာဖြစ်ကြောင်း၊ Efficient ရှိရှိ၊ စေတနာရှိရှိ လုပ်ငန်းများကို လုပ်ကြရ မှာဖြစ်ကြောင်း"**နှင့် ၁၀-၅-၉၅ ရက်နေ့ သစ်တောရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများအား တွေ့ဆုံပြောကြားရာတွင် **"သစ်တောထွက်ပစ္စည်းများ တိုးတက်စေရန် သစ်များကို တိုးမထုတ်ဘဲ တန်ဖိုးမြှင့်ပစ္စည်း (Value Added Product)များကို တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး စီမံချက်ချမှတ်ရန် လိုကြောင်း"** လမ်းညွှန်ချက်များမှာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်စနစ်နှင့် လျော်ညီပြီး လွန်စွာအကျိုးများစေသည့် မိန့်မှာချက်များဖြစ်ပေသည်။

မြန်မာ့သစ်အခြေခံ စက်မှုလုပ်ငန်းသည် မှန်ကန်သောလမ်းကြောင်းပေါ်တွင် ရောက်ရှိနေပြီဟု ဆိုနိုင်ပေသည်။ နိုင်ငံတော်အစိုးရ၏ ပုဂ္ဂလိက စီးပွားရေးကဏ္ဍမြှင့်တင်ရေး စီမံချက်နှင့်အညီ သစ်တောရေးရာဝန်ကြီးဌာနသည်လည်း ပုဂ္ဂလိက သစ်အခြေခံစက်မှုလုပ်ငန်းရှင်များ၏ သစ်အခြေခံ တန်ဖိုးမြှင့်သစ်အချောထည်များ တိုးမြှင့်ထုတ်လုပ်လာနိုင်ရေးအတွက် ဘက်စုံ ကြိုးပမ်း၍ ကူညီပံ့ပိုးလျက်ရှိသည်။ ပုဂ္ဂလိက သစ်အခြေခံစက်မှုလုပ်ငန်းများတွင် ကုန်ကြမ်းသစ်လုံးများ အဆင်ပြေချောမွေ့စွာ ရရှိရေး၊ နည်းပညာလွှဲပြောင်းရရှိရေး၊ ခိုင်မာသော ဈေးကွက်ဖော်ဆောင်ရေး၊ ကျွမ်းကျင်လုပ်သားများရရှိရေး၊ ကုန်ချောများ အဆင်ပြေချောမွေ့စွာ တင်ပို့နိုင်ရေးတို့အတွက် တတ်အားသမျှ နည်းလမ်းများရှာကြံကာ ဆောင်ရွက်ပေးလျက်ရှိသည်။ ဤသို့ ကြိုးပမ်းဆောင်ရွက်မှုများ၏ ရလဒ်ကောင်းများအဖြစ် သစ်တောကဏ္ဍ၏ ပြည်ပဝင်ငွေသည်လည်း တစ်နှစ်ထက်တစ်နှစ် တိုးတက်လာသည်ကို တွေ့ရသည်။ ယခု ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာနှစ်တွင် နိုင်ငံပိုင်အခန်းကဏ္ဍမှ အမေရိကန်ဒေါ်လာ သန်း ၃၀၀နှင့် ပုဂ္ဂလိကပိုင် အခန်းကဏ္ဍမှ အမေရိကန်ဒေါ်လာ သန်း ၂၀၀ စုစုပေါင်း သစ်တောကဏ္ဍမှ ပြည်ပဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၅၀၀ ရရှိရန် လျာထားဆောင်ရွက်လျက်ရှိသည်။ သစ်တောရေးရာဝန်ကြီးဌာန၏ ဦးတည်ချက်မှာ ၂၀၀၄-၂၀၀၅ ခုနှစ်မှစ၍ မြန်မာ့သစ်အခြေခံစက်မှုလုပ်ငန်းများ ဦးမော့လာစေရေးပင် ဖြစ်သည်။ ထိုမှတစ်ဆင့်တက်ကာ နောင်နှစ်များတွင် အရှိန်အဟုန်ဖြင့် ဆက်လက်ဖွံ့ဖြိုး တိုးတက်လာစေရန် ရည်သန်ကြိုးပမ်းသွားမည်ဖြစ်သည်။ ဤသို့အားဖြင့် မြန်မာ့သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မည့် အလားအလာကောင်းများကို အားရဖွယ် တွေ့မြင်လာရပြီဖြစ်သည်။

သို့တစေ မည်သည့်လုပ်ငန်းတွင်မဆို ဖွံ့ဖြိုးတိုးတက်လာပြီး လက်ရှိအနေအထားတွင် ရပ်တည်နေ၍မရပေ။ ထာဝစဉ်တည်တံ့နေသော ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development) ရရှိစေရန် လက်ရှိအခြေအနေကို သုံးသပ်လျက်၊ စဉ်ဆက်မပြတ် တိုးတက်ရေး (Continuous Improvement)ကို ဖော်ဆောင်ရမည်ဖြစ်သည်။ ရောင်းဝယ်ရေးစီမံခန့်ခွဲမှု (Marketing Management) နယ်ပယ်တွင် ထင်ရှားသည့် ဖီးလစ်ကော့တလာက "(Today You°have°to°run Faster°to Stay°in°the Same Place)"ဟုပြောခဲ့သည်။ ကမ္ဘာကြီးသည် အစဉ်သဖြင့် လျင်မြန်စွာ ပြောင်းလဲနေသည်မဟုတ်ပါလော။ သစ်အခြေခံစက်မှုလုပ်ငန်းသည် ကမ္ဘာ့ဈေးကွက်နှင့် အဓိကဆက်စပ်နေသော စီးပွားရေးလုပ်ငန်း တစ်ရပ်ဖြစ်သည်နှင့်အညီ ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ရောင်းဝယ်ဖောက်ကားမှုဆိုင်ရာ လုပ်နည်းလုပ်ဟန်များအားလုံး နိုင်ငံတကာအဆင့် လက်လှမ်းမီစေရန် ကြိုးပမ်းဆောင်ရွက်ရပါမည်။ အဓိကအားဖြင့် ယခင်က ကုန်ကြမ်းသစ်လုံးနှင့် သစ်ခွဲသားများကိုသာ တွင်ကျယ်စွာထုတ်လုပ်ရောင်းချခဲ့သည့် (Business Market)မှ လူအများ ဝယ်ယူသုံးစွဲနိုင်သည့် သစ်အခြေခံ အချောထည်အမျိုးမျိုး ထုတ်လုပ်ရောင်းချသော (Consumer Market)သို့ ပြောင်းလဲဝင်ရောက်ခဲ့သည်ကို မျက်ခြည်မပြတ်သင့်ပေ။ ယင်းသို့ ပြောင်းလဲဝင်ရောက်လာသည်နှင့်အမျှ၊ ဈေးကွက်နှင့် လိုက်လျောညီထွေဖြစ်မည့် ရောင်းဝယ်ရေးဆိုင်ရာလုပ်ငန်းများဖြစ်သော(Marketing Mix-Four Ps-Product, Price, Place, Promotion)တို့ကို ဟန်ချက်ညီစွာ အချိုးတကျ ဖော်ဆောင်နိုင်မှသာ လုပ်ငန်းအတွက် သေချာသော အကျိုးအမြတ်ကိုရရှိပြီး အစဉ်တစိုက် ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည်။

မည်သည့် စီးပွားရေးလုပ်ငန်းမဆို မိမိတို့ထုတ်လုပ်သော ပစ္စည်းများ ဈေးကွက်အတွင်း များများနှင့် မြန်မြန်ရောက်ရှိရေးသည် အရေးပါသော အချက်ဖြစ်သည်။ ထိရောက်လျင်မြန်စွာ ဖြန့်ချိရေးအတွက် Promotion သည် လုပ်ငန်းရှင်တိုင်းအတွက် မလွဲမသွေလိုအပ်သော လုပ်ငန်းတစ်ရပ်ဖြစ်ပေသည်။ ရန်ကုန်စီးပွားရေး တက္ကသိုလ်မှ ပါမောက္ခဒေါက်တာဒေါ်ခင်စန်းရီက Promotion နှင့်ပတ်သက်၍ "ငါးမသည် ရေထဲတွင် သန်းနှင့်ချီသောဥများကို ဥချသည်။ သို့သော် လူမသိ။ ကြက်မမှာမူ တစ်လုံးတည်းသောဥကို ဥချလျက်နှင့် တစ်ရွာလုံး သိရသည်။ အဘယ်ကြောင့်နည်း။ Promotion ကြောင့်ဖြစ်သည်"ဟု ဥပမာပေးခဲ့ဖူးပါသည်။

ယခုအခါ မြန်မာ့သစ်အခြေခံ စက်မှုလုပ်ငန်းနယ်ပယ်အတွင်း နိုင်ငံပိုင်ရော ပုဂ္ဂလိကပိုင်အခန်းကပါ ပူးပေါင်းလျက် တက်တက်ကြွကြွ ဆောင်ရွက်လျက်ရှိရာ နိုင်ငံနှင့်အဝန်းရှိ စက်ရုံ၊ အလုပ်ရုံတိုင်းလိုလိုတွင် သစ်အခြေခံ အချောထည်ပစ္စည်းများကို အောင်မြင်စွာ ထုတ်လုပ်တင်ပို့လျက် ရှိနေပေပြီ။ သို့ရာတွင် ကုန်ထုတ်လုပ်မှု တိုးမြှင့်ရေး၊ ဈေးကွက်ချဲ့ထွင်ရေး ရည်ရွယ်ချက်ဖြင့် အရောင်းမြှင့်တင်ရေး (Sales Promotion)ဆိုင်ရာ လုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်ရန် လိုအပ်လျက်ရှိပေသည်။ သစ်တောရေးရာဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မြန်မာ့သစ်လုပ်ငန်းသည် အထက်ပါ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် ကြိုးပမ်းလျက်ရှိသည်။ မြန်မာ့သစ်လုပ်ငန်း၏ ကြိုးပမ်းမှုဖြင့် မြန်မာနိုင်ငံတွင် ပထမဦးဆုံးဖြစ်မည့် မြန်မာ့ပရိဘောဂပြပွဲ (၂၀၀၄)ကို အောက်တိုဘာလ ၂၂ရက်နေ့မှ ၂၆ရက်နေ့အထိ တပ်မတော်ခန်းမတွင် ကျင်းပမည်ဖြစ်သည်။ ဤပြပွဲသည် မြန်မာ့သစ်အခြေခံစက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ ပေါ်ပေါက်လာသော ထင်ရှားသည့် ပုံရိပ်တစ်ခု ဖြစ်ပေသည်။

ကမ္ဘာပေါ်တွင် သစ်တောသယံဇာတကို အခြေခံကာ နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ခဲ့သော နိုင်ငံများအနက် သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများသာ ကမ္ဘာ့ဈေးကွက်တွင် ရှေ့တန်းမှနေရာယူလျက်ရှိသည်။ မိမိတို့ အာဆီယံဒေသအတွင်းမှာပင် မလေးရှား၊ အင်ဒိုနီးရှားနှင့် ထိုင်းနိုင်ငံတို့သည် သစ်အခြေခံစက်မှုလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော နိုင်ငံများဖြစ်သည်။ ထိုနိုင်ငံများ၏ လုပ်နည်းလုပ်ဟန်များကို လေ့လာသည့်အခါ ထုတ်ကုန်ပစ္စည်း အရည်အသွေးမြင့်မားရေး၊ ကုန်ပစ္စည်းအမယ်သစ် (အမည်သစ်)များ တိုးတက်ထုတ်လုပ်ရေး၊ ထုတ်လုပ်မှု ကုန်ကျစရိတ်လျှော့ချရေး၊ ခေတ်မီနည်းပညာများသုံးစွဲရေး စသည့်လုပ်ငန်းများနှင့်အတူ တစ်ဖက်တွင်လည်း ဈေးကွက်ဖော်ဆောင်ရေး၊ ရောင်းအားမြှင့်တင်ရေး၊ ဈေးကွက်သုတေသနပြုရေးနှင့် ဈေးကွက်ချဲ့ထွင်ရေးတို့ကိုလည်း အစဉ်တစိုက် အားပေးဆောင်ရွက်ခဲ့သည်ကို တွေ့ရပေသည်။

မြန်မာ့ပရိဘောဂပြပွဲ (၂၀၀၄)၏ ရည်ရွယ်ချက်များအနေဖြင့်-

- **သစ်တော သယံဇာတပစ္စည်းများ ပြည်ပသို့တိုးချဲ့တင်ပို့နိုင်ရန်၊**
- **ပုဂ္ဂလိက သစ်အခြေခံ စက်မှုလုပ်ငန်းများအလိုက် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်နိုင်ရေး ကူညီပံ့ပိုးပေးရန်၊**
- **ကမ္ဘာတစ်ဝန်းရှိ သစ်အခြေခံအချောထည်ပစ္စည်း ဝယ်ယူဖောက်ကားသုံးစွဲသူများ၏ လိုအပ်ချက်(Customer's Needs & Wants)ကို သိရှိနားလည်စေရန်၊**
- **ဝယ်ယူသုံးစွဲသူနှင့် ထုတ်လုပ်ရောင်းချသူများ အချင်းချင်းတွေ့ဆုံပြီး နည်းပညာပူးပေါင်းဖလှယ်နိုင်ရန်၊**
- **ကျွန်းသစ်မှအပ အခြားသစ်မျိုး (Lesser Known and Lesser Used Species)များအား နိုင်ငံတကာဈေးကွက်သို့ စမ်းသပ်ဝင်ရောက်နိုင်ရေးအတွက် ဆောင်ရွက်ရန်၊**
- **ဈေးကွက်ဝင် တန်ဖိုးမြှင့်ပစ္စည်းများ(Value Added Products) တိုးတက်ထုတ်လုပ်ခြင်းဖြင့် သစ်တောသယံဇာတများကို အကျိုးရှိရှိ ထိရောက်စွာ အသုံးချရန်၊**
- **မြန်မာ့သစ်အခြေခံစက်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကောင်းများ ချမှတ်သွားရန်နှင့်**
- **သစ်တောသယံဇာတ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအရအရေးပါမှုများကို ပြည်သူအများ နားလည်သိရှိပြီး သစ်တောထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လာကြစေရန်**

ဦးတည်ချက်များ ချမှတ်ထားရှိသည်။

မြန်မာ့ပရိဘောဂပြပွဲ (၂၀၀၄)ကို စတင်ဖွင့်လှစ်သည့် အောက်တိုဘာ ၂၂ရက်မှ ၂၄ရက်ထိ လုပ်ငန်းနှင့် သက်ဆိုင်သည့် သီးသန့်ဖိတ်ကြားထားသူများ လာရောက်နိုင်ရန် သတ်မှတ်ကာ ကျန်ရက်များဖြစ်သော အောက်တိုဘာ ၂၅ရက်နှင့် ၂၆ရက်များကို အများပြည်သူများ ကြည့်ရှုလေ့လာရန် (Public Day)အဖြစ် သတ်မှတ်ဖွင့်လှစ်ပေးမည်ဖြစ်သည်။ ပရိဘောဂပြပွဲဆိုသည်နှင့် သစ်အခြေခံလုပ်ငန်းရှင်များနှင့်သာ သက်ဆိုင်သည့်ပွဲအဖြစ် သတ်မှတ်၍မရ။ သစ်အခြေခံ စက်မှုလုပ်ငန်းဆိုသည်မှာ သစ်ကုန်ကြမ်းကိုအခြေခံကာ အခြားသွင်းအားစု(Inputs) အမြောက်အမြား သုံးစွဲလုပ်ကိုင်ရသော ကုန်ထုတ်လုပ်ငန်းတစ်ခုဖြစ်ရာ လုပ်ငန်းချင်း နီးနွယ်ပတ်သက်ဆက်စပ်လျက်ရှိသော အခြားစီးပွားရေးလုပ်ငန်းများအတွက်လည်း အထူးလေ့လာကြည့်ရှုရမည့် အခွင့်အလမ်းတစ်ရပ်ဖြစ်သည်။ ပုံစံအားဖြင့် သစ်လုပ်ငန်းသုံးစက်နှင့် စက်ကိရိယာ ထုတ်လုပ်ရောင်းချမှုလုပ်ငန်းများ (Wood-Working Machineries & Equipment)၊ သစ်လုပ်ငန်းသုံးကော်နှင့် ဆက်စပ်ပစ္စည်းများ(Glue & Adhesive)၊ ပရိဘောဂသုံး ကုန်မာပစ္စည်းများ(Hardware)၊ ထုပ်ပိုးပစ္စည်းများ(Paper & Plastic) အစရှိသည့် လုပ်ငန်းများမှာ သစ်အခြေခံစက်မှုလုပ်ငန်းနှင့် မလွဲမသွေ ဆက်စပ်လျက်ရှိရာ ပရိဘောဂပြပွဲတွင် ဝင်ရောက်ကြည့်ရှု လေ့လာခြင်းဖြင့် ဈေးကွက်သစ်များ၊ ဖောက်သည်သစ်များ ရရှိနိုင်မည်ဖြစ်ပေသည်။ မြန်မာ့ပရိဘောဂပြပွဲ (၂၀၀၄)တွင် ဝင်ရောက်ပြသမည့် ပုဂ္ဂလိကသစ်အခြေခံ စက်မှုလုပ်ငန်းများအနေဖြင့်လည်း အများပြည်သူ၏ အလေးထားဂရုပြုမှု(Public Awareness)ကိုရရှိပြီး ဈေးကွက်ချဲ့ထွင်ရေး၊ ကုန်ထုတ်လုပ်မှု တိုးမြှင့်ရေးမှသည် အလုပ်အကိုင်သစ်များ (Job Opportunities)ပေါ်ပေါက်ရေးအထိ မျှော်မှန်းနိုင်ပေသည်။

ယနေ့ကမ္ဘာသည် လျင်မြန်စွာ တိုးတက်ဖြစ်ပေါ် ပြောင်းလဲလျက်ရှိသည်။ အကောင်းရော အဆိုးပါ ဒွန်တွဲလျက်ရှိ၏။ ယနေ့အချိန်တွင် တိုးတက်ပြောင်းလဲလာသော ခေတ်မီနည်းပညာသစ်များနှင့်အတူ ကမ္ဘာလုံးဆိုင်ရာ လွှမ်းခြုံဆက်စပ်မှု (Globalization)သည် ကမ္ဘာ့နိုင်ငံအသီးသီးကို အရှိန်အဟုန်ဖြင့် ရိုက်ခတ်လျက်ရှိသည်။ မြန်မာနိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာစေရေးကို စီးပွားရေးဦးတည်ချက်တစ်ရပ်အနေဖြင့် အကောင်အထည်ဖော်လျက်ရှိရာ မြန်မာ့ပရိဘောဂပြပွဲ (၂၀၀၄)သည် နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များအားလုံးနှင့် ကိုက်ညီလျက်ရှိသည်ကို တွေ့ရပေမည်။ သို့ဖြစ်ရာ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်လည်းကောင်း၊ သစ်တောသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက်လည်းကောင်း၊ မြန်မာ့သစ်အခြေခံ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း၊ အရေးပါသည့်သမိုင်းမှတ်တိုင်တစ်ရပ်ဖြစ်သော မြန်မာ့ပရိဘောဂပြပွဲ (၂၀၀၄)တွင် သစ်အခြေခံ စက်မှုလုပ်ငန်းရှင်များအားလုံးနှင့်အတူ ပြည်သူတစ်ရပ်လုံး တက်ကြွစွာ ပူးပေါင်းပါဝင်သင့်ပါကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။ ။

သာသနာရေးဝန်ကြီးဌာန နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့စည်းဝေး

ရန်ကုန် စက်တင်ဘာ ၁၈

သာသနာရေးဝန်ကြီးဌာန နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့၏ (၂/၂၀၀၄) အစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) နာယကချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် သာသနာ့ တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဩဘာသ ဘိဝံသ၊နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ဒုတိယဥက္ကဋ္ဌ သာသနာ့ တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောသလ၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်/မန္တလေး)တို့မှ နာယကချုပ်ဆရာတော်များ၊ဒုတိယနာယကချုပ်ဆရာတော်နှင့် မော်ကွန်းထိန်း ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်ကို၊ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်နှင့် အဖွဲ့ဝင်ဆရာကြီးများ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး သဘာပတိ တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဩဘာသဘိဝံသက အဖွင့်ဩဝါဒကထာ မြွက်ကြားတော်မူသည်။

လျှောက်ထား

ဆက်လက်၍ သာသနာရေးဝန်ကြီး ဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

အစီအစဉ်အရ တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်က တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့၏ (၁/၂၀၀၄)အစည်းအဝေး မှတ်တမ်းကို တင်ပြအတည်ပြုချက် ရယူပြီး ယင်းအစည်းအဝေးနှင့်စပ်လျဉ်းသည့် ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြလျှောက်ထားသည်။

တက္ကသိုလ်များ စီမံခန့်ခွဲရေးအဖွဲ့ ရန်ကုန်နှင့် မန္တလေးတို့မှ တင်ပြချက်များအပေါ် ဆွေးနွေးဆုံးဖြတ်ခြင်း၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့ တက္ကသိုလ်များတွင် သာသနာ့တက္ကသိုလ်သီလမ္ပေါရုဂ္ဂသင်တန်းများ ဖွင့်လှစ်ရန်နှင့် ဒသမအကြိမ် သာသနတက္ကသီလ ဘွဲ့နှင်းသဘင်အခမ်းအနား၌ သာသနတက္ကသီလ မဟာဓမ္မာစရိယ ဘွဲ့၊ရနှင့် သာသနတက္ကသီလ ဓမ္မာစရိယဘွဲ့ရ ရဟန်းတော်များစာရင်းကို အတည်ပြုဆုံးဖြတ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် သဘာပတိ ဆရာတော်က နိဂုံးချုပ်ဩဝါဒကထာ မြွက်ကြားတော်မူပြီး အစည်းအဝေးကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းကာ ရုပ်သိမ်းလိုက်သည်။

အတည်ပြုဆုံးဖြတ်

ထို့နောက် သာသနာ့တက္ကသိုလ်များ ဗဟိုပညာရေးအဖွဲ့၏ တင်ပြချက်အပေါ် ဆွေးနွေးဆုံးဖြတ်ခြင်း၊ **(သတင်းစဉ်)**

လျှောက်ထား

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် သာသနာရေးဝန်ကြီးဌာန နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်များ အုပ်ချုပ်ရေး ဗဟိုအဖွဲ့၏ (၂/၂၀၀၄)အစည်းအဝေးတွင် သာသနာရေးဆိုင်ရာ လျှောက်ထားစဉ်။ (သတင်းစဉ်)

စက်တင်ဘာ ၁၇ရက်က ပန်းဘဲတန်းမြို့နယ် အမှတ်(၄)ရပ်ကွက် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်နှင့် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့်ဟောပြောပွဲကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိန်တိုး၊ မြို့နယ်ဥက္ကဋ္ဌ ဦးတင်အုန်းနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးမြင့်သိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

ပရီမီးယားလိဂ်ပွဲစဉ်(၆)ယှဉ်ပြိုင် အာဆင်နယ်နှင့်ဘော်လတန်သရေကျ

ရန်ကုန် စက်တင်ဘာ ၁၈

အင်္ဂလန်ပရီမီးယားလိဂ် ပွဲစဉ်(၆)အဖြစ် ယနေ့မြန်မာစံတော်ချိန် ညနေ ၆ နာရီ ၁၅မိနစ်၌ လက်ရှိချန်ပီယံ အာဆင်နယ်အသင်းနှင့် ဘော်လတန်အသင်းတို့ ဟိုက်ဘူရီကွင်း၌ ယှဉ်ပြိုင်ကစားရာ တစ်ဂိုးစီ သရေပွဲဖြစ်သွားသည်။

အာဆင်နယ်အသင်းအတွက် ဦးဆောင်ဂိုးကို ပွဲချိန် ၃၁မိနစ်တွင် အွန်နရီကသွင်းယူပေးသည်။ ပထမပိုင်းအပြီးတွင် အာဆင်နယ်ကတစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။ ဘော်လတန်အသင်းအတွက် ချေပဂိုးကို ပွဲချိန် ၆၃မိနစ်တွင် ဂျာဒီက ခေါင်းတိုက်သွင်းယူသည်။

အာဆင်နယ်အသင်းအတွက် ဒုတိယဂိုးကို ပွဲချိန်၆၆မိနစ်တွင် ရေးဘတ်ပီရက်စ်က သွင်းယူသည်။ ဘော်လတန်အသင်းအတွက် ဒုတိယချေပဂိုးကို ပွဲချိန်၈၅မိနစ်တွင် ပီဒါဆန်က သွင်းယူပေးသည်။ အာဆင်နယ်အသင်းသည် ၄၆ပွဲအထိ ရှုံးပွဲမရှိစံချိန်ကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီ၌ ငါးပွဲဆက်တိုက် နိုင်ပွဲရရှိထားရာမှ ယခုပွဲတွင် နိုင်ပွဲရပ်တန့်သွားသည်။ အာဆင်နယ်အသင်းသည် ခြောက်ပွဲကစား ၁၆မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်နေဆဲပင်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ရန်ကုန်တိုင်း ဒွါဒသမအကြိမ် (၁၂ကြိမ်)မြောက် အဆိုအကာ၊ အရေး၊ အတီး ပြိုင်ပွဲတွင် ရန်ကုန် အနောက်ပိုင်းခရိုင် ကိုယ်စားပြု ဝါသနာရှင်အဆင့် စန္ဒရားအတီး ပြိုင်ပွဲ၌ မောင်ဟိန်း(လမ်းမတော်)က နန်းသီဟိုဠ်သီချင်းဖြင့် ဝါဝင်ယှဉ်ပြိုင်စဉ်။ (က-ပ)

စက်တင်ဘာ ၁၈ရက်က တောင်ဥက္ကလာပမြို့နယ် အခြေခံပညာ သင်ကျောင်းများ၏ ယဉ်/လမ်း အဆွဲရာယ် ပညာပေးဟောပြောပွဲကို အထက (၁)တွင် ကျင်းပရာ မြို့နယ် ပညာရေးမှူး ဆရာမကြီး ဒေါ်စိန်စိန်က အမှာစကား ပြောကြားစဉ်။ (၂၀၀)

ယဉ်ကျေးမှုဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် ရှေးဟောင်းစေတီများပြုပြင်ထိန်းသိမ်းမှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၈

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်သည် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၁၇ရက်တွင် ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေရှိ ဓမ္မရံကြီးဘုရားသို့ ရောက်ရှိပြီး ဓမ္မရံကြီးဘုရား မြောက်ဘက်တံတိုင်းမုခ်ကြီး၏ အနောက်ခြမ်းကို ကြည့်ရှုစစ်ဆေးကာ ပြန်လည်ပြုပြင်သည့်အခါ အုတ်ဟောင်းများကိုအသုံးပြုရန်၊ အုတ်ဟောင်းများမရှိပါက အုတ်ဟောင်းကဲ့သို့ ပုံစံတူအုတ်များ အစားဖြည့်ရန် မှာကြားသည်။

ထို့နောက်ဝန်ကြီးသည် ပေါ်တော်မူဘုရားသို့ သွားရောက်ပြီး ဆောင်ရွက်ရမည့် သန့်ရှင်းရေးနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ရွှေစည်းခုံဘုရား တောင်ဘက် ကျန်စစ်သားဥမင်အနီးရှိ နတ်ထောင်ဝိဥကတ်တိုက် အနောက်ဘက်နံရံ ပြုပြင်ထိန်းသိမ်းမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် သီဟိုဠ်ပုံစေတီကြီးအမှတ်(၁၇၈၄)နှင့် မီးငြိမ်းကုန်းဘုရားကြီးတို့သို့ သွားရောက်စစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ထို့နောက် အနော်ရထာမင်းတရားကြီး နန်းတော်ရာတူးဖော်မှုလုပ်ငန်းခွင်နှင့် ကျန်စစ်သားမင်းကြီး၏ ဓေယျာဘုံနန်းတော်ကုန်း ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် အနော်ရထာမင်းတရားကြီး၏ အရိမဒ္ဒနပူရ ရွှေနန်းတော်ကြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲဆက် ဘဏ္ဍာ/အခွန်အသင်းက ကမ္ဘောဇအသင်းကိုအနိုင်ရရှိ

ရန်ကုန် စက်တင်ဘာ ၁၈

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄- ၂၀၀၅ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၄ နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ ဘဏ္ဍာ/အခွန်အသင်းက ကမ္ဘောဇအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ယမန်နှစ် ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲ၌ ဗိုလ်စွဲသွားသော လက်ရှိ ချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းက ပထမတန်းမှ တက်လာသော ကမ္ဘောဇအသင်းကို အကြိတ်အနယ်ကစားပြီး အနိုင်ရရှိသွားခြင်းဖြစ်သည်။ ဘဏ္ဍာ/အခွန်အသင်းအတွက် ပထမဂိုးကိုပွဲစပြီး ငါးမိနစ်အကြာတွင် မျိုးလှိုင်ဝင်းက သွင်းယူပေးသည်။ ဒုတိယဂိုးကိုပွဲချိန် ၃၈မိနစ်တွင် အေးမင်းထွန်းက သွင်းယူသည်။ ပထမပိုင်းအပြီးတွင် ဘဏ္ဍာ/အခွန်အသင်းက နှစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။

ဒုတိယပိုင်းတွင် ကမ္ဘောဇအသင်း ခက်ခက်ခဲခဲကစားခဲ့ပြီး ဂိုးပေးရလုလု အနေအထားများရှိခဲ့သည်။ ဘဏ္ဍာ/အခွန်အသင်းအတွက် တတိယဂိုးကို လူစားဝင်လာသည့် ဇော်ထိုက်က ပွဲချိန် ၈၄မိနစ်တွင် ခေါင်းတိုက်သွင်းယူပေးသည်။ ကမ္ဘောဇအသင်းသည် သုံးဂိုးအသွင်းခံရသော်လည်း စိတ်ဓာတ်မကျဘဲ ရေကုန်ရေခန်းကြိုးစားကစားရာ ပွဲပြီးခါနီးတွင် သေချာပေါက်ဂိုးသွင်းခွင့် ရရှိခဲ့သော်လည်း ဂိုးမဝင်၍ နှစ်နာခဲ့ရသည်။ ယနေ့ပွဲ၌ ဘဏ္ဍာ/အခွန်အသင်း အသင်းခေါင်းဆောင် မျိုးလှိုင်ဝင်း ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့ပြီး ခြေစွမ်းပြကစားသွားသည်။

သစ်တောရေးရာနိုင်

လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားသောပွဲစဉ်တွင် သစ်တောရေးရာအသင်းက ပြည်ထဲရေးအသင်းကို နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ယနေ့ပွဲ

စက်တင်ဘာ ၁၉ ရက်(**ယနေ့**) ညနေ ၄နာရီတွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ လယ်ယာ/ထွက်ကုန် အသင်းနှင့် မလိခအသင်း၊ အောင်ဆန်းအားကစားပြိုင်ကွင်း၌ စွမ်းအင်အသင်းနှင့် ပတ္တမြားနဂါးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီကကြီးမှူး စိတ်ကျန်းမာရေးဆေးရုံကြီး(ရန်ကုန်)သို့ ဆေးပဒေသာပင်နှင့် ဆန်၊ ဆီလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၈

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီက ကြီးမှူး၍ စိတ်ကျန်းမာရေးဆေးရုံကြီး(ရန်ကုန်)သို့ ဆေးပဒေသာပင်နှင့် ဆန်၊ ဆီလှူဒါန်းပွဲအခမ်းအနားကို စက်တင်ဘာ ၁၇ရက် နံနက် ၁၀နာရီက ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မြို့ပတ်လမ်းရှိ စိတ်ကျန်းမာရေးဆေးရုံကြီး(ရန်ကုန်) ခန်းမဆောင်၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်တို့ တက်ရောက်အားပေးသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေးက မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)ကချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များနှင့်အညီ ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီက ကြီးမှူး၍ ပြည်သူလူထုအခြေပြု စိတ်ကျန်းမာရေးစောင့်ရှောက်မှု ကဏ္ဍမြှင့်တင်ရေး လုပ်ငန်းတစ်ရပ်ဖြစ်သည့် စိတ်ကျန်းမာရေးဆေးရုံကြီးသို့ ဆေးပဒေသာပင်နှင့် ဆန်၊ဆီလှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ၏ စီစဉ်မှုဖြင့် လှူဒါန်းသော ဆန် ၂၅၂အိတ်ကိုလည်းကောင်း၊ **(ယာပုံ)** ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေးက ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ၏ စီစဉ်မှုဖြင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ လှူဒါန်းသော ဆီ ၁၁၆ ပိဿာတို့ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် အလှူငွေပေးအပ်ခြင်း အစီအစဉ်ကို ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့၊ ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် စက်မှုဇုန်လုပ်ငန်းရှင်များနှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က ငွေကျပ် တစ်သိန်းစီ၊ မင်္ဂလာတောင်ညွန့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က

ငွေကျပ် ခုနစ်သောင်း၊ ရန်ကုန်တောင်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ် ခြောက်သောင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ် ငါးသောင်းငါးထောင်၊ သဃ်န်းကျွန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ် ငါးသောင်းအပါအဝင် အလှူငွေစုစုပေါင်း ကျပ် ခုနစ်သိန်းရှစ်သောင်း ငါးထောင်ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ကျေးဇူးတင်စကားပြောကြား

ထို့နောက် စိတ်ကျန်းမာရေးဆေးရုံ(ရန်ကုန်)ဆေးရုံအုပ်ကြီး ဒေါက်တာဇော်စိန်လွင်က ဆေးပဒေသာပင်နှင့် ဆန်၊ ဆီလှူဒါန်းခြင်းနှင့် ပတ်သက်၍ ကျေးဇူးတင်စကားပြောကြားသည်။

ယနေ့ကျင်းပသော စိတ်ကျန်းမာရေးဆေးရုံ(ရန်ကုန်)သို့ ဆေးပဒေသာပင်နှင့် ဆန်၊ဆီလှူဒါန်းပွဲ အခမ်းအနားတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ၏ စီစဉ်မှုဖြင့် မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းဥက္ကဋ္ဌ ဦးအောင်သန်းဦးမိသားစုက ဆန်အိတ် ၅၀၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းမှ အသင်းသူအသင်းသားများ၊ ဆန်စပါးကုန်စည်ဒိုင်၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကုန်တောင်ပိုင်းခရိုင်၊ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် ရန်ကုန်မြောက်ပိုင်းခရိုင် အသင်းခွဲတို့က ဆန် ၂၅အိတ်စီ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် အရာရှိကြီးများမိသားစုက ဆန် ၂၂အိတ်၊ အမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးကြီးမောင်မြင့်နှင့် ဇနီးဒေါက်တာဒေါ်ခင်မြဝင်းမိသားစုက ဆန် ၁၅အိတ်၊ အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းမိသားစုက ဆန်၁၀အိတ်နှင့် အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ဆန် ငါးအိတ် စုစုပေါင်း ဆန်၂၅၂အိတ်၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များ အသင်းက ဆီ၁၁၆ပိဿာနှင့် အလှူရှင်များက ဆေးပဒေသာပင်အတွက် ငွေကျပ်ခုနစ်သိန်းရှစ်သောင်းငါးထောင် လှူဒါန်းကြသည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီးဒေါက်တာကျော်မြင့်နှင့် ဧည့်သည်တော်များသည် ဆေးရုံတွင်းရှိ ပန်းချီပြခန်းသို့သွားရောက်ပြီး ပြခန်းအတွင်း ပြသထားသည့် ပန်းချီပညာရှင်များနှင့် လူနာများ၏ ပန်းချီလက်ရာများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် အခမ်းအနားသို့တက်ရောက်လာကြသည့် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များမှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များသည် အဖွဲ့လေးဖွဲ့ခွဲ၍ စိတ်ကျန်းမာရေးဆေးရုံကြီးအတွင်း ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်နေမှုများကို လေ့လာကြည့်ရှုကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စမ်းချောင်းမြို့နယ်အမှတ်(၁၆) အခြေခံပညာမူလတန်းကျောင်း ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၁၁ ရက်က ကျင်းပရာ ငါးနှစ်ဆက်တိုက်ပထမဆုရမသုသုစံအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းကြည်က ဆုချီးမြှင့်စဉ်။ (၁၂၉)

တာမွေမြို့နယ်ပညာရေးမှူးဖလား အလယ်တန်းအဆင့် ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို စက်တင်ဘာ ၇ ရက်က ကျိုက္ကဆံကွင်းတွင် ကျင်းပရာ အထက(၃) ဘောလုံးအသင်းနှင့် အလက(၁) ဘောလုံးအသင်းတို့မှ အားကစားသမားများအား မြို့နယ်ပညာရေးမှူး ဦးဝမ်းမောင်နှင့် တာဝန်ရှိသူများက လိုက်လံနှုတ်ဆက်ကြစဉ်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၁၉-၉-၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈:၀၅ ၆။ အဆိုပြိုင်ပွဲ
- ၈:၁၅ ၇။ ဗိုလ်မြတ်ထွန်းတံတား
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Say it in English
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၄၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သစ္စာချစ်ပန်း"** (အပိုင်း-၂၈)
- ၁၂:၁၅ ၅။ ရွှေတံဆိပ်များဆွတ်ခူးထားမြန်မာ့ပြေးခုန်ပစ်အားကစား
- ၁၂:၂၀ ၆။ မြန်မာဗီဒီယိုဇာတ်လမ်း **"ရင်နှင့်ရင်း၍"** ဒွေး၊ စိုးမြတ်နန္ဒာ၊ အိန္ဒြာကျော်ဇင် ဒါရိုက်တာ-ကိုဇော်(အရဏ်ဦး)
- ၁၄:၁၅ ၇။ အကပြိုင်ပွဲ
- ၁၄:၂၀ ၈။ ကျောက်တစ်လုံး ရေကူရေလှောင်တမံ
- ၁၄:၄၅ ၉။ International News.

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၂၀ ၃။ English for Everyday Use.
- ၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(သတ္တဗေဒ၊ ရုက္ခဗေဒ အထူးပြုများ) (သတ္တဗေဒ)
- ၁၇:၀၀ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇:၁၀ ၆။ ၂၀၀၄ ခုနှစ် ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် ဓမ္မပူဇာတေး(ပညာရှင်အဆင့်) (အမျိုးသမီး)
- ၁၇:၂၀ ၇။ လက်ဆင့်ကမ်းပေးဂီတတေး
- ၁၇:၄၀ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၁၈:၂၀ ၉။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၀။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ကြိုးသွယ်တဲ့လင်းပိုင်ငယ်"** (အပိုင်း-၁၆)
- ၁၉:၃၅ ၁၂။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
- ၁၉:၄၅ ၁၃။ တေးဂီတအစီအစဉ်
- ၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်မေတ္တာသည် ဆန်းကြယ်လှသည်"** (အပိုင်း-၁)

စက်တင်ဘာ ၁၇ရက်က ဗဟန်း အမက(၁၃)၏ ၂၀၀၃ - ၂၀၀၄ ပညာသင်နှစ်မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲ အခမ်းအနား ကျင်းပရာကျောင်းအုပ် ဆရာမကြီး ဒေါ်မြင့်ဆွေက သူငယ်တန်းပညာရည်ချွန်ဆုရ မအိမ့်မှူးသော်အား ဆုချီးမြှင့်စဉ်။ **(မြန်မာ့အလင်း)**

လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

- ✻ သဘာဝအလင်းရောင်ကိုသာ အဓိကထားသုံးစွဲပါ။
- ✻ သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံး လိုအပ်သော လျှပ်စစ်ဓာတ်အားကို သုံးစွဲပါ။
- ✻ ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကိုသာ သုံးစွဲပါ။
- ✻ ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။

ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အားသုံးစွဲသူတိုင်းက ၄ပေမီးချောင်း တစ်ချောင်းစီ ချွေတာသုံးစွဲခြင်းဖြင့် မဂ္ဂါဝပ်၂၀ ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့်ညီမျှသည်။

လာဇီယို၊ရိုးမားနှင့်ပါးမားအသင်းတို့နိုင်ပွဲရမည်လား စီးရီးအေဒုတိယပွဲစဉ်ယနေ့ယှဉ်ပြိုင်ကစားမည်

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ

ရန်ကုန် စက်တင်ဘာ ၁၈

အီတလီစီးရီးအေဘောလုံးပြိုင်ပွဲများကို ဆက်လက်ကျင်းပလျက်ရှိရာ စီးရီးအေဒုတိယပွဲစဉ်များအဖြစ် လာဇီယိုနှင့် ရက်ဂျီးနား၊ မက်ဆီနာနှင့်ရိုးမား၊ အူဒီးနိစ်နှင့်ပါးမား၊ လီဗော်နိုနှင့် ချီယေဗိုတို့ စက်တင်ဘာ၁၉ရက် **(ယနေ့)**တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်ရာ အကြိတ်အနယ်ရှိမည့်ပွဲများဖြစ်လာမည်ဖြစ်သည်။

မက်ဆီနာနှင့်ရိုးမား

ယခုနှစ်မှအတန်းတက်လာသော မက်ဆီနာအသင်းသည် ယခင်နှစ်စီးရီးအေ၌ ဒုတိယရရှိခဲ့သော ရိုးမားအသင်းနှင့် အိမ်ကွင်း၌ စက်တင်ဘာ ၁၉ရက်**(ယနေ့)**တွင် ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

ပြီးခဲ့သည့်စီးရီးအေ၌ အိမ်ကွင်းတွင် လုံးဝအရှုံးမရှိခဲ့သော မက်ဆီနာအသင်းသည် အိမ်ကွင်း၌ ရိုးမားအသင်းကို ခြေရည်တူကစားနိုင်ကာ အောင်ပွဲရရှိနိုင်သော အနေအထားတွင်ရှိနေသည်။ မက်ဆီနာအသင်း ယခုနှစ်၌ မီကိုတွန်တီးဒိုနာတီ၊ ဇန်ချီနှင့် ဘီယာအိုတို့ကို အားဖြည့်ခေါ်ယူထားရာ စုစည်းညီညွတ်မှုရှိနေသော အသင်းလည်း ဖြစ်သည်။

မက်ဆီနာတိုက်စစ်မှူးဒီနာပိုလီမှာ ဂိုးသွင်းစွမ်းရည်ထက်မြက်လှသည်ဖြစ်ရာ ပြီးခဲ့သည့်စီးရီးဘီ၌ တစ်ဦးတည်း ၁၈ဂိုးသွင်းခဲ့သူဖြစ်သဖြင့် ယခုနှစ်အတန်းတက်လာသည့်အသင်းများတွင် ခြေစွမ်းအပြနိုင်ဆုံးနှင့် ဂိုးသွင်းအားအကောင်းဆုံး တိုက်စစ်မှူးလည်းဖြစ်သည်။ ဒီနာပိုလီကို ရိုးမားနောက်ခံလူများ သတိထားကစားရမည်ဖြစ်သည်။

ရိုးမားအသင်းမှာ ယခင်နှစ်စီးရီးအေတွင် ဒုတိယနှင့် ကျေနပ်ခဲ့ရသဖြင့်ယခုနှစ်တွင် ချန်ပီယံဖလားကိုရအောင်ယူမည်ဟု နည်းပြရူဒီဖောင်လာက ကြွေးကြော်ထားသည်။ ယခုနှစ် ပြင်ဆင်မှုများအဖြစ် လက်ချီမှ ဘိုဗို၊ မာဆေးမှ မီဒို၊ ပါးမားမှ ဖာရာရီတို့ကို အသစ်ခေါ်ယူအားဖြည့်ထားပြီး ယခုနှစ်စီးရီးအေခရီးကြမ်းအစမှာပင် အိမ်ကွင်း၌ ဖီအိုရင်တီးနားကို တစ်ဂိုး–ဂိုးမရှိဖြင့်အနိုင်ရပြီး သုံးမှတ်အပြည့်ရရှိထားသည့်အသင်းဖြစ်သည်။

အဝေးကွင်းရလဒ်ကောင်းသော ရိုးမားတို့က လူသစ်တန်းမက်ဆီနာကို အဝေးကွင်းမှာပင် အနိုင်ယူအောင်ပွဲခံမည့်အနေအထားရှိနေသည်။

အူဒီးနိစ်နှင့်ပါးမား

ယခင်နှစ်စီးရီးအေတွင် အဆင့်(၇) ချိတ်ခဲ့သည့်အူဒီးနိစ်နှင့် အဆင့်(၅)ရရှိခဲ့သော ပါးမားအသင်းတို့ အူဒီးနိစ်ကွင်း ဖလူလီ၌ စက်တင်ဘာ ၁၉ရက်**(ယနေ့)**တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အိမ်ကွင်းခြေစွမ်းမာကျောသော အူဒီးနိစ်တို့ ပါးမားကို ခြေရည်တူ ကစားနိုင်သည်ဖြစ်ရာ အူဒီးနိစ်တွင် အီတလီလက်ရွေးစင်အသင်းမှ တိုက်စစ်မှူးများဖြစ်သည့် ဒီနာတယ်လီနှင့် ဒီမီချယ်လီတို့ ရှိနေသဖြင့် ယင်းတို့နှစ်ဦးကိုပင် အားကိုးအားထားပြု ကစားရမည်ဖြစ်သည်။

စီးရီးအေအသင်းကြီးများကို အကျပ်အတည်းတွေ့အောင်ကစားနိုင်သည့် အူဒီးနိစ်အသင်း၏နည်းပြ လူစီယာနိစပယ်လက်တီက ယခုနှစ်တွင် အမ်ပိုလီမှ ဒီနာတယ်လီ၊ ဗယ်လာရီနှင့် မိုဒီနာမှမာရူနီတို့ကို ခေါ်ယူအားဖြည့်ထားပြီး အခြားအသင်းများအံ့အားသင့်အောင် ကစားပြမည်ဟုဆိုနေသည်။ သို့သော်လည်း စီးရီးအေပထမပွဲစဉ်၌ ရက်ဂျီးနားနှင့် အဝေးကွင်းတွင် ဂိုးမရှိသရေကျအောင်ကစားခဲ့သောခြေစွမ်းမှာ အားရဖွယ်မရှိချေ။ ကွင်းလယ်ကစားကွက် အားနည်းနေသောအူဒီးနိစ်တို့ ပါးမားကို အိမ်ကွင်း၌ သရေကျအောင် မနည်းရုန်းကန်ရမည်ဖြစ်သည်။

ယခင်နှစ်စီးရီးအေ၌ အဆင့်(၅) ရရှိခဲ့သော ပါးမားအသင်းမှာလည်း ယခုနှစ်ပွဲဦးထွက်တွင် အိမ်ကွင်း၌ မက်ဆီနာနှင့် ဂိုးမရှိသရေကစားခဲ့သဖြင့် တစ်မှတ်သာရရှိနေရာ လက်ရှိခြေစွမ်းမှာ မထက်မြက်ဘဲရှိနေသည်။

အမှတ်ပေးချန်ပီယံနှင့် ဥရောပချန်ပီယံလိဂ်ဖလား ချန်ပီယံတို့တွင် ဗိုလ်စွဲခဲ့ဖူးသော အစဉ်အလာမရှိသော်လည်း ဥရောပရှုံးထွက်ဗိုလ်များဖလား တစ်ကြိမ်ရရှိခဲ့ဖူးထားသည့် အသင်းအပေါ်စီးမှ ကစားမည်ဖြစ်သည်။ အမှတ်ပေးချန်ပီယံ နှစ်ကြိမ်ရရှိခဲ့ဖူးပြီး ဥရောပရှုံးထွက်ဗိုလ်များဖလား တစ်ကြိမ်ရခဲ့ဖူးထားသည့် လာဇီယိုမှာ အိမ်ကွင်း၌ပြိုင်ဘက်အသင်းများကို အနိုင်ကစားနိုင်သည့်ခြေစွမ်းနှင့် စိတ်ဓာတ်ရှိနေရာ ရက်ဂျီးနားတို့ ခြေရည်တူကစားနိုင်ရန် တော်ရုံကြိုးစား၍ရမည်မဟုတ်ပေ။

ပရီမီးယားလိဂ်အသင်းချာလ်တန်တွင် ကျင်လည်ကစားခဲ့ဖူးသည့် တိုက်စစ်မှူး ဒီကာနီယို၊ ဘာစီလိုနာမှ လိုပက်စ်၊ ပါးမားမှ ဖိလစ်ပီနီတို့ကို ယခုနှစ်တွင် အသစ်ခေါ်ယူအားဖြည့်ထားရာ အင်အားတောင့်တင်းနေသဖြင့် လာဇီယိုနည်းပြ ဒိုမီနီကိုကာဆိုက စီးရီးအေချန်ပီယံ မှန်းနေရာ ပွဲဦးထွက်အဝေးကွင်း၌ နိုင်ပွဲရရှိခဲ့သဖြင့် စီးရီးအေချန်ပီယံအတွက် အလားအလာ ကောင်းနေသော အသင်းလည်းဖြစ်သည်။

ရက်ဂျီးနားမှာ ပထမပွဲစဉ်၌ အူဒီးနိုးစ်နှင့် အိမ်ကွင်း၌ ဂိုးမရှိသရေကျခဲ့သောခြေစွမ်းမှာ ပြီးခဲ့သည့်နှစ်က ခြေစွမ်းကိုပင် မမီဘဲရှိနေသည့်အပြင် အဝေးကွင်းရလဒ်လည်း မကောင်းသည့် အသင်းဖြစ်သည်။

ဖြစ်သည်။ ပါးမားတို့အဝေးကွင်းရလဒ်ကောင်းတတ်သည်ဖြစ်ရာ တိုက်စစ်မှူးများဖြစ်သည့် ဂီလာဒီနိုနှင့် မက်ခရိုနီတို့၏ ခြေစွမ်းပြကစားနိုင်မှုအပေါ်တွင် ရလဒ်အပြောင်းအလဲ ရှိမည်ဖြစ်သည်။

အူဒီးနိစ်နှင့် ပါးမားတို့ ယခင်က သုံးကြိမ်တွေ့ဆုံခဲ့ဖူးရာတွင် အူဒီးနိစ်တို့က တစ်ပွဲနိုင်ပြီး နှစ်ပွဲသရေကျထားခဲ့ဖူးသည့် မှတ်တမ်းရှိနေရာ အစဉ်အလာအရအိမ်ကွင်း၌ အူဒီးနိစ်တို့က အသာစီးရဖွယ်ရှိနေသည်။ လက်ရှိအနေအထားအရ တန်းစီဇယားတွင် တစ်ပွဲစီကစားပြီးချိန်၌ ပါးမားက အဆင့်(၁၃)နှင့် အူဒီးနိစ်တို့က အဆင့်(၁၅)ရရှိနေသော်လည်းအူဒီးနိစ်တို့ အနိုင်ရရှိရန်အလေးသာနေသည်။

လာဇီယိုနှင့်ရက်ဂျီးနား

ပြီးခဲ့သည့်စီးရီးအေ၌ အဆင့်(၆) ချိတ်နိုင်ခဲ့သည့် လာဇီယိုနှင့် အဆင့်(၁၄)သာရရှိခဲ့သော ရက်ဂျီးနားတို့ လာဇီယိုကွင်း အိုလံပီ၌ စက်တင်ဘာ ၁၉ ရက်**(ယနေ့)**တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ယခုနှစ်စီးရီးအေ ပထမပွဲစဉ်၌ ဆမ်ဒိုးရီးယားကို အဝေးကွင်း၌ တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သဖြင့် စိတ်ဓာတ်မြင့်မားနေသည့် လာဇီယိုတို့ ယခုပွဲအိမ်ကွင်း၌ ရက်ဂျီးနားကို

အီတလီ စီးရီးအေ ပထမပွဲစဉ်အဖြစ် မက်ဆီနာနှင့်ပါးမားအသင်းတို့ ယှဉ်ပြိုင်ကစားသည့်ပွဲစဉ်တွင် မက်ဆီနာမှ ဒိုနာတီနှင့် ပါးမားမှ ပိုတင်ဇာတို့ ဘောလုံးရရှိရေးကြိုးစားစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ယခုနှစ် စီးရီးအေရာသီတွင် အေစီမီလန်မှ ဘော်ရီရယ်လိုနှင့် ဗီရိုနာအသင်းမှ ကိုလူစီတို့ကို ခေါ်ယူအားဖြည့် ထားသော်လည်း လက်ရှိခြေစွမ်းနှင့် လာဇီယိုကို အနိုင်ရရန် မလွယ်ပေ။

လာဇီယိုနှင့် ရက်ဂျီးနားတို့ ပြီးခဲ့သည့်နှစ်မှ ယခုအချိန်အထိ နှစ်ကြိမ်စီ တွေ့ဆုံခဲ့ဖူးရာတွင် လာဇီယိုက သုံးဂိုး–ဂိုးမရှိဖြင့် တစ်ပွဲနိုင်ခဲ့ပြီး၊ ဂိုးမရှိသရေ တစ်ပွဲကျခဲ့ဖူးသည့် မှတ်တမ်း ရှိနေသည်။ လာဇီယိုအသင်းမှာ ယူအီးအက်ဖ်အေပွဲကစားအပြီး အိမ်ကွင်း၌ ရက်ဂျီးနားနှင့် ဆက်လက်ကစားရမည်ဖြစ်သဖြင့် ပွဲပန်းနေသော်လည်း နိုင်ပွဲရမည်သာဖြစ်သည်။

လီဗော်နိုနှင့်ချီယေးဗို

ယခုနှစ်မှ အတန်းတက်လာသည့် လီဗော်နိုနှင့် ယခင်နှစ်စီးရီးအေ၌ အဆင့်(၉)ရရှိခဲ့သော ချီယေးဗိုတို့ လီဗော်နိုကွင်း အာနာရီဒိုပီချီ၌ စက်တင်ဘာ ၁၉ရက် **(ယနေ့)**တွင် ကစားရမည်ဖြစ်သည်။ ယခင်နှစ် စီးရီးဘီတွင် အဆင့်သုံးချိတ်ခဲ့ပြီး အိမ်ကွင်းတွင် ခြေစွာလွန်းသော လီဗော်နိုအသင်းမှာ ယခုနှစ်၌ ဘရက်စ်ရှားအသင်းမှ တိုက်စစ်မှူး လူကာရယ်လီ၊ ပါးမားအသင်းမှ အန်နီလီယာနှင့် ဆမ်ဒိုးရီးယားမှ ဂရန်ဒိုနီတို့ကို အသစ်ခေါ်ယူအားဖြည့်လိုက်ရာ ရှေ့တန်းတိုက်စစ် အားကောင်းသွားသည့် အသင်းဖြစ်သည်။

လီဗော်နို ရှေ့တန်းတွင် လူကာရယ်လီမှာ စီးရီးဘီတွင် ယခင်နှစ်က ဂိုးပေါင်း ၂၇ဂိုးသွင်းထားခဲ့ပြီး ဂိုးသွင်းဘုရင်ဖြစ်သလို ပရော့တီမှာလည်း ပြီးခဲ့သည့် ဘောလုံးရာသီ၌ ၂၄ ဂိုးသွင်းထားနိုင်ခဲ့သူဖြစ်သည်။ လီဗော်နိုအသင်းမှာပထမပွဲစဉ်၌ စီးရီးအေချန်ပီယံ အေစီမီလန်ကို အေစီမီလန်ကွင်းတွင် နှစ်ဂိုးစီ သရေကျအောင် ကစားနိုင်ခဲ့ပြီး ပထမပိုင်းပွဲချိန်တွင် ဖိကစားထားနိုင်ခဲ့သည့် ခြေစွမ်းမှာ လျှော့တွက်၍မရပေ။

လီဗော်နို တိုက်စစ်မှူး လူကာရယ်လီမှာ ဂိုးသွင်းခြေမြူးလျက်ရှိရာ အိမ်ကွင်း၌ ခြေစွာသည့် ချီယေးဗိုတို့ကိုအနိုင်ကစားမည်သာဖြစ်သည်။

အဝေးကွင်းရလဒ်မကောင်းသည့် ချီယေးဗိုမှာ ယခုနှစ် စီးရီးအေ ပထမပွဲစဉ်၌ အိမ်ကွင်းတွင် အင်တာမီလန်အသင်းကိုနှစ်ဂိုးစီသရေကျအောင် ကစားထားနိုင်ရာ အထူးသဖြင့် ချီယေးဗို အလယ်တန်းကစားကွက်ကောင်းလွန်း၍ ဖြစ်သည်။

ချီယေးဗို အလယ်တန်းတွင် ရီကာဒိုနှင့် ဘရာဇီးတောင်ပံကစားသမားဖြစ်သည့် လူစီယာနို တို့က ကစားကွက်ကို ထိန်းချုပ်ကစားနိုင်သလို တိုက်စစ်မှူးများထံ တိကျသော ဘောလုံးပေးပို့မှုများ ပြုလုပ်နိုင်ကြသည်။

ချီယေးဗိုတွင် ယခုနှစ်၌ မန်ဒယ်လီ၊ ဆီမိုနီ၊ အက်စပိုစီတို တို့အား အသစ်ခေါ်ယူ အားဖြည့်ထားသော်လည်း စုစည်းညီညွတ်မှု အားနည်းနေဆဲဖြစ်ရာ အဝေးကွင်း၌ ချီယေးဗိုတို့ သရေကျအောင်ပင် ကြိုးစားကစားရမည်ဖြစ်သည်။

အီတလီ စီးရီးအေ ဒုတိယမြောက်ပွဲစဉ်များ ကစားပြီးဖြစ်ရာ အသင်းကြီးများဖြစ်သည့် လာဇီယို၊ ရိုးမားနှင့်ပါးမားအသင်းတို့၏ ချန်ပီယံ ဖြစ်နိုင် မဖြစ်နိုင်ခြေစွမ်းများကို စောင့်ကြည့်ရမည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

ချိုင်းနားအိုးပင်းတင်းနစ် ကီဗင်ကင်းအနိုင်ရရှိ

ပေကျင်း စက်တင်ဘာ ၁၇

ချိုင်းနားအိုးပင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲကို ကြာသပတေးနေ့က ကျင်းပခဲ့ရာ ပြင်သစ်မှ ဂျူယမ်ကားလော့စ်ဖာရာရိုသည် အမေရိကန်မှ ကီဗင်ကင်းအားရှုံးနိမ့်သွား၍ သူ၏ ပထမဆုံးသော အေတီပီဖလားကို လက်လွှတ်လိုက်ရသည်။

ချိုင်းနားအိုးပင်းတွင် ဖာရာရိုက ထိပ်သီးလေးဦးအနက် သုံးဦးကို စောစောပိုင်းက အနိုင်ယူခဲ့သူ ဖြစ်သည်။

အမေရိကန်မှ ကီဗင်ကင်းသည် ဖာရာရိုအား ၆–၄၊ ၆–၄ဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား အားကစား

မန်နေဂျာသစ်ဆောင်းနက် နယူးကာဆယ်အသင်းကိုအသက်သွင်းပြီ

အင်္ဂလန် စက်တင်ဘာ ၁၇

နယူးကာဆယ်အသင်းသည် ယူအီးအက်ဖ်အေ ပထမဆင့် ပထမအကျော့ပွဲစဉ်အဖြစ် အစ္စရေးမှဟာပိုဆက်ခနင်အသင်းနှင့် စိန့်ဂျိမ်းပတ်ခ်ကွင်း၌ ကြာသပတေးနေ့ကယှဉ်ပြိုင်ကစားကြရာ နယူးကာဆယ်အသင်းက နှစ်ဂိုး – ဂိုးမရှိဖြင့် အနိုင်ရလိုက်ချိန်တွင် ဟာပိုဆက်ခနင်အသင်း၏ အိပ်မက်သည် ပျက်ပြယ်သွားခဲ့ရသည်။

နယ်သာလန်ဘောလုံးသမား ပက်ထရစ်ကလွိုက်ဗတ်က နယူးကာဆယ်အသင်းအတွက် နှစ်ဂိုးသွင်းပေးခဲ့သည်။

ပထမဆုံး အောင်မြင်မှု

နယူးကာဆယ် မန်နေဂျာအသစ်ဂရာမီဆောင်းနက် အသင်းအား စတင်ကိုင်တွယ်ချိန်မှစပြီး ယခုအနိုင်ရမှုသည် နယူးကာဆယ်အသင်း၏ ပထမဆုံး အောင်မြင်မှုပင်ဖြစ်သည်။ နယူးကာဆယ်အသင်းသည် ပြန်လည်အသက်ဝင်လာပြီ ဖြစ်သည်။

ဆောင်းနက်သည် လေးပွဲကစားပြီး နိုင်ပွဲမရရှိခဲ့သော မန်နေဂျာဟောင်း ဘော်ဘီရော့ဘ်ဆင်နေရာတွင် မန်နေဂျာတာဝန်ကို ရယူခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

ဟာပိုဆက်ခနင်အသင်း ဂိုးဧရိယာအတွင်း နယူးကာဆယ်ဘောလုံးသမားများ ဂိုးရရှိရေး အကြိတ်အနယ် ကြိုးစားနေသည်ကို ဤသို့တွေ့ရသည်။

ဓာတ်ပုံ–အင်တာနက်

ရီးရဲမက်ဒရစ်အသင်းတောင့်တင်းရန်လိုအပ်ပြီ နောက်တန်းလူရော်ဘတ်တိုကားလို့စ်ပြောကြား

မက်ဒရစ် စက်တင်ဘာ ၁၇

ရီးရဲမက်ဒရစ်အသင်းသည် တောင့်တင်းခိုင်မာသော အသင်းအဖြစ် လုပ်ဆောင်ရန်လိုအပ်လိမ့်မည်ဖြစ်ကြောင်း၊ မိမိတို့သည် မိမိတို့၏လမ်းကြောင်းမှန် ခြေမှန်ပြန်ကစားနိုင်လျှင် အောင်မြင်မှုရရန် ခက်ခဲလိမ့်မည်မဟုတ်ကြောင်း ဘရာဇီးနောက်တန်းလူ ရော်ဘတ်တိုကားလို့စ်က ပြောကြားသည်။

သုံးဂိုး–ဂိုးမရှိ

ရီးရဲမက်ဒရစ်အသင်းသည် ဗုဒ္ဓဟူးနေ့က ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဘေယာ လီဗာကူဆင်အသင်းအား သုံးဂိုး–ဂိုးမရှိဖြင့်ရှုံးနိမ့်ခဲ့ပြီးနောက် စပိန်မီဒီယာက ပယ်ပယ်နယ်နယ် ပြစ်တင်ရှုတ်ချလိုက်သည်။

လက်ခံမည်မဟုတ်

ရီးရဲမက်ဒရစ်အသင်းသည် အဆိုပါဂျာမန်အသင်းကို ဆိုးရွားစွာ ယှဉ်ပြိုင်ကစားခဲ့မိသည်ကို မိမိဝန်ခံပါကြောင်း၊ အသင်းတွင် ပြဿနာတစ်စုံတစ်ခုဖြစ်နေသည်ဆိုသည်ကို လက်ခံမည်မဟုတ်ကြောင်း ရော်ဘတ်တိုကားလို့စ်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

အိန္ဒိယ၏အကောင်းဆုံးအားကစားသမားဆု ကမ္ဘာ့အလျားခုန် ကြေးတံဆိပ်ရှင်အင်ဂျူးရရှိ

နယူးဒေလီ စက်တင်ဘာ ၁၇

ကမ္ဘာ့အလျားခုန် ကြေးတံဆိပ်ရှင် အင်ဂျူးဘော်ဘီဂျော့သည် ဗုဒ္ဓဟူးနေ့က အိန္ဒိယနိုင်ငံ၏ အမြင့်ဆုံးအားကစားဆုကို ရရှိသွားသည်။

အသက်၂၇နှစ်အရွယ်ရှိ အင်ဂျူးအား ၂၀၀၃ခုနှစ်အတွက် အဆိုပါအားကစားဆုကို ချီးမြှင့်ခြင်းဖြစ်သည်။ ယင်းသို့ ချီးမြှင့်ရာတွင် အိန္ဒိယမှ ခရစ်ကက်အသင်းခေါင်းဆောင် ဆော်ရေဗ့်ဂန်ဂူလီနှင့် ရပ်ဟိုးတို့ အပါအဝင် အခြားသော အားကစားသမား၁၂ဦးအနက် အင်ဂျူးအား အကောင်းဆုံးအားကစားသမားဆုကို ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

ပီတီအိုင်

နိုင်ငံတကာပေးစာရေးပြိုင်ပွဲ ပြည်တွင်းအဆင့်ဆုရသူများကြေညာ

ရန်ကုန် စက်တင်ဘာ ၁၈

ယူပီယူနှင့် ယူနက်စကိုတို့၏ အစီအစဉ်အရ ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ်အဖြစ် ၂၀၀၄ခုနှစ် (၃၃)ကြိမ်မြောက် အသက်၁၅နှစ်နှင့်အောက် လူငယ်များ၏ နိုင်ငံတကာပေးစာရေးပြိုင်ပွဲကို I am writing to tell you how your people can help reduce poverty ခေါင်းစဉ်ဖြင့် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ၁၅-၁၁-၂၀၀၃တွင် မြန်မာပြည်တစ်ဝန်းလုံးရှိ သတ်မှတ်ထားသော အခြေခံပညာကျောင်းများ၌ မြို့နယ်အလိုက် ကျင်းပခဲ့ရာ ပြည်တွင်းအဆင့်တွင် ပထမဆုကို မောင်စိုးလတ်ထွန်း သတ္တမတန်း အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း မြိတ်မြို့က လည်းကောင်း၊ ဒုတိယဆုကို မဇွန်ငြိမ်းစု ဒသမတန်း အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ပြည်မြို့က လည်းကောင်း၊ တတိယဆုကို မဝေမွန်ငြိမ်း အဋ္ဌမတန်း လေ့ကျင့်ရေးကျောင်း အခြေခံပညာအလယ်တန်းကျောင်း ပုသိမ်မြို့က လည်းကောင်း၊ နှစ်သိမ့်ဆု သုံးဆုကို မကေသီဝင်း အဋ္ဌမတန်း ခတ်ချိုအခြေခံပညာအထက်တန်းကျောင်း ဝိုင်းမော်မြို့၊ မဖြူသွယ်နှင်းလွင်လွင် အဋ္ဌမတန်း အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း မကွေးမြို့နှင့် မခိုင်တင်ဇာမြင့် အဋ္ဌမတန်း အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကြည့်မြင်တိုင်တို့က လည်းကောင်း၊ အထူးဆု နှစ်ဆုကို မခင်ခင်လေး အဋ္ဌမတန်း အမှတ်(၆) အခြေခံပညာ အထက်တန်း ကျောင်း မော်လမြိုင်နှင့် မောင်ဖြိုးသုတ ဆဋ္ဌမတန်း လေ့ကျင့်ရေး အခြေခံ ပညာအလယ်တန်းကျောင်း ပုသိမ်တို့က လည်းကောင်း အသီးသီးရရှိကြသည်။

ပြည်တွင်းအဆင့် ပထမဆုရရှိသည့် မောင်စိုးလတ်ထွန်း၏ ပေးစာရေး စာမူကို နိုင်ငံတကာအဆင့်တွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ဆွစ်ဇာလန်နိုင်ငံ ကမ္ဘာ့စာပို့တိုက်သမဂ္ဂ(ယူပီယူ)သို့ အင်္ဂလိပ်ဘာသာပြန်ဆို၍ ပေးပို့ဆောင်ရွက် ထားသည်။

အဆိုပါ ပြည်တွင်းအဆင့် ဆုရသူများကို ၂၀၀၄ခုနှစ် အောက်တိုဘာ ၉ရက်တွင် ကျင်းပမည့် ကမ္ဘာ့စာပို့တိုက်နေ့အထိမ်းအမှတ် အခမ်းအနား၌ ဆုချီးမြှင့်မည်ဖြစ်သဖြင့် ဆုရရှိသူများသည် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန အကွက်(၆၈) ရေဝဏ်လမ်း ဒဂုံဆိပ်ကမ်းမြို့နယ် ရန်ကုန်မြို့သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၅၉၁၃၈၂နှင့် ၅၉၁၃၈၆ တို့သို့ဖြစ်စေ ဆောလျင်စွာ သတင်းပို့ဆက်သွယ်ကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။

စက်တင်ဘာ ၁၇ ရက်က နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ဆွမ်းဆက်ကပ်လှူဒါန်းခြင်း အခမ်း အနားကို နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်)၌ ကျင်းပရာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း လှူဖွယ်ပစ္စည်းများ ဆက်ကပ်စဉ်။ (နယ်စပ်/စည်ပင်)

ဂရုဓမ္မအခါတော်နေ့ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၈

ဗဟန်းမြို့နယ် မင်္ဂလာဗျူဟာ အသင်းချုပ်၌ (၃၂)ကြိမ်မြောက် ဂရုဓမ္မအခါတော်နေ့ ပူဇော်ပွဲကို စက်တင်ဘာ ၂၈ရက်တွင် ကျင်းပမည်ဖြစ်ရာ နံနက်၉နာရီခွဲတွင် ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ ရှစ်ပါးသီလခံယူပြီး မွန်းလွဲ၁ နာရီတွင် နိုင်ငံတော်ပရိယတ္တိ သံဃာ့တက္ကသိုလ် မော်ကွန်းထိန်းဆရာတော် ဘဒ္ဒန္တကုမာရက ဂရုဓမ္မအခါတော်နေ့နှင့် စတုပါရိသုဒ္ဓိသီလအကြောင်း ဟောပြောမည် ဖြစ်၍ ဓမ္မမိတ်ဆွေများ ကြွရောက်ရန် ဖိတ်ကြားနိုးဆော်ထားသည်။ **(က-ပ)**

အာစရိယပူဇော်ပွဲ

ရန်ကုန် စက်တင်ဘာ ၁၈

အင်းစိန် အထက(၃)ဒုတိယ အကြိမ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ရက်၌ အဆိုပါ ကျောင်းခန်းမတွင် စည်ကားစွာ ကျင်းပမည်ဖြစ်ရာ စက်တင်ဘာ ၁၉ရက်မှစ၍ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း နံနက် ၁၀နာရီတွင် အင်းစိန် အောင်ဆန်း အထက(၃)၌ ကျင်းပမည့် အာစရိယပူဇော်ပွဲအစည်း အဝေးသို့ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် လှူဒါန်းလိုသူများနှင့် ၁၉၅၄ခုနှစ်မှ ၂၀၀၃ခုနှစ်ထိ တာဝန်ထမ်းဆောင်ခဲ့သော သက်ပြည့်အငြိမ်းစားယူသွားကြသည့် ဆရာကြီး ဆရာမကြီးများသည် ဒေါ်ခင်မြရီ ဖုန်း-၆၄၃၂၈၆၊ ၆၄၀၄၅၂ (ကျောင်းချိန်) ဒေါ်ဌေးဌေးဝင်း၊ ဒေါ်အေးမောင် ဖုန်း-၆၄၀၄၅၂ (ကျောင်းချိန်)သို့ ဆက်သွယ်ကြရန် ကျင်းပရေးကော်မတီက နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

စက်တင်ဘာ ၁၅ရက်က ရန်ကုန်မြို့ ကန်တော်ကြီးဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် မင်္ဂလာတောင်ညွန့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးဆောင်၍ ကန်တော်ကြီးပတ်လမ်းတွင် အရိပ်ရသစ်ပင်များ စိုက်ပျိုးရန် မြို့နယ်ဥက္ကဋ္ဌ ဦးချစ်ကိုကိုနှင့် လူမှုရေးအဖွဲ့အစည်းများမှ အဖွဲ့ဝင်များက ပျိုးပင်၂၀၀ကို သယ်ဆောင်လာကြစဉ်။ (၂၅၉)

တာမွေမြို့နယ် မြန်မာပြည်သား အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်းစု လီမိတက်၏ (၁၀)နှစ်ပြည့် အထိမ်းအမှတ်ပွဲကို စက်တင်ဘာ ၁၆ရက်က ကျင်းပရာ အသင်းစု ဥက္ကဋ္ဌ ဦးမြင့်နိုင်က ဝန်ထမ်းများကိုယ်စား ဝတ်စုံများကို ဦးတင်ထွန်းသို့ ပေးအပ်စဉ်။ (၁၁၅)

ရေဝတီမြစ်ရေ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

ရန်ကုန် စက်တင်ဘာ ၁၈

ဧရာဝတီမြစ်ရေသည် ချောက်မြို့နှင့် ပြည်မြို့တို့တွင် ယနေ့မွန်းတည့်မှ နောက်၄၈နာရီအတွင်း စင်တီမီတာ ၄၀(တစ်ပေခွဲခန့်)မြင့်တက်လာနိုင်ပြီး စိုးရိမ်ရေမှတ် စင်တီမီတာ ၁၄၅၀နှင့် စင်တီမီတာ ၂၉၀၀သို့ ရောက်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည်အောင်လံမြို့တွင် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ၂၅ စင်တီမီတာ (တစ်ပေခန့်) မြင့်တက်လာနိုင်ပြီး စိုးရိမ်ရေမှတ် စင်တီမီတာ၂၅၅၀သို့ ရောက်ရှိနိုင်သည်။

အလားတူဧရာဝတီမြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ဟင်္သာတမြို့တွင်၂၃စင်တီမီတာ စိုးရိမ်ရေမှတ်အထက်တွင် ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ငါးရက်အတွင်း စင်တီမီတာ၇၀ (နှစ်ပေခန့်) မြင့်တက်လာနိုင်သည်။

သံလွင်မြစ်ရေသည် ယနေ့နံနက်ခြောက်နာရီခွဲတိုင်းထွာချက်အရ ဘားအံမြို့တွင် စင်တီမီတာ ၁၃၀ (လေးပေ) စိုးရိမ်ရေမှတ် အထက်တွင် ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်ခြောက်ရက်အတွင်း စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

(မြန်မာ့အလင်း)

Happy Birth Day ကိုနေ

"ကိုနေ"ရဲ့ ၁၉-၉-၂၀၀၄ မွေးနေ့မှသည် နောင်လာမယ့်မွေးနေ့တိုင်းမှာ ပျော်ရွှင်မှုများကို မျှဝေခံစားရင်း အခက်အခဲမှန်သမျှ ဖြတ်သန်းအောင်မြင်ရင်းနဲ့ ထာဝရလက်တွဲဖော်အဖြစ် ရှိနေမှာပါ။ **သဲသဲ။**

စေ့စပ်ကြောင်းလမ်းခြင်းအားဖျက်သိမ်းခြင်း

၁။ မောင်ကျော်ဇေယျာမျိုးနှင့် မသူဇာမြင့်ထွန်းတို့အား ၅-၆-၂၀၀၄ရက်တွင် စေ့စပ်ကြောင်းလမ်းခဲ့ပါသည်။

၂။ သို့ရာတွင် မသူဇာမြင့်ထွန်းနှင့် မိဘများဘက်မှ သဘောတူလက်ခံနိုင်ခြင်းမရှိတော့ပါသဖြင့် စေ့စပ်ကြောင်းလမ်းခြင်းကို ဖျက်သိမ်းလိုက်ပါသည်။

မသူဇာမြင့်ထွန်းနှင့်
ဗိုလ်မှူးထွန်းသိန်း (ငြိမ်း)
ဒေါ်မြင့်မြင့်သန်း။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်(၅၄၊သမိုင်း)၊မြေကွက်အမှတ်(၁၈-ခ^၁/၁၈-ခ^၂/၁၈-ခ^၃/၁၈-ခ^၄/၁၈-ခ^၅/၁၈-ခ^၆/၁၈-ခ^၇/၁၈-ခ^၈) ဦးဝင်းအမည်ပေါက်(ဘီ-မြေပိုင်မြေ)အား ဒေါ်ခင်မာဝင်း ၁၂/လမန(နိုင်)၁၀၉၀၇၄၊ အမှတ်၁၇၊ ပြည်လမ်း၊ ခြောက်မိုင်ခွဲ၊ လှိုင်မြို့နယ်က မြေအမည်ပြောင်းခွင့်လျှောက်ထားခြင်းနှင့် မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၉)သမိုင်း၊မြေကွက်အမှတ်(၁/က) လ/န(၃၉)ရပြီးမြေပိုင်မြေ(သီလရှင်ဒေါ်ဩသဓောဏီ+၁) အမည်ပေါက်မြေကို ဦးမြအေး+၁ ၁၀/မလမ(နိုင်)၀၃၇၅၈၃က အမည်ပြောင်းလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **ဌာနမှူး**
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမဌာန။



မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၈

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက် အားကစားသမားများ ပေါ်ထွက်လာရေးအတွက် Han Golf Masters မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲကို စက်တင်ဘာ ၂၈ရက် နံနက် ၇နာရီတွင် ရန်ကုန်မြို့ မြန်မာဂေါက်ကလပ် (၉-မိုင် ပြည်လမ်း)၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အသက်(၈-၁၀)နှစ်အတန်း၊ အသက်(၁၁-၁၂)နှစ်အတန်း၊ အသက်(၁၃-၁၄)နှစ်အတန်း၊ အသက်(၁၅-၁၇)နှစ်အတန်းနှင့် အမျိုးသမီးအသက်(၁၈)နှစ်နှင့်အောက် ပြိုင်ပွဲဟူ၍ သက်တန်းငါးတန်းခွဲ၍ ကျင်းပမည်ဖြစ်သည်။

မေးမြန်းစုံစမ်းနိုင်

အဆိုပါ ဆဋ္ဌမအကြိမ်မြောက် Han Golf Masters မျိုးဆက်သစ် လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် လူငယ်ဂေါက်သီးရိုက် အားကစားမောင်မယ်များသည် စက်တင်ဘာ ၂၇ရက် မွန်းလွဲ ၂နာရီ နောက်ဆုံးထား၍ H.G.M PRO-SHOP၊ Y.G.C ဖုန်း-၆၃၅၅၆၃၊ Y.C.D.C ဖုန်း- ၆၄၁၃၄၁၊ M.G.C ဖုန်း-၆၆၁၇၂၀နှင့် Han Event Management Office အမှတ် (၁၅/A) ကမ္ဘာ့ဇလမ်း ဗဟန်းမြို့နယ် ဖုန်း-၅၄၂၉၈၉ နှင့် ဖုန်း-၇၂၃၂၂၁တို့သို့ အမည်စာရင်းများပေးသွင်းကြပြီး ပြိုင်ပွဲနှင့်ပတ်သက်၍ မေးမြန်းစုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သား မောင်ကျော်ဇင်ထွန်း ၁၂/ပဇတ(နိုင်) ၀၂၉၀၀၆ သည် မိဘညီအစ်ကိုမောင်နှမများကို စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်ပြီး နေအိမ်မှ မိမိဆန္ဒအတိုင်း ဆင်းသွားပါသဖြင့် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

မိခင်-ဒေါ်ခင်မြင့်ရီ၊ TTN-၁၄၅၄၃၉။

နိုင်ငံတစ်ဝန်းဖွံ့ဖြိုးတိုးတက်နေသော ကိုယ့်အားကိုယ်ကိုးကျေးရွာစာကြည့်တိုက်များမြင်ကွင်း

ဩဂုတ်၁၈ ရက်က ဒိုက်ဦးမြို့နယ် ကျေးရွာ စာကြည့်တိုက်များ ရှင်သန် ဖွံ့ဖြိုးတိုးတက်ရေး အတွက်မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်စိန်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးဒေါ်ခင်စန်းဦးနှင့် ဓာတ်ပုံကျွမ်းကျင်(၂)ဦးနေလင်းတို့က ရှမ်းစု၊ ပေါက်တပင်၊ ပျဉ်းမပင်နှင့် ကတုတ်ရွာမကျေးရွာများရှိ ဖွင့်လှစ်ပြီး ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များသို့ ကွင်းဆင်းကြည့်ရှုစဉ်။ (မြို့နယ် ပြန်/ဆက်)

သနပ်ပင်မြို့နယ်တွင် ကျေးလက်စာကြည့်တိုက်ဖွင့်၊ စာအုပ်စာတမ်းများလှူဒါန်း

သနပ်ပင် စက်တင်ဘာ ၁၂

ပဲခူးခရိုင် သနပ်ပင်မြို့နယ် ထပ်ခနိမ်ကျေးရွာ ကိုယ့်အားကိုယ်ကိုးကျေးလက်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၄ရက် နံနက် ၁၁ နာရီက အခြေခံပညာမူလတန်းကျောင်းရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် စာကြည့်တိုက်ကို မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကြည်၊ ကျေးရွာ ဥက္ကဋ္ဌ ဦးတင်ဦးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် မြို့နယ်ဥက္ကဋ္ဌနှင့် ကျေးရွာဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြပြီး မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်ဦးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် စာကြည့်တိုက်အကြောင်း သိကောင်းစရာများ ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျေးလက်စာကြည့်တိုက်သို့စာအုပ်စာစောင်များပေးအပ်လှူဒါန်းပြီး ကျေးရွာဥက္ကဋ္ဌ ဦးတင်ဦးနှင့်ဇနီး ဒေါ်တင်မြင့် တို့က ကျေးလက်စာကြည့်တိုက် တာဝန်ခံသို့ အလှူငွေကျပ် ၅၀၀၀ ပေးအပ်လှူဒါန်းကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

စဥ့်ကူးမြို့နယ် ရှောက်ပင်ရိုးကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

စဥ့်ကူး စက်တင်ဘာ ၁၃

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် စဥ့်ကူးမြို့နယ် ရှောက်ပင်ရိုးကျေးရွာတွင် ဩဂုတ် ၁၂ ရက်က စဥ့်ကူးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ကြီးကြပ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကျင်းပသည်။

စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောထွန်းနောင်နှင့် ရှောက်ပင်ရိုးကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဦးချစ်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)** **(က-ပ)**

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ရှိသင့်သည်

* ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များဖွင့်လှစ်နိုင်ရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဆက်သွယ်ပါ။

* ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ ရသစာအုပ်များလှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

ချောက်မြို့နယ် မကျီးကုန်းကျေးရွာ၌ ကျေးလက်စာကြည့်တိုက်ဖွင့် စာကြည့်တိုက် ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေးမှာကြား

ချောက် စက်တင်ဘာ ၁၅

ချောက်မြို့နယ် မကျီးကုန်းကျေးရွာအုပ်စု ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးတွင်ကျေးလက်စာကြည့်တိုက်ဖွင့်ပွဲကို စက်တင်ဘာ ၃ ရက်က ကျင်းပရာ စာအုပ်မျိုးစုံ ၁၀၀ စေတနာအလှူရှင် မြို့နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီအတွင်းရေးမှူး ဦးတင်ထွန်းက စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းသည်။ **(အောက်ပုံ)**

ထိန်းသိမ်းရေး

အခမ်းအနားတွင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူးက စာကြည့်တိုက် အကျိုးကျေးဇူးနှင့် စာကြည့်တိုက် ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေး ဆွေးနွေးမှာကြားသည်။

(မြို့နယ် ပြန်/ဆက်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှိသင့်သည်

ကိုယ့်အားကိုယ်ကိုး တီကျစ်ကျေးရွာ ပညာတံခွန် စာကြည့်တိုက်ဖွင့် ဖြစ်မြောက်ရေး ကြိုးပမ်းမှုရှင်းလင်း

နောင်တရား စက်တင်ဘာ ၅

ပင်လောင်းမြို့နယ် နောင်တရားမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ တီကျစ်ကျေးရွာ အုပ်စု ကိုယ့်အားကိုယ်ကိုး ပညာတံခွန် စာကြည့်တိုက်ဖွင့်ပွဲကျင်းပရာ ပင်လောင်းမြို့နယ်ဥက္ကဋ္ဌ ဦးစောလှဦးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ရှင်းလင်းပြောကြား

ထို့နောက် စာကြည့်တိုက်ခန်းမအတွင်းသို့ လှည့်လည်ကြည့်ရှုကြပြီးနောက် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးဦးခွန်လှမောင်ဌေးက စာကြည့်တိုက်ဖြစ်မြောက်ရေးအတွက် ကြိုးပမ်းမှုများ၊ စာကြည့်တိုက် ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။

လက်ခံ

ဆက်လက်၍ စာအုပ်လှူဒါန်းပွဲကျင်းပရာ နောင်တရားမြို့ အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွေးက စာအုပ်မျိုးစုံ အုပ်၂၀၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူးက စာအုပ်မျိုးစုံ အုပ်၃၀လှူဒါန်းကြရာ တီကျစ်ကျေးရွာဥက္ကဋ္ဌဦးကိုလေးက လက်ခံရယူသည်။

(၃၆၉)

ဂန့်ဂေါခရိုင်အဆို၊အက၊အရေး၊အတီးပြိုင် ဆုရရှိသူများအား ခရိုင်ဥက္ကဋ္ဌ ဆုချီးမြှင့်ပေးအပ်

ဂန့်ဂေါ စက်တင်ဘာ ၅

ဂန့်ဂေါခရိုင် ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဖွင့်ပွဲကို ဩဂုတ် ၂၁ ရက်က ဂန့်ဂေါမြို့ မြစ်သာ ခန်းမ၌ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးလှဆွေက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှဆွေက အမှာစကား ပြောကြားပြီး ခရိုင်မြန်မာ့ရိုးရာယဉ် ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ခရိုင်အတွင်းရေးမှူး ဗိုလ်မှူးအောင်လှက ပြိုင်ပွဲစည်းကမ်းများကို ရှင်းလင်းပြော ကြားသည်။

ထို့နောက် ပြိုင်ပွဲကို ဆက်လက် ကျင်းပရာ အခြေခံပညာ အဆင့်၊ ဝါသနာရှင် အဆင့်၊ ပညာရှင်အဆင့် တို့မှ ၇၂ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ဆုပေးပွဲအခမ်းအနားကို ဩဂုတ် ၂၂ ရက်က ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှဆွေနှင့် တာဝန် ရှိသူများက ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ **(၂၇၃)**

ပုသိမ်ခရိုင် ဒွါဒသမအကြိမ် (၁၂ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီးပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ပုသိမ်မြို့ ကိုးသိန်းမိုးလုံ လေလုံအားကစားခန်းမတွင် စက်တင်ဘာ ၂ ရက်က ကျင်းပရာ ပညာရှင် အဆင့်နှင့် ဝါသနာရှင်အဆင့် တံခွန်စိုက်ဆုရရှိသော ပုသိမ်မြို့နယ်အဖွဲ့အား ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှသွင်က တံခွန်စိုက်ဖလားချီးမြှင့်စဉ်။

(ခရိုင် ပြန်/ဆက်)

အပြို့ပြို့ အနယ်နယ် သတင်းများ

ကျောက်ပန်းတောင်း ရွှေနဒီဓမ္မပိမာန် ရေစက်ချလှူဒါန်း

ကျောက်ပန်းတောင်း စက်တင်ဘာ ၁၅

ကျောက်ပန်းတောင်းမြို့ စိတ္တပါလ ဂူကျောင်း စာသင်တိုက်ကြီးတွင် ကျပ်သိန်း ၇၀၀ အကုန်အကျခံတည်ဆောက်သောနှစ်ထပ်ရွှေနဒီဓမ္မပိမာန်**(အပေါ်ပုံ)** ရေစက်ချ လှူဒါန်းပွဲနှင့် ရှင်သာမဏေ အပါး ၁၆၀၊ ရှင်ပြုပွဲ အကြိုတရားပွဲ များကို သီတဂူကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ် အဓိပတိ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မ ကထိက ဗဟုဇနဟိတဓရဒေါက်တာဉာဏိဿရ (စစ်ကိုင်းတောင်)နှင့် ဆရာတော်ကြီး များက ဟောကြား၍ စက်တင်ဘာ ၁၀ ရက် နံနက်တွင် ရွှေနဒီဓမ္မပိမာန် တော်ကြီး ရေစက်ချလှူဒါန်းပွဲ အခမ်း အနားကျင်းပသည်။

ရေစက်ချအမျှပေး

အခမ်းအနားသို့ ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ နာယက ဘဒ္ဒန္တ ဇဋိလ(အဂ္ဂမဟာ ကမ္မဋ္ဌာနာ စရိယ) ဆရာတော်ကြီးနှင့် ကျောက်ပန်း တောင်းမြို့ စိတ္တပါလ ဂူကျောင်းစာ သင်တိုက် ဦးစီးပဓာန နာယက ဘဒ္ဒန္တ လာဘ (အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ) ဆရာတော်အမှူးပြုသော ပင့်သံဃာတော် ၈၁ ပါး ကြွရောက် တော်မူ၍ အလှူဒါယကာ ရန်ကုန်မြို့ ရွှေတောင်ကြား(၂)ရပ်ကွက် ခြံအမှတ် (၃၄/ခ)နေ ဦးစိုးသိမ်း-ဒေါ်ဆင်နု (ရွှေနဒီမိသားစုများ)က မဟာစည် သာသနာ့ရိပ်သာ နာယကဆရာတော် ကြီးထံမှ အနုမောဒနာတရားတော်များ နာကြားကာ ရွှေနဒီ ဓမ္မပိမာန်နှင့် ယောဂီကျောင်းဆောင်တိုက် သစ်နှင့် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၌ အာရုံခံ တန်ဆောင်း တစ်ဆောင်တို့ လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှ ပေးဝေကြသည်။ **(က-ပ)**

စက်တင်ဘာ ၂ရက်က ပေါင်းတည်မြို့နယ် မှတ်တိုင်အုပ်စု၊ မှတ်တိုင်အခြေခံပညာ အထက်တန်းကျောင်း၌နိုင်ငံသားအရည် အချင်းပြည့်မီသူ ကျောင်းသားကျောင်းသူ ၂၄၅ ဦးတို့အား နိုင်ငံသားစိစစ်ရေး ကတ်ပြားပေးအပ်ပွဲကျင်းပရာမြို့နယ် ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးမြင့်စိုးက နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျောင်းအုပ်ဆရာကြီး ဦးသိန်းမြင့်သို့ ပေးအပ်စဉ်။ (ဝ၆၄)

ကျိုင်းတုံမြို့သန့်ရှင်းလှပရေး ကြီးကြပ်ဆောင်ရွက်ပေး

ကျိုင်းတုံ စက်တင်ဘာ ၈

ကျိုင်းတုံမြို့သန့်ရှင်းသာယာလှပ ရေးအတွက် စက်တင်ဘာ ၂ ရက်က မြို့လယ် လမ်းနှင့် လမ်းဘေးရေမြောင်း အတွင်း အမှိုက်များ ဆယ်ခြင်းလုပ် ငန်းကို မြို့နယ်စည်ပင်သာယာရေး အဖွဲ့မှ ဆောင်ရွက်ကြရာ အမှုဆောင် အရာရှိ ဦးခင်ကျော်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးဉာဏ်ထွန်းတို့က ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

စက်ရေတွင်းနှင့်စက်ပစ္စည်းများ ထိန်းသိမ်းရေး ဆွေးနွေး

ကန့်ဘလူ စက်တင်ဘာ ၈

စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက် ခဲ့ပြီးဖြစ်သော ရေရရှိရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စက် ရေတွင်းနှင့် စက်ပစ္စည်းများ ကြံ့ခိုင်ထိန်းသိမ်းရေးပညာပေး ဆွေးနွေးပွဲအခမ်း အနားကို ဩဂုတ် ၁၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ကျင်းပ ရာ စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်စိုး တက်ရောက်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ အမှုဆောင်အရာရှိ ဦးအောင်ကိုလတ်က စက်ရေတွင်းများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စည်ပင်သာယာရေးအဖွဲ့နှင့် ဒေသခံ ကျေးရွာ ပြည်သူလူထုတို့ ဝိုင်းဝန်း ပူးပေါင်းထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်ပုံများကိုရှင်း လင်းပြောကြားပြီး အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမိုးကျော်က စက်ရေတွင်းနှင့် စက်ပစ္စည်းများ ကြံ့ခိုင်ထိန်းသိမ်းရေးကိစ္စရပ်များ ရှင်းလင်းဆွေးနွေးသည်။ **(မြို့နယ်စည်ပင်)**

စက်တင်ဘာ ၁ ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန် ကြားရေးမှူး ဦးအုန်းသွင် ကျိုက်လတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ၂ လမ်း ချိုင့်ခွက်များကျောက်ဖြည့်ပြုပြင်ဆောင်ရွက်မှု လုပ်ငန်းအား ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်မောင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးကျော်ဝင်းတို့က ရှင်းလင်းပြသကြစဉ်။

(မြို့နယ်စည်ပင်)

e- Education Learning Centre

သင်ခန်းစာ ထုတ်လွှင့်မည့်အစီအစဉ်

မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီထိ

၂၀-၉-၂၀၀၄ (တနင်္လာနေ့)

- ❑ Secrects of Spirulina
  - ပညာပေး (ကျောင်းသူ၊ကျောင်းသားနှင့် ပြည်သူများ)
- ❑ Genetics and Agriculture
  - ပညာပေး(ကျောင်းသူ၊ကျောင်းသားနှင့် ပြည်သူများ)
- ❑ Methods of Orchid Propagation
  - ပညာပေး(ကျောင်းသူ၊ကျောင်းသားနှင့် ပြည်သူများ) သက်ရှိနှင့်ပတ်ဝန်းကျင်
  - ပညာပေး(ကျောင်းသူ၊ကျောင်းသားနှင့် ပြည်သူများ)

၂၁-၉-၂၀၀၄ (အင်္ဂါနေ့)

- ❑ Varieties and Medicinal Value of Aloes
  - ပညာပေး(ကျောင်းသူ၊ကျောင်းသားနှင့်ပြည်သူများ)
- ❑ Water , Water Pollution and Its Treatment
  - အများပြည်သူများ
- ❑ Contemporary Science and Role of Genetics
  - ဒုတိယနှစ်မှ စတုတ္ထနှစ်အထိ ရက္ခဗေဒအထူးပြု အဝေးသင်တက္ကသိုလ်/နေ့ကျောင်းသား၊ကျောင်းသူများနှင့် ဘွဲ့ကြို ကျောင်းသားကျောင်းသူများ၊ အများပြည်သူများ

၂၂-၉-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

- ❑ အမျိုးနှင့်အမျိုးစောင့်တရား
  - ပထမနှစ်အထူးပြုအားလုံး နေ့ကျောင်းသူ ကျောင်းသားများ
- ❑ ပုဂံခေတ်လူ့အဖွဲ့အစည်း
  - တတိယနှစ်မြန်မာစာအထူးပြုကျောင်းသူ ကျောင်းသားများ
- ❑ Translation Studies
  - မဟာဝိဇ္ဇာအရည်အချင်းစစ် အင်္ဂလိပ်စာအထူးပြု
- ❑ Psycholinguistics
  - ဒုတိယနှစ်မဟာဝိဇ္ဇာ အင်္ဂလိပ်စာအထူးပြု

၂၃-၉-၂၀၀၄ (ကြာသပတေးနေ့)

- ❑ ပုစွန်အကြောင်းသိကောင်းစရာ
  - အများပြည်သူ
- ❑ Soaps and Detergents (Soaps)
  - တတိယနှစ်ကုန်ထုတ် ဓာတုဗေဒ/ဓာတုဗေဒ အထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Detergents
  - တတိယနှစ်ကုန်ထုတ် ဓာတုဗေဒ/ဓာတုဗေဒ အထူးပြု ကျောင်းသား ကျောင်းသူများ

၂၄-၉-၂၀၀၄ (သောကြာနေ့)

- ❑ - မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဥပဒေနှင့် နိုင်ငံတော်၏ လက်တွေ့ဆောင်ရွက်ချက်များ
  - အများပြည်သူများ
- ❑ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေအရ ကုမ္ပဏီများဖွဲ့စည်းခြင်း
  - တတိယနှစ် ဥပဒေအထူးပြု အဝေးသင်တက္ကသိုလ် ကျောင်းသား ကျောင်းသူများ
- ❑ လျှပ်စစ်၊ ဗို့အားနှင့်ဓာတ်လိုက်ခြင်း
  - ပထမနှစ်ရူပဗေဒအထူးပြုအဝေးသင်/နေ့ကျောင်းသား ကျောင်းသူများ

နံနက် ၉း၀၀နာရီမှ ညနေ ၄း၀၀နာရီထိ

၂၅-၉-၂၀၀၄ (စနေနေ့)

- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသား၊ကျောင်းသူများအတွက် သင်ခန်းစာများ

၂၆-၉-၂၀၀၄ (တနင်္ဂနွေနေ့)

- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသား၊ကျောင်းသူများအတွက် သင်ခန်းစာများ

စက်တင်ဘာ ၁၃ ရက်က သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး သမဝါယမ ဒေသထွက်ကုန်အရောင်းပွဲတော်ကျင်းပရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သမဝါယမ)

ဝိပဿနာတရားစခန်း ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၈

ပဲခူးတိုင်း ကြို့ပင်ကောက်မြို့နယ် ကံကလေးကျေးရွာတွင် (၁၅)ကြိမ်မြောက် ဝိပဿနာ စခန်းပွဲကြီးကို အောက်တိုဘာ ၁ရက်မှ ၁၀ရက်အထိ ကျေးဇူးရှင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဇောဓိသာသနာ့ရိပ်သာ ဆရာတော် ဘဒ္ဒန္တဝါယမက သတိပဋ္ဌာန်အလုပ်ပေးတရား ဟောကြားပြသမည်ဖြစ်၍ တရားစခန်းဝင်လိုသော ယောဂီများ စက်တင်ဘာ ၃၀ရက် ညနေ ၅နာရီအရောက် ကံကလေးကျေးရွာ ဗုဒ္ဓ၏ အလိုတော်ကျ သာသနာ့ရိပ်သာ ကျောင်းတိုက်သို့ ကြွရောက်နိုင်ပြီး ဖုန်း-၀၅၃-၂၅၅၁၄၊ ကြို့ပင်ကောက်မြို့ ကိုသန်းအောင် ဖုန်း-၂၄၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)



ဆက်ကပ်လှူဒါန်း

ဘုရားဖြူကျောင်းတိုက် သုံးထပ်ကျောင်းတော်ကြီး တည်ဆောက်ရန် (ဦးစံညွန့်-ဒေါ်သီ) ကွမ်ဆိပ် ရွှေကျင် ၁၆၁/၅၁လမ်း ပုဇွန်တောင်တို့အား ရည်စူး၍ သားသမီးမြေးမြစ်မိသားစုတို့က တစ်ခန်းအတွက် အလှူတော်ငွေကျပ် ၆၀၀၀၀၀ ကို နိုင်ငံတော် ဩဝါဒါစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတ ဘုရားဖြူဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

(၁၈၉)ကြိမ်မြောက် ကျပ် ၅၀တန် ထီဖွင့်ပွဲ အောက်တိုဘာ ၁ရက်တွင် ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၈

(၁၈၉)ကြိမ်မြောက် ကျပ်(၅၀)တန် အောင်ဘာလေ သိန်းဆုဖွင့်ပွဲကို အောင်ဘာလေသိန်းဆုဌာနခွဲ တည်ရှိရာ အမှတ်(၃၈၄) မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲ ခန်းမ ဆောင်၌ အောက်တိုဘာ ၁ရက် သောကြာနေ့ နံနက် ၉နာရီမှ စတင်၍ ညနေ ၄နာရီအထိ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

ယခုဖွင့်ပွဲတွင် ဆုတန်ဖိုးအလိုက် ဆုမဲများမှာ ကျပ်သိန်း ၃၀၀တစ်ဆု၊ ကျပ်သိန်း၅၀ ၃၁ဆု၊ ကျပ် ၂၅သိန်း ၁၃ဆု၊ ကျပ်ခြောက်သိန်း ၆၈၄ ဆု၊ ကျပ် ငါးသိန်းနှစ်ဆု၊ ကျပ်လေးသိန်းလေးဆု၊ ကျပ်နှစ်သိန်း ၁၉ဆု၊ ကျပ်တစ်သိန်း ၁၇၁ဆု၊ ကျပ်ရှစ်သောင်း ၂၄ဆု၊ ကျပ်ငါးသောင်းဆု ၁၇၁၀၊ ကျပ်လေးသောင်း ၄၇ဆု၊ ကျပ်နှစ်သောင်း ၃၂၃ဆု၊ ကျပ်တစ်သောင်းဆု ၁၇၁၀၀ စုစုပေါင်း ၂၀၁၂၉ဆု ဖွင့်လှစ်ပေးမည်ဖြစ်သည်။

ယခု (၁၈၉)ကြိမ်မြောက် ကျပ်၅၀တန် ထီပေါက်သည့် ကံထူးရှင်များအား ဆုငွေထုတ်ပေးခြင်းကို အောက်တိုဘာ ၆ရက်မှစ၍ လက်ခံဆောင်ရွက်ပေးမည် ဖြစ်ကြောင်းနှင့် ဆုငွေငါးသိန်းနှင့်အောက် ဆုငွေများကို ကိုယ်စားလှယ်လွှဲစာဖြင့် အောင်ဘာလေသိန်းဆုဌာနခွဲတွင် လျှောက်ထား

စက်တင်ဘာ ၁၂ရက်က ကျင်းပသော အမက(၁၂) သာကေတ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးတင်ဝင်းအောင်က စတုတ္ထတန်းတွင် စာပေထူးချွန် ပထမရရှိသူ မအေးသဇင်စိုးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က-ပ)

ဖျာပုံခရိုင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်

ဖျာပုံ စက်တင်ဘာ ၈

ဖျာပုံခရိုင် ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁ရက်က သီရိအဏ္ဏဝါခန်းမ၌ ကျင်းပသည်။

ကြည့်ရှုအားပေး

အခမ်းအနားသို့ ဖျာပုံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်၊ခရိုင်အတွင်းရေးမှူးဗိုလ်မှူးမောင်ဌေးနှင့်အဖွဲ့ဝင်များဖျာပုံ၊ ကျိုက်လတ်၊ ဘိုကလေး၊ ဒေးဒရဲမြို့နယ်ဥက္ကဋ္ဌများနှင့်လူမှုရေးအသင်းအဖွဲ့ဝင်များ အကဲဖြတ်အမှတ်ပေးဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အနုပညာရှင်များ၊ ဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဆုများချီးမြှင့်

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ခရိုင်တံခွန်စိုက်ဆုဖလားရရှိသော ကျိုက်လတ်မြို့နယ်အား ခရိုင်ဥက္ကဋ္ဌက ပေးအပ်ပြီး ကျန်ဆုများကို တာဝန်ရှိသူအသီးသီးတို့က ချီးမြှင့်သည်။ **(ခရိုင်ပြန်/ဆက်)**

အင်းစိန် အမက(၁) (ဗဟို)မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၂၉ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်မြင့်က ဘက်စုံပထမ၊ ထူးချွန်ပထမ၊ ဘာသာစုံပထမ (ထူးချွန်ဆုကိုးဆု)ရ မစုသက်အောင်အား ဆုချီးမြှင့်စဉ်။ (ဝ၄၆)

သန့်ရှင်းသာယာလှပရေး

စက်တင်ဘာ ၁ရက်က တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဘုရင့်နောင်ရုပ်တုနှင့် ရင်ပြင်သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်မှုကို တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးသန်းဝင်းနှင့်ဦးစီးအရာရှိ ဦးတင်ဝင်းမောင်တို့ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မြောင်းမြမြို့ မိုးရာသီ သစ်ပင်စိုက်ပွဲတော် ကျင်းပ

မြောင်းမြ စက်တင်ဘာ ၁၂

မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မြောင်းမြခရိုင် သစ်တော ဦးစီးဌာနက စီစဉ်ဆောင်ရွက်သော မိုးရာသီ သစ်ပင်စိုက်ပွဲတော် အခမ်းအနားကို စက်တင်ဘာ ၄ရက်က မြောင်းမြမြို့ မီတာ(၄၀၀) အားကစားကွင်း ပတ်လည်နှင့် ရန်ကုန်-မြောင်းမြ-လပွတ္တာ အဝေးပြေးလမ်း တစ်လျှောက်တွင် ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားသို့ မြောင်းမြခရိုင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်သစ်တော ဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်နှင့် ဝန်ထမ်းများ၊ ဒေသခံပြည်သူစုစုပေါင်းအင်အား ၁၀၀၀ကျော်တို့ကယူကလစ်ပျိုးအပင်၄၀၀၀၊ကျွန်း၊ ပျဉ်းကတိုး၊ ယမနေ၊ သစ်ဆိမ့်၊ ခရေ၊ ကုက္ကိုနှင့်အခြားအပင် ၆၀၀၀တို့ကို စုပေါင်း စိုက်ပျိုးကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



ကျေးလက်ဒေသသောက်သုံးရေဖူလုံစွာရရှိရေး စက်ရေတွင်း လှူဒါန်းလိုသော စေတနာရှင်များ လှူဒါန်းနိုင်

ရန်ကုန် စက်တင်ဘာ ၁၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်နှင့် တိုင်းများရှိ ရေရှားပါးသည့် ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရေရှားပါးသည့် ကျေးလက်ဒေသများ၌ စက်ရေတွင်းများ တူးဖော်ဆောင်ရွက်လျက်ရှိရာ စက်ရေတွင်းလှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် နှစ်လက်မစက်ရေတွင်း အနက်ပေ ၂၀၀တစ်တွင်း စက်ပစ္စည်းစုံ ကျပ် ၂၅၀၀၀၀၊ နှစ်လက်မစက်ရေတွင်း အနက်ပေ ၄၀၀ တစ်တွင်း စက်ပစ္စည်းစုံ ကျပ် ၅၀၀၀၀၀၊ လေးလက်မ စက်ရေတွင်း အနက်ပေ ၂၀၀ တစ်တွင်း စက်ပစ္စည်းစုံ ကျပ် ၅၀၀၀၀၀နှုန်းဖြင့် လှူဒါန်းနိုင်သည်။

ဆက်သွယ်လှူဒါန်းနိုင်

စက်ရေတွင်းလှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း- ၀၁-၂၄၅၄၂၀၊ ၂၅၃၀၈၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၁-၂၄၀၁၁၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ) ဖုန်း-၀၁-၂၉၁၉၆၇၊ ညွှန်ကြားရေးမှူး(စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့)ဖုန်း-၀၇၁-၂၁၀၁၂၊ ညွှန်ကြားရေးမှူး(မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့)ဖုန်း-၀၆၃-၂၃၁၆၄၊ ညွှန်ကြားရေးမှူး(မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၂-၅၄၆၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(နယ်စပ်စည်ပင်)**

နီကယ်ကက်တလစ်ကုန်ကြမ်းအဝယ်တင်ဒါ

၁။ ဝယ်ယူမည့်ပစ္စည်း – နီကယ်ကက်တလစ်ကုန်ကြမ်း
၂။ တင်ဒါပိတ်ရက် – (၂၃–၉–၂၀၀၄)ရက်နေ့
၃။ အချိန် – ၁၄း၀၀နာရီ

တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်း အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနများတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

တယ်လီဖုန်းအမှတ်

မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း(ရုံးချုပ်)၊ ၅၆၁၃၉၁
ရောင်းဝယ်ရေးဌာန၊ ၅၆၆၇၁၅
၁၉၂၊ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ၅၆၆၇၁၆
ရန်ကုန်မြို့။



ဂျပန်ဘာသာစကားကျွမ်းကျင်မှုစာမေးပွဲ

ဂျပန်နိုင်ငံ The Japan Foundation, Association of International Education မှ ကမကထပြုကြီးမှူး၍ ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးတို့ ပူးပေါင်းစီစဉ်ကျင်းပမည်။

စာမေးပွဲကျင်းပမည့်ရက် – ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ ၅ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်နေရာ – ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ်
လျှောက်လွှာတင်ရက် – ၂၀၀၄ခုနှစ်၊ ဇူလိုင်လ ၂၈ရက်မှ ၂၀၀၄ခုနှစ်၊ စက်တင်ဘာ ၂၄ရက်နေ့ အတွင်း
လျှောက်လွှာရရှိနိုင်သည့်နေရာ – ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်
စစ်ဆေးမည့်အစီအစဉ် – Level 1, Level 2, Level 3, Level 4 အဆင့်(၄)ဆင့်ခွဲ၍ (1) Writing- vocabulary, (2) Listening and (3) Reading- grammar စစ်ဆေးမည်။

အသေးစိတ်ကို အောက်ပါနေရာများတွင် စုံစမ်းနိုင်ပါသည်–
ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ် – ၅၁၄၃၇၁၊ (လိုင်းခွဲ–၁၂၃)
မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ် – ၀၂–၃၂၃၃၀





INVITATION TO TENDER
MYANMA RAILWAYS

Seal Tender is invited by the Myanma Railways, Ministry of Rail Transportation, the Government of the Union of Myanmar, from reputed manufacturers or their bonifide agents from all eligible source countries for the supply and delivery of the followings:-

Sr. No	Tender No. & Description	Issuing Date	Closing Date& Time
1.	ICB No. 9/MR/OPEC(E) 2004-2005 (III) Purchase of Ballast Regulator 1 set (Ballast Distributing and profiling machine)	16.9.04	16.11.04 12:00 noon

Tender Documents are available at the Office of the Managing Director, Myanma Railways, Room No. 511, 4th Floor, No. 357/361 Merchant Street, Botataung Township, Yangon, during office hours on payment of US$ (or) FEC 200 per set.

Bids are to reach the office of the Managing Director, Myanma Railways, No. 357/361 Merchant Street, Botataung Township, Yangon, Myanmar, on or before the Closing Date and Time shown against each Tender. The Bids will be opened publicly at 14:00 hour on the Closing Date at the Myanma Railways Head Office.

All Bids not accompanied by earnest money (Bid Bond) will not be considered. No Telegraphic/ Telex/ Fax/e-mail proposal will be considered of accepted.

Myanma Railways reserves the right to reject any or all Tenders without furnishing reasons. Tender will be accepted only from Bidders who has purchased Tender Documents officially. (Those purchased through Embassies must declare for whom they are purchased).

The above Goods and Services are to be purchased from the proceeds of OPEC Fund in various currencies towards the cost of Yangon-Nyaunglaybin Railway Line Rehabilitaiton Project.

For further details please call: 298589, 291982, 201555. Ext- 510,540,228

Managing Director
Myanma Railways.

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးတင်ရွှေ၏ နိုင်ငံကူးလက်မှတ်အမှတ် ၅၈၈၅၆၈နှင့် နိုင်ငံသား စိစစ်ရေးကတ်ပြား ၁၃/ကခန(နိုင်)၀၁၆၂၅၉ ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက ဆက်သွယ်ရန်။
ဖုန်း–၂၅၃၂၆၆၊ ၃၈၄၇၅၉။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးကျော်လင်း၏နိုင်ငံကူးလက်မှတ် ၅၁၅၈၅၇ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ **ဖုန်း–၆၄၀၈၂၅။**

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးသန်းနိုင်၏နိုင်ငံကူးလက်မှတ် ၅၇၆၅၇၄ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ **ဖုန်း–၆၄၀၈၂၅။**

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုဓဉပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀(၁)
ရန်ကုန်တိုင်းအရှေ့ပိုင်းခရိုင်တရားရုံး
နယ်တရားမရုံး၌
၂၀၀၄ ခုနှစ်၊ တရားမကြီးအမှုအမှတ် ၃၅၂

အာရှနေဘဏ်လီမိတက် **နှင့်** ၁။ ဦးကျော်သီဟ
(၎င်း၏ ကိုယ်စားလှယ် ၂။ ဒေါ်မိမိကျော်
ဦးစိန်လှိုင် လက်ထောက်မန်နေဂျာ
ကတ်ဌာန)
တရားနိုင် **တရားရှုံး**

အမှတ် ၈၃၊ ၁၂၄ လမ်း၊ လေးလွှာ၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးကျော်သီဟ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ အာရှနေဘဏ်လီမိတက်က ငွေ ၁၉၉၆၇၇၈ကျပ်၊ ၈၈ပြား ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၀၄ ခုနှစ် စက်တင်ဘာလ ၂၇ ရက် (၁၃၆၆ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၄ ခုနှစ် စက်တင်ဘာလ ၆ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်တင်မြ(တ–၁၅၇၅)
ဒုတိယခရိုင်တရားသူကြီး
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ခ/၁၇၉၈ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကညန၊တိုင်းရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။
ကညန၊ရန်ကုန်တိုင်း။

ကျေးဇူးဆပ်ပါမည်

မရမ်းကုန်းမြို့နယ် အမှတ်(၉) ရပ်ကွက် သူရလမ်း အမှတ်၁၇/ကတွင်နေထိုင်သော (ဘ) ဦးဟန်တင်၏ သားဖြစ်သူ ဦးခိုင်ဝင်း(၄၈)နှစ် ကိုင်ဆောင်ထားသော အောက်ပါနိုင်ငံသားကတ်ပြားနှင့် မိသားစုငါးဦးပါဝင်သည့် အိမ်ထောင်စုစာရင်းတို့မှာ ၃–၉–၂၀၀၄ ရက်တွင် ကျောက်တံတားမြို့နယ် ဆိပ်ကမ်းသာလမ်း၌ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါ၊ ကျေးဇူးဆပ်ပါမည်။ **ဦးခိုင်ဝင်း**
ဖုန်း–၃၇၃၅၄၃။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သား မောင်ဇော်ဝင်းနိုင် ၁၂/မရက(နိုင်)၁၂၇၀၄၁ သည် မိဘစိတ်ဆင်းရဲ ဒုက္ခရောက်အောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စများအား လုံးဝတာဝန်မယူပါ။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)
မိခင် ဒေါ်ကြည်(ခ)ဒေါ်စိန်
ISN–၅၂၄၇၅၆
၂၅၉၈ အောင်မင်္ဂလာလမ်း၊
(၆)ရပ်ကွက်၊ မရမ်းကုန်း။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌ ကျပ်ငွေဖြင့်ခန့်ထားရန်)

၁။ ဒု–မန်နေဂျာ (Dy Manager) ကျား ၃ ဦး
– အသက်(၄၀)နှစ်ထက်မကြီးစေရ၊ B.E (Mechanical)၊ B.E (Civil) (သို့) B.Tech(Civil) လုပ်ငန်းများကို ဦးဆောင်တတ်သူ၊ ကြီးကြပ်မှုပေးနိုင်သူ၊ သတ်မှတ်ချိန်အတွင်း လျာထားလုပ်ငန်းများ ပြီးမြောက်အောင် Schedule ရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရမည်။ မြေကြီးလုပ်ငန်း အတွေ့အကြုံရှိသူ ဦးစားပေးမည်။
– လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၅)နှစ်ရှိရမည်။

၂။ AGTI (Civil) ကျား ၂ ဦး
– အသက်(၂၂)နှစ်မှ (၃၆)နှစ်အတွင်း AGTI (Civil) အောင်လက်မှတ်ရပြီးသူ၊ မြို့ပြလုပ်ငန်းများနှင့် ပတ်သက်၍ တိုင်းတာတွက်ချက်ခြင်း၊ ပုံစံတင်ပြခြင်းများ ဆောင်ရွက်နိုင်သူ၊ လုပ်ငန်းခွင်တွင် စက်မှုအင်/ယာများနှင့် ပူးတွဲ၍ တက်ကြွစွာ ဆောင်ရွက်နိုင်ရမည်။
– လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ် ရှိရမည်။

၃။ စက်ပြင် (ယန္တရား) ကျား ၂ ဦး
– Excavator, Dozer ကြီးများကို ကျွမ်းကျင်နိုင်နင်းစွာ ပြုပြင်နိုင်ရမည်။
– လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၅)နှစ် ရှိရမည်။

၄။ အလုပ်သင်စက်ပြင် AGTI (Mech) ကျား ၁ ဦး

၅။ ဆိုဒ်စာရင်းကိုင် ကျား ၄ ဦး
– ဘွဲ့တစ်ခုခု ရရှိသူဖြစ်ရမည်။ ငွေစာရင်း၊ စတိုစာရင်းများကို ရေးဆွဲနိုင်ရမည်။
– လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၃)နှစ်ရှိရမည်။

၆။ ယာဉ်မောင်း ကျား ၁ ဦး
– အသက်(၃၅)နှစ်ထက်မကြီးစေရ။ ယာဉ်မောင်းလိုင်စင်ရှိရမည်။ နယ်၊ ရန်ကုန် ကျွမ်းကျင်စွာ မောင်းနှင်နိုင်ရမည်။
– ယာဉ်မောင်းသက်တမ်း(၃)နှစ်အထက် ရှိရမည်။

အမှတ်စဉ်အားလုံး နေရာဒေသမရွေး တာဝန်ထမ်းဆောင် နိုင်သူများဖြစ်ရမည်။

ကိုယ်ရေးရာဇဝင်အပြည့်အစုံ၊ ဓာတ်ပုံ(၂)ပုံ၊ နိုင်ငံသားမှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရဲစခန်းထောက်ခံစာ၊ ပညာအရည်အချင်း မိတ္တူတို့နှင့်အတူ ကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း အမှတ်(ည–၅၊၆၊၇)၊ အသောကလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊ မရမ်းကုန်းမြို့နယ်သို့ ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

DOZO

Dress Making & Fashion Design Technical School ဒေါ်သီတာဝင်း B.Sc, Dip in Fashion Design (Japan)ဖက်ရှင်ဒီဇိုင်း ပုံဆန်းများကို လက်တွေ့ချုပ်နိုင်၊ ထွင်နိုင်သည်အထိ Koran Fashion Design (Japan) ကျောင်းမှ နည်းများအတိုင်း သင်ကြားပါသည်။

Basic Course - Blouse+ Skirt
Start Date - 2-10-2004
Advance Course - Coat+ Trouser + Expert Pattern

လိပ်စာ – ၅၈၄၊ ဓမ္မာရုံလမ်းမကြီး၊ ၁၁ ရပ်ကွက်၊ လှိုင်မြို့နယ်။ ခြောက်မိုင်ခွဲ၊ ဖုန်း– ၅၃၆၈၆၁၊ ၀၉–၅၀၀–၄၈၃၀။

အမည်မှန်

ဦးစောဘိတ်ကြီး၏သမီး အထက (၁) အင်းစိန် တက္ကသိုလ်ဝင်တန်း (H) မှ နော်ခရစ်တယ်၏ အမည်မှန်မှာ နော်ခရစ္စတယ်ဖြစ်ပါကြောင်း။
နော်ခရစ္စတယ်။

အမည်ပြောင်း

အဖ ဦးချိုကြီး၏သမီး အထက (၃)၊ ဒဂုံ GRADE˚ XI မှ မဇင်မာသက်အား မလှိုင်းထက်အိဟု ပြောင်းခေါ်ပါရန်။
မလှိုင်းထက်အိ။

ဖခင်အမည်မှန်

ကော့မှူးမြို့နယ် နတ်စင်ကုန်းစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ အဋ္ဌမတန်း(ခ) မှ မောင်လှိုင်မျိုးသူ၏ ဖခင်အမည်မှန်မှာ ဦးသိန်းဇံ ၁၂/တတန (နိုင်) ၀၃၇၉၄၆ ဖြစ်ပါသည်။ **ဦးသိန်းဇံ။**

ဖခင်အမည်မှန်

ရေနံချောင်းမြို့ အမှတ်(၁) အထက ဒသမတန်း(၁)၌ ပညာသင်ကြားနေသော ကျောင်းသူ မထူးပြည့်ဇေရီကျော်၏ ဖခင်အမည်မှန်မှာ ဦးမြင့်သန်း–ဒေါ်ခင်မြမြဖြစ်ပါသည်။
ဦးမြင့်သန်း–ဒေါ်ခင်မြမြ။

ဖခင်အမည်မှန်

မြိတ်မြို့ ကံခေါင်းရပ် ဆေးရုံလမ်းနေ မအေးသူဇာမောင်၊ မောင်ရဲထွဋ်ဖြိုးမောင်နှင့် မောင်အာကာဖြိုးမောင်တို့၏ ဖခင်အမည်မှန်မှာ ဦးဟာရှင်(ခ) ဦးတင်မောင် ဖြစ်ကြောင်း။
ဦးဟာရှင်(ခ)ဦးတင်မောင်။

အမည်ပြောင်း

အဖ ဦးမောင်မောင်လွင်(ခ) ဦးဆန်နီ၏သမီး မဇာဖြူလွင် ၁၂/ရကန(နိုင်)၀၅၉၃၇၂ အား မဇာဖြူနိုင်ဟု ပြောင်းလဲခေါ်ပါရန်။
မဇာဖြူနိုင်။

ကားရောင်းမည်

အိမ်စီးကား သန့်သန့်လေး(၂)စီး၊
Hilux (၅)ချိတ်၊ 81၊ Model
ဒ(၂____)
SE (ရှဲစောင်း)၊ 82၊ Model
ခ(၃____)
ဖုန်း–၀၉–၅၀–၂၁၄၄၂၊ ၅၇၈၅၃၁။

ဒေါ်မြမြ
(ကျောက်ပန်းတောင်းမြို့)
အသက်(၆၉)နှစ်

ကျောက်ပန်းတောင်းမြို့၊ ပြည်တော်သာရပ်နေ (ဦးဖြေ–ဒေါ်ကဲ) တို့၏ သမီးကြီး၊ ဦးဘို၏ ဇနီး၊ မလင်းလင်းဘို၊ ဗိုလ်ကြီးကိုကိုဦး–မထားထားဦး၊ ကိုဇော်ဇော်ဘိုတို့၏ မွေးသမိခင်ကျေးဇူးရှင်သည် ၁၈–၉–၂၀၀၄ရက် ညနေ၅း၂၀နာရီတွင် ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားပါသည်။

ကျန်ရစ်သူမိသားစု။

ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်ခင်ဥ (ညောင်တုန်း)
အသက်(၇၅)နှစ်

ညောင်တုန်းမြို့နေ (ဦးဘိုးညွန့်–ဒေါ်လေး) တို့၏သမီး၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်၅၆၊ ရော ၇လမ်း၊ (ည) ရပ်ကွက်နေ ဦးတင်မောင်၏ ဇနီး၊ (ဒေါ်ခင်သန်းဝင်း)၊ ဦးတင်ဝင်း–ဒေါ်ခင်သန်းဆွေ၊ ဦးချို – ဒေါ်ခင်သန်းနွယ်၊ ဦးဇော်ဝင်း–ဒေါ်အေးအေးခိုင်၊ ဦးမြင့်အေး–ဒေါ်ချိုချိုနိုင်၊ ဦးနေဖုန်းမြတ်–ဒေါ်ပိုပိုခိုင်၊ ဦးဇော်မင်း–ဒေါ်ညိုညိုဝိုင်း၊ ဒေါ်ခင်မျိုးဝင်းတို့၏မိခင်၊ မြေး၁၅ယောက်တို့၏အဘွားသည် ၁၈–၉–၂၀၀၄ ရက် ကွယ်လွန်သွားပါ၍ ၂၀–၉–၂၀၀၄ ရက် (တနင်္လာနေ့)မွန်းတည့်၁၂နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သမိသားစု။

ဦးဝင်းဖေ (သာကေတ)
အသက်(၇၀)

ရန်ကုန်တိုင်း၊ပုဇွန်တောင်မြို့နယ်၊တိုက် ၅၊အခန်း၃၀၃၊ပုဇွန်တောင်ဥယျာဉ်အိမ်ရာနေ (ဦးသိန်းဟန်–ဒေါ်ခင်တင့်)တို့၏ သား၊ (ဒေါ်သန်းရီ)၏ခင်ပွန်း၊ ဒေါ်မြသန်း(ဒေါ်ပညာသီရိ)၏ မောင်၊ ဦးဝင်းမောင်(ဦးဝါသဝ)၊ ဦးစောမြင့်ဦးတို့၏ အစ်ကို၊ (ဦးခင်စိုး)–ဒေါ်ရှယ်လီ၊ ဦးခင်မောင်အေး–ဒေါ်တင်ရီ၊ (ဦးခင်မောင်တိုး)–ဒေါ်ဝေစိန်အေး၊ ဦးရဲမြင့်သောင်း–ဒေါ်ခင်သောင်း၊ ဦးရဲညွန့်ဝင်း၊ ဦးမြင့်ဦး–ဒေါ်ဌေးဌေးဦး၊ ဦးအောင်ကျော်သောင်း–ဒေါ်လဲ့လဲ့ဆွေ၊ ဦးမျိုးဝင်း–ဒေါ်မြရင်၊ ဦးစိုးဝင်း–ဒေါ်တူးမာ၊ ဦးထွန်းဝင်း–ဒေါ်တင်တင်လွင်၊ဦးအောင်ဝင်း၊ ဦးသိန်းမြ–ဒေါ်ဆွေဆွေဦး၊ ဦးဝင်းတင်–ဒေါ်မိုးမိုးဦးတို့၏ဖခင်သည် ၁၇–၉–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၉–၉–၂၀၀၄ ရက်(တနင်္ဂနွေနေ့)မွန်းတည့်၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက်၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးအောင်ထွန်း
အသက်(၅၄)နှစ်

ရန်ကုန်မြို့၊လမ်းမတော်မြို့နယ်၊ကိုင်းတန်းလမ်း၊ အမှတ်၅၇နေ ဦးစိန်–ဒေါ်အေးတို့၏ သား၊ ဖြူးမြို့နေ (ဦးစိုးအောင်–ဒေါ်အုန်းခင်)တို့၏ သားသမက်၊ (ဒေါ်ကျင်စန်း)–ဦးမင်းသူ၊ ဦးအောင်မင်း–ဒေါ်စန်းစန်းခိုင်၊ ဦးမျိုးအောင်စိုး–နော်ခင်နန်းချို၊ ဒေါ်စန်းစန်းမြင့်–ဦးခင် မောင်မြင့်တို့၏အစ်ကို၊ ဒေါ်စန်းစန်းဖြူး၏ ခင်ပွန်း၊ မဇင်သီပိုင်၊ မောင်နေလင်း၊ မဆွေနန္ဒာထွန်း၊ မဆွေစန္ဒာထွန်း တို့၏ ဖခင်သည် ၁၈–၉–၂၀၀၄ရက်(စနေနေ့) နံနက်၄း၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့နံနက်၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေ များအား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၄–၉–၂၀၀၄ ရက်(သောကြာနေ့)နံနက်၇နာရီမှ၁၀နာရီအထိ အမှတ်၅၇၊ ကိုင်းတန်းလမ်း နေအိမ်၌ ရက်လည် ဆွမ်းကျွေးတရားနာမည်ဖြစ်ပါ၍ ကြွရောက်ပါရန်လေးစားစွာဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးမျိုးထွန်း (စစ်တွေ)
အငယ်တန်းအင်ဂျင်နီယာ–၂
(မြို့ပြ)
A.G.T.I(Civil) ၁၉၈၄
သံလွင်တံတားစီမံကိန်း(မော်လမြိုင်ဘက်ကမ်း)
အသက်(၄၀)

ရန်ကုန်တိုင်း၊စမ်းချောင်းမြို့နယ်၊တိုက်အမှတ်၃၊မအူပင်လမ်းနေ [(ဦးသိန်းထွန်း) လ/ထအင်ဂျင်နီယာ(လျှပ်စစ်)]–ဒေါ်ခင်သန်းတို့၏ သားလတ်၊ (ဦးကျော်ဇော)–ဒေါ်လှလှတို့၏ သားသမက်၊ ဒေါ်အုန်းမေ၏တူသား၊ ရန်ကုန်မြို့၊ အမှတ်၃၊ မြေညီထပ်(ခေါင်းရင်း)၊ မင်းညွန့်လမ်း၊ စမ်းချောင်းမြို့နယ်နေ ဒေါ်လှခင် ၏ခင်ပွန်း၊ မနှင်းဥရွှေရည် (တိုးတိုး) IDEC-16၊ မောင်ကောင်းမြတ်ကျော် (VII-H.TTC) တို့၏ဖခင်၊ စစ်တွေမြို့နေ ဦးစောဖေ–ဒေါ်မြခင်၊ ဦးအောင်ကျော်သောင်း–ဒေါ်မြမြစိုးတို့၏ အစ်ကို၊ မခင်ဖူးဖူးခိုင်၊ မောင်ဖြိုးပိုင်စိုးတို့၏ဦးလေးသည် ၁၆–၉–၂၀၀၄ရက်တွင်ကွယ်လွန်သွားပါ၍ ၂၀–၉–၂၀၀၄ရက် မွန်းလွဲ၂နာရီတွင် ရေဝေးအအေး တိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့်၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးအောင်ထွန်း
အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ကိုင်းတန်းလမ်း၊ အမှတ်၅၇နေ ဦးစိန်–ဒေါ်အေးတို့၏သား၊ (ဦးစိုးအောင်–ဒေါ်အုန်းခင်)တို့၏သားသမက်၊ ဦးသန်းလွင်–ဒေါ်သန်းသန်းအေးတို့၏ ညီ၊ ဦးလှသိန်း–ဒေါ်သင်းသင်းအေး၊ ဦးအေးသိန်း၊ ဦးအေးထွန်း–ဒေါ်ထားထားဦး၊ ဦးရွှေတိုး–ဒေါ်လှလှဝင်း၊ ဒေါ်လှလှအေး၊ ဦးဇော်လင်း–ဒေါ်လှလှမိုး၊ ဦးဝင်းမြင့်–ဒေါ်လှလှသန်း၊ ဦးသက်လွင်–ဒေါ်ရှောင်ဝါတို့၏အစ်ကို၊ ဒေါ်စန်းစန်းဖြူး၏ခင်ပွန်း၊ မဇင်သီပိုင်၊ မောင်နေလင်း၊ မဆွေနန္ဒာထွန်း၊ မဆွေစန္ဒာထွန်းတို့၏ ဖခင်သည် ၁၈–၉–၂၀၀၄ရက်(စနေနေ့) နံနက် ၄း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးစိုင်းဆောဝ်စိုးညွန့်
အသက်(၅၀)

ဝိုင်းမော်မြို့နယ်၊မိုင်းလားကျေးရွာနေ (ဦးလှမောင်–ဒေါ်မြရင်)တို့၏သားကြီး၊ (ဦးထွန်း)–ဒေါ်အိအိတို့၏သားသမက်၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းရပ်ကွက်နေဦးသာထွန်း–ဒေါ်အုံးမြင့်တို့၏မောင်၊ ဘုတ်ပြင်းမြို့နယ်နေ ဦးစိုးပွင့်–ဒေါ်မင်းမင်း၊ ဦးစိုင်းညွန့်မောင်–ဒေါ်ခင်ဝင်းကြည်(ပြည်မြို့၊စီမံကိန်းရုံး)၊(ဦးနောင်နောင်)–ဒေါ်ကြည်ကြည်မြင့်၊ ဦးထွန်းထွန်း–ဒေါ်ခင်မာထွေးတို့၏ အစ်ကိုကြီး၊ စိုင်းအိုက်ပြည့်စိုး၊ နန်းသွယ်သွယ်စိုး၊ စိုင်းသန့်ဇင်စိုး၊စိုင်းခမ်းနောင်စိုးတို့၏ဖခင်၊ ဒေါ်နန်းခင်အေးဆွေ(ခ)ဒေါ်မြို့၏ခင်ပွန်းသည်၁၄–၉–၂၀၀၄ရက်(အင်္ဂါနေ့)ညနေ ၃နာရီတွင်ကွယ်လွန်သွားပါ၍ ၁၅–၉–၂၀၀၄ရက်တွင်မိုင်းလားကျေးရွာသုသာန်၌သင်္ဂြိုဟ်ပြီးစီးပါ ကြောင်းဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်အေးအေးဝင်း
B.A(Myanmar)
JAT အထက(၁)
(ဒဂုံမြို့သစ်အရှေ့ပိုင်း)
အသက်(၃၈)နှစ်

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ အိမ်အမှတ်၇၃၅၊ ခိုင်ရွှေဝါလမ်းနေ ဦးတင်မောင်ဝင်း(စက်မှုလယ်ယာ၊ငြိမ်း)–ဒေါ်ခင်မြဝင်း(ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ငြိမ်း)တို့၏ သမီး၊ ဦးမြင့်ကျော်–ဒေါ်ထွေးထွေးဝင်း(လယ်ယာ/ဆည်မြောင်းဝန်ကြီးရုံး)၊ဦးကျော်အောင်–ဒေါ်အိအိဝင်း၊ ဗိုလ်ကြီးအောင်ဇော်ဝင်း–ဒေါ်သဲရွှေဇင်ဝင်းတို့၏ အစ်မ၊ (ဦးအောင်လွင်)၏ဇနီး၊ မမြင့်မြတ်အောင်လွင် (အမက–၈၊ဒဂုံမြို့သစ်မြောက်ပိုင်း)၏ မိခင်၊ မောင်ခန့်ဇော်ဝင်း၊ မောင်အောင်မျိုးမင်း၊ မောင်ဇွန်ဝမ်းမြင့်တို့၏ ကြီးကြီးသည် ၁၇–၉–၂၀၀၄ရက်(သောကြာနေ့)ည၂၀း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉–၉–၂၀၀၄ရက် (တနင်္ဂနွေနေ့)နံနက်၉နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက်၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

တပ်ကြပ်ကြီးမင်းမင်းဦး(ခ)
အိုင်ဘီလီ (ငြိမ်း)
(တောင်ငူမြို့)
အသက်(၃၀)

ရန်ကုန်မြို့၊ဗိုလ်တထောင်မြို့နယ်၊ အမှတ် ၅၈၊ ၄၅လမ်းနေ (ဦးလှမောင်–ဒေါ်တင်နု)တို့၏ မြေးဦး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊အမှတ် (၈၁)၊ ၁၂၅ လမ်းနေ (ဦးဘကျော်)–ဒေါ်မြသန်းတို့၏ မြေးဦး၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ အမှတ်၇၃၅၊ မာလာနွယ်လမ်း၊ ပထမထပ်နေ ဦးဇေယျာမောင်–ဒေါ်ခင်မြင့်တို့၏ သားကြီး၊ ကိုဇော်ထွန်းဦး–မယဉ်မင်းသက်၊ မောင်ဖြိုးမင်းသန့်တို့၏ အစ်ကိုကြီး၊ မောင်ဂျန်ဂျန်၏ ဘဘသည် ၁၇–၉–၂၀၀၄ရက် နံနက် ၆နာရီတွင် ကွယ်လွန်သွားပါ၍ ၁၉–၉–၂၀၀၄ရက်(တနင်္ဂနွေနေ့)တွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အမှတ် ၇၃၅၊ ပထမထပ်၊ မာလာနွယ်လမ်း နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒါယကာကြီး
ဦးတင်အောင်(ခ)ဦးပါ
(မြတ် လက်ဆောင်ကတ်နှင့်စာပေထုတ်ဝေရေး)
အသက်(၈၀)

(ဦးဘိုးရင်–ဒေါ်မမကြီး)တို့၏သားထွေး၊ (ဦးတင်နွယ်–ဒေါ်ခင်မြင့်)တို့၏ သားသမက်၊ ဦးချစ်လွင်–ဒေါ်ခင်ခင်၊ ဦးတင်မောင်–ဒေါ်ရှုကြည်တို့၏ညီ/မောင်၊ ဦးဝင်းဇော်–ဒေါ်မြတ်သွယ်၊ ဦးမျိုးကျော်အောင် (2/0 Ocean, Tanker)–ဒေါ်ဝင်းဝါ၊ ဦးအောင်ကျော်ဦး–ဒေါ်ခင်စောလဲ့၊ ဆရာသွယ်–ဒေါ်သင်းသင်းလဲ့၊ (ဦးနေစိုးအောင်)–ဒေါ်သက်သက်အောင်၊ ဦးအောင်ကျော်ဇော–ဒေါ်ရီရီဝင်းတို့၏ဖခင်၊ မြေး ၁၂ ယောက်တို့၏အဘိုး၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဈေးကုန်းအနောက်ရပ်ကွက်၊ မာဃ(A)လမ်း၊ အမှတ် ၇၄နေ ဒေါ်ခင်သိန်းနွယ်(ခ)ဒေါ်ကြူကြူ၏ခင်ပွန်းသည် ၁၆–၉–၂၀၀၄ရက်(ကြာသပတေးနေ့) နံနက် ၉း၄၅ နာရီတွင် အာရှတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၀–၉–၂၀၀၄ရက်(တနင်္လာနေ့)ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးဟန်မြင့် (B.A; Eng)
(အင်းတော် မောင်ရည်မွန်)
မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန(ငြိမ်း)
အသက်(၇၂)နှစ်

အင်းတော်မြို့နေ (ဦးခင်ဝင်း–ဒေါ်ဌေးစိန်)တို့၏သားကြီး၊ ကသာမြို့နေ (ဦးချစ်ဆွေ–ဒေါ်စန်းရီ) ဒေါ်တင်ကြည်တို့၏သားသမက်၊ ရန်ကုန်မြို့၊ ကျောက်မြောင်း၊ ကျားကွက်သစ်လမ်း၊ အိမ်အမှတ် ၅၁ နေ ဒေါ်ကြည်ကြည်ဝင်း၏ခင်ပွန်း၊ ဗိုလ်မှူးကျော်ဇောဦး (ငြိမ်း) (အကျဉ်းဦးစီးဌာန)–ဒေါ်သီတာဝင်း၊ (ကိုကျော်ဇောထူး)၊ ဦးကျော်ဇောမှူး(D.19-Co.,Ltd.)–ဒေါ်ခင်ဆွေဦး၊ ကိုကျော်ဇောမျိုး၊ ဗိုလ်မှူးကျော်ဇောမိုး–ဗိုလ်ကြီးဝင်းပပတို့၏ဖခင်၊ မဇင်မာဝင်း၊ မဝင်းရွှေရည်ဦး၊ မောင်ဥက္ကာကျော်တို့၏အဘိုးသည် ၁၇–၉–၂၀၀၄ရက် နံနက် ၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉–၉–၂၀၀၄ရက် ညနေ ၃ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး၊ ငြိမ်းအေးဇရပ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုလ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအကြောင်းကြားအပ်ပါသည်။[အမှတ်(၂)တပ်မတော်ဆေးရုံကြီး၊ ငြိမ်းအေးဇရပ်မှကားများ မွန်းလွဲ ၂ နာရီတွင်ထွက်ပါမည်။]ကျန်ရစ်သူမိသားစု။

သံတွဲခရိုင်အသင်း
(ဂွ–တောင်ကုတ်–သံတွဲ)
ဦးထွန်းသီ
(ကြွေချိုင်ရွာ၊ဂွမြို့)
အသက်(၈၀)

အင်းစိန်မြို့၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အမှတ် ၁၁၁၊ ထန်းပင်ကုန်းနေ ဒေါ်ခိုင်ဦး၏ခင်ပွန်းသည် ၁၇–၉–၂၀၀၄ ရက် နံနက် ၁၁း၄၅ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၉–၉–၂၀၀၄ ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် အသင်းသူ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ မွန်းလွဲ၂နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့။

ဦးဂျက်ကီ
(Chief Cook)
Win Tak Shipping
CDC No-3952
အသက်(၆၁)နှစ်

တိုက်အမှတ်၁၁၁၊ ၃၄လမ်း၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေ ဆရာဂျာ့ဖါရဲ ဒေါ်ပူစီတို့၏ သား၊ ဒေါ်ခင်မိ၊ ဒေါ်ခင်လေးမြင့်၊ ဒေါ်သန်းသန်းမြင့်၊ ဒေါ်ခင်ထွေးမြင့်တို့၏ မောင်/အစ်ကို၊ ဒေါ်ရင်နု၏ခင်ပွန်း၊ မောင်သန်းထိုက်ဦး–မချယ်ရီ၊ မောင်ခင်မောင်လတ်–မတူး၊ မောင်ခင်မောင်ထွေးတို့၏ ဖခင်၊ သူဖိုင်း(လ်)၏ အဘိုးသည် ၁၆–၉–၂၀၀၄ရက် နံနက်၆း၃၀ နာရီတွင် အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ညနေတွင် ရေဝေးခဖာစတန်၌ ဒါဖနာ ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်ကြည်ဝင်း (ဗဟန်း)
အသက်(၅၄)နှစ်

ညောင်တုန်းမြို့နေ ဦးဘထွန်း–ဒေါ်သိန်းရှင်တို့၏သမီး၊ ရန်ကုန်မြို့၊ အမှတ်၃၃/က၊ ဦးအောင်ကျော်ဖြူလမ်းနေ (ဦးသန်းမြင့်)၏ဇနီး၊ ဦးတင်ညွန့်–(ဒေါ်စန်း)၊ (ဦးအေးထွန်း–ဒေါ်ညွန့်ရွှေ)၊ ဒေါ်ညွန့်ကြည် တို့၏ ညီမ၊ ဦးသန်းထွန်း၏အစ်မ၊ ကိုအောင်ခန့်–မသင်းသင်းခိုင်၊ ကိုမြတ်မင်းထွန်း–မမိုးမိုးခိုင်၊ မစုမြတ်ခိုင်၊ မောင်ပိုင်ဦးတို့၏မိခင်၊ ကိုလေးနိုင်–မမြသီတာအေး၊ မမြစန္ဒာအေး၊ မောင်ထွန်းထွန်းဦးတို့၏အဒေါ်၊ မောင်သူရိန်ခန့်၊ မရတနာခင်၊ ကျော်ကိုကိုနိုင်၊ ဇော်ပိုင်မှူးတို့၏အဘွားသည် ၁၈–၉–၂၀၀၄ရက် (စနေနေ့)ညနေ၂း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀–၉–၂၀၀၄ရက်(တနင်္လာနေ့)မွန်းလွဲ၁နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ကြင်ရီ
(တပ်မတော်စည်သွတ်စက်ရုံ)
မန္တလေး(ငြိမ်း)
(မိတ္ထီလာ၊မန္တလေး)
အသက်(၆၈)နှစ်

မိတ္ထီလာမြို့နေ (ဦးကိုငယ်–ဒေါ်မြညွန့်)တို့၏သမီး၊ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၃) ရပ်ကွက်၊ ဘုရင့်နောင်အိမ်ရာ၊ ၁၁ လမ်း၊တိုက် ၁၃၅၊ အခန်း၁၂နေ ဦးထွန်းလှအောင်(တပ်မတော် စည်သွတ်စက်ရုံ၊ မန္တလေး၊ငြိမ်း)၏ဇနီး၊ ဦးလှမြင့်အောင်–ဒေါ်ထွေးထွေးအောင် (မြန်မာ့အာမခံ)၊ ဦးခင်အောင်မြင့် (C/E မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း) – ဒေါ်နန်းလှယဉ်၊ ဦးကျော်ကျော်အောင်(Temasek Polytechnic S'pore)–ဒေါ်ခင်မိုးမိုး၊ ဦးချမ်းငြိမ်းလွင် (သစ္စာမြိုင်ပွဲရုံ၊ ဘုရင့်နောင်) – ဒေါ်အေးအေးအောင် တို့၏ မိခင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၁၆–၉–၂၀၀၄ရက်မွန်းလွဲ ၂း၁၀ နာရီတွင် အာရှတော်ဝင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၂၀–၉–၂၀၀၄ ရက် ညနေ၅နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားအကြောင်းကြားပါသည်။ (ဘုရင့်နောင်အိမ်ရာ နေအိမ်မှကားများညနေ၄နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ဖြူနု
(စကားမြားကျေးရွာ)
အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၄လမ်း၊ အမှတ်၅၉၊ အပေါ်ဆုံးထပ်နေ (ဦးခင်ကြူးဝါး–ဒေါ်အုန်းမြိုင်)တို့၏သမီး၊ ဦးခဲဝမ်–ဒေါ်တင်ရွှေ တို့၏ ညီမ၊ ဦးမောင်မောင်–(ဒေါ်ကျင်ရီ)၊ ဦးမြင့်အောင်–ဒေါ်ကျင်ပို၊ ဦးသက်ဝင်း–ဒေါ်သန်းသန်းနုတို့၏အစ်မသည် ၁၈–၉–၂၀၀၄ရက် (စနေနေ့)နံနက် ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀–၉–၂၀၀၄ရက်(တနင်္လာနေ့) မွန်းလွဲ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများမွန်းလွဲ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

မမြတ်စုလှိုင်
ရဟိုင်ကူးတို့ရွာ၊ဂွမြို့နယ်
အသက်(၂၃)နှစ်

တောင်ဒဂုံ၊ စစ်မှုထမ်းဟောင်းစံပြရွာနေ ဦးတင်လှိုင် – ဒေါ်လေးလေးတို့၏သမီး၊ ဦးမြင့်မောင် – ဒေါ်ချိုဝင်းကျော်၊ ဦးမြင့်အောင်–ဒေါ်ဝင်းဝင်းကြည်၊ ဦးတင်ထွန်း–ဒေါ်ထားမြင့် တို့၏တူမ၊ မောင်အောင်မျိုးသူ၊ မကြူကြူဝင်း တို့၏ညီမ၊ မထက်ထက်စုလှိုင်၊ မဇင်မီစုလှိုင် တို့၏အစ်မသည် ၁၈–၉–၂၀၀၄ရက်တွင်စံပြဆေးရုံ (သင်္ဃန်းကျွန်း)၌ ကွယ်လွန်သွားပါသဖြင့် ၂၀–၉–၂၀၀၄ ရက် နံနက်၁၁နာရီတွင် စံပြဆေးရုံအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဇရပ်၊
ပိဋကတ်သုံးပုံအလှူ့ဒါယိကာမကြီး
ဒေါ်ကြည်
အသက်(၉၀)

ဧရာဝတီတိုင်း၊ ပန်းတနော်မြို့နေ (ဦးဆိုးဖေ–ဒေါ်စိမ်းညွန့်)တို့၏ သမီး၊ (ဦးမောင်သော်)၊ (ဒေါ်သိန်းဟန်)၊ (ဦးစံသိန်း)၊ ဒေါ်သိန်းရှင်တို့၏အစ်မ၊ ပဲခူးတိုင်း၊ ဝေါမြို့နယ်၊ သရဲသမိန်ရွာနေ (ဦးဖိုးအောင်–ဒေါ်သက်နှံ့)တို့၏ သမီးချွေးမ၊ ဒေါ်မွေးခင်၏အစ်မ၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၈ လမ်း၊ အမှတ် ၅၄၊၅၆ နေ (ဦးရှိန်)၏ဇနီး၊ ဒေါ်သန်းအေး(အမှတ် ၅၇၊ ဘီရုံ၊ သိမ်ကြီးဈေး)၊ ဦးမြင့်ဆွေ–ဒေါ်ဝင်းဝင်း(လမ်းမတော်မြို့နယ် သမဝါယမဝန်ထမ်းဟောင်း)၊ ဦးတင်ရှိန်–ဒေါ်အေးအေးသန်း(ခ)မငယ်တို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၁၇–၉–၂၀၀၄ရက် (သောကြာနေ့) ညနေ ၅း၄၀ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ၁၉–၉–၂၀၀၄ရက် (တနင်္ဂနွေနေ့)ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၃–၉–၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားနာမည်ဖြစ်ပါ၍ အထက်ပါနေအိမ်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်လှိုင်
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊အမှတ် ၂၇၊ ၇လမ်းနေ (ဦးဖုံဟ–ဒေါ်ရှုခင်)တို့၏ သမီး၊ (ဦးချူး–ဒေါ်စိန်ချစ်)တို့၏ သမီးချွေးမ၊ (ဦးလုံးစိန်)၏ဇနီး၊ (ဒေါ်ခင်ဆွေ)–ဦးမြင့်ဆွေ၊ (ဦးခင်လှိုင်)–ဒေါ်သန်းသန်းအေး၊ ဒေါ်ရင်ရင်မြ–ဦးအမိန်း၊ ဒေါ်ရင်ရင်–ဦးကျော်ဝင်း၊ဒေါ်ကြည်–ဦးလှမျိုး၊ဦးဝင်းလှိုင်–ဒေါ်ခင်စန်းဝင်း၊ ဦးမောင်မောင်လှိုင်–ဒေါ်ချိုချိုမြင့်တို့၏မိခင်၊ မြေး ၂၀ ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၁၇–၉–၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၉–၉–၂၀၀၄ရက်(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင်နေအိမ်မှရေဝေးကွမ်းတုံတရုတ်သုသာန်သို့ ပို့ဆောင်မြေမြှုပ်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးကိုမြင့် (လပွတ္တာ)
တပ်မတော်(ရေ)ငြိမ်း
CDC-7648
(R/O)Mariner Shipping
အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ အမှတ် ၅၉(B)၊ ဓီဇဝါလမ်း၊ရေကျော်၊ ပုဇွန်တောင်နေ(ဦးမောင်ကြီး–ဒေါ်ရွှေပုံ)တို့၏သား၊ ဒေါ်လှခိုင်၏ခင်ပွန်း၊(ဦးခင်မောင်–ဒေါ်တင်တင်ဦး) (တူရိယာလုပ်ငန်း)၊ဦးမိုက်ကယ်(ရန်ကုန်ဆေးရုံကြီး)၊ ဒေါ်အေးမိစံ(ကသ ဦးစီး၊ စီးပွား/ကူးသန်း)တို့၏ညီ/မောင်၊ ကိုဆွေမြင့်–မချယ်ရီဖြိုး၊ ကိုဆွေတင့်–မမိုးသက်နှင်း၊ ကိုဇော်မြင့်–မလှလှမိုး၊ မကြည်ကြည်မြင့် (ဂျပန်ဗုဒ္ဓဘာသာဘုရားကျောင်း)၊ မဝေဝေမြင့်(ပြည်သူ့အင်အားဦးစီးဌာန)၊မဥမ္မာမြင့် (ဒဂုံအရှေ့ပိုင်း၊ စည်ပင်အုပ်ချုပ်ရေးမှူးရုံး)– မောင်ရဲဝင်းတို့၏ဖခင်၊ မြေးသုံးယောက်တို့၏ အဘိုးသည်၁၇–၉–၂၀၀၄ရက် (သောကြာနေ့)ညနေ၆း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉–၉–၂၀၀၄ ရက်နေ့ ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ယဉ်အေးမြင့်(ခ)
ဒေါ်တင့်တင့်
မိုးကုတ်ယောဂီ
အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ် ၁၁၅/၁၂၊ အနော်ရထာလမ်းနေ (စာရေးဆရာ၊ သတင်းထောက်ချုပ်၊ အယ်ဒီတာ ဦးဝင်းမြင့်ကြီး–ဒေါ်သန်း) တို့၏ သမီး၊ (ဦးနေဝင်း–ဒေါ်မြရီ)၊ ဦးလှ ရွှေ–ဒေါ်ခင်မြ၊ (ဦးအေးကို၊ ဖဆပလ)–ဒေါ်ခင်မာမာ၊ (ဦးမောင်ကို)– ဒေါ်သန်း စိန်၊ ဒေါ်ခင်မြင့်(ရ/သုံး၊ငြိမ်း)၊ ဒေါ်ခင်မျိုးမြင့်(ပညာရေး ဝန်ကြီးဌာန)တို့၏ညီမ သည်၁၇–၉–၂၀၀၄ ရက် နံနက်၁၁ နာရီ တွင်ကွယ်လွန်ပါ၍ယင်းနေ့တွင် ကွယ်လွန်သူ၏ ဆန္ဒအရ ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ကုန္ဒောဘာသ
(မြို့နယ်သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ)
သက်တော်(၈၀)၊ သိက္ခာတော်(၄၉)ဝါ

ဧရာဝတီတိုင်း၊ ပန်းတနော်မြို့နယ်၊ အလယ်ပိုင်းရပ်ကွက်၊ တံတားဦးကျောင်းတိုက်၏ပဓာနနာယကဆရာတော်၊ မြို့နယ်သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ပရိယတ္တိသာသနာ့နုဂ္ဂဟအသင်းစာပြန်ပွဲကြီး၏သြဝါဒါစရိယ၊ ရွှေမြင်တင်စေတီတော်မြတ်ကြီး၏ သြဝါဒါစရိယဖြစ်တော်မူသော ဆရာတော် ဘဒ္ဒန္တ ကုန္ဒောဘာသသည် ၁၃၆၆ခုနှစ် တော်သလင်းလဆန်း ၂ ရက် (၁၅–၉–၂၀၀၄ ရက်) နံနက် ၄း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်ကို ၁၃၆၆ခုနှစ် တော်သလင်းလဆန်း ၈ ရက် (၂၁–၉–၂၀၀၄ရက်) အင်္ဂါနေ့တွင် အန္တိမအဂ္ဂိဈာပနပူဇာသဘင် ကျင်းပမည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ၊
တံတားဦးကျောင်းတိုက်၊ပန်းတနော်မြို့။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊
တန်ဆောင်းဒါယကာကြီး
ဦးထွန်းသီ
(ကြွေချိုင်ရွာ၊ ဂွမြို့နယ်)
အသက်(၈၀)

အင်းစိန်မြို့၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အမှတ် ၁၁၁၊ စပယ်လမ်း၊ ထန်းပင်ကုန်းနေ(ဦးသက်ပြင်း–ဒေါ်ပုမ)တို့၏သား၊ (ဦးဆိုးအေး–ဒေါ်စိန်ကျော့)တို့၏သားသမက်၊ဒေါ်ခိုင်ဦး၏ခင်ပွန်း၊ ဦးထွန်းရှင်(တိုင်ကျိုးရွာ)၏ညီ၊ ဒေါ်ထွေးရှင်–(ဦးတင်မောင်)တို့၏အစ်ကို၊ ဒေါ်နုရွှေ–ဦးအောင်မြင့် (Advanced Biologicals)၊ ဒေါ်နုရီ (တွဲဖက်ပါမောက္ခ၊လားရှိုးတက္ကသိုလ်)၊ဦးအောင်သာဌေး–ဒေါ်အေးမီတို့၏ဖခင်၊ ဒေါ်ဖြူဖြူမြင့်–ဦးကျော်သိန်းခိုင်၊ ဦးအောင်ဇော်မြင့်–ဒေါ်ခင်သီတာစိုး၊ ဒေါက်တာအောင်ဇော်လတ် – ဒေါက်တာမင်းမင်းဝင်း၊ မနုဝါမြင့်၊ မောင်ရဲမြင့်လတ်၊ မထက်ရင်လင်းတို့၏အဘိုး၊ မဖြူဖြူသန့်၏အဘေးသည် ၁၇–၉–၂၀၀၄ရက် (သောကြာနေ့)နံနက် ၁၁း၄၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၁၉–၉–၂၀၀၄ရက်(တနင်္ဂနွေနေ့)ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (ထန်းပင်ကုန်းနေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်မနု ရမ်းဗြဲမြို့နယ်
လေးတောင်တိုက်နယ်
အသက်(၇၁)နှစ်

ရန်ကုန်တိုင်း၊တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ အမှတ် ၆၄၈၊ သံသုမာလမ်းနေ ဦးထွန်းကျော် (မူဆရာကြီး၊ ငြိမ်း)၏ဇနီး၊ ဦးလှဝေ(ပန်းထိမ်ဆရာ)–ဒေါ်သန်းစိန်၊ ဦးသန်းဖေ–ဒေါ်ခင်ရီ၊ ဦးထွန်းနိုင်–ဒေါ်ခင်သန်းထွေး၊ ကိုထွန်းလင်း(ခတ်ပုံ)–မခင်သန်းဝင်းတို့၏ မိခင်၊ မြေးခုနစ်ယောက်တို့၏ အဘွားသည် ၁၈–၉–၂၀၀၄ ရက်(စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၀–၉–၂၀၀၄ ရက်(တနင်္လာနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒုတိယဗိုလ်မှူးကြီး
တင့်ဆွေ (ငြိမ်း)
ဗိုလ်သင်တန်းအပတ်စဉ်(၃၂)
အသက်(၆၇)နှစ်

ရေးမြို့နယ်၊တောင်ဘုံရွာနေ(ဦးကျင်ဝှက်–ဒေါ်ငွေပွင့်)တို့၏သား၊ ဗန်းမော်ခရိုင်၊ စိန်လုံ မြို့နေ မြို့ပိုင်(ဦးလထွယ်–ဒေါ်လဆီးနူး) တို့၏ သားသမက်၊ ရွှေပြည်သာမြို့နယ်၊ အမှတ်၂၉/၁၄၂၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနေ [ဒေါ်လီလီ ဆွေ(ခ) ဒေါ်ဖော်ယမ်ကော့ဖန်]၏ခင်ပွန်း၊ ဦးနော်လောန်–ဒေါ်သန္တာဆွေ(လ/ထ ကထိက၊ ရုက္ခဗေဒဌာန၊ မအူပင်တက္ကသိုလ်)၊ ဦးဇော်မိုးသန့်–ဒေါ်ဆွေဆွေတင့် (ရွှေသစ်ဦးရှောင်းဝယ်ရေး၊ ဘုရင့်နောင်)၊ ကိုဇော်မိုင် [B.Tech(Civil) Zamil Steel Co.,Ltd.]– ဒေါက်တာလနန်ဂျာဆန် (လ/ထဆရာဝန်၊ ပြည်သူ့ဆေးရုံကြီး၊ ဗန်းမော်မြို့)တို့၏ဖခင်၊ မောင်မင်းရဲခန့်၊ မောင်ဝေယံဟိန်းသန့်၊ မောင်ကောင်းခန့်ဇော်တို့၏အဘိုးသည်၁၈–၉–၂၀၀၄ရက် (စနေနေ့)မွန်းလွဲ၂နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀–၉–၂၀၀၄ရက် (တနင်္လာနေ့) ညနေ၃နာရီတွင် ရေဝေးအအေး တိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ကျောင်းအမကြီး
ဆွာရူတီ(ခ)ဒေါ်ခင်ရွှေ
(သရက်ပင်ချောင်းကျေးရွာ)
အသက်(၈၂)နှစ်

လှည်းကူးမြို့နယ်၊ သရက်ပင်ချောင်းကျေးရွာနေ (ဦးကဲယား–ဒေါ်စောရင်) တို့၏သမီး၊ ရန်ကုန်မြို့၊ဗညားဒလလမ်း၊ အမှတ် ၃၆၄ နေ ဦးချူဂျန်မွန်(ခ)ဦးဘွန်နား၏ဇနီး၊ ကိုအင်ချူး(ခ)ကိုကြည်မြင့်–မအန်မွေလန်း၊ မကြူကြူ၊ ကိုအင်ဝှက်(ခ)ကိုတင်အေး–မနုနုဌေး၊ မကျင်စွမ်း၊ ကိုစန်းရီ–မကျင်စိန်၊ ကိုဝေဇင်–မကျင်ထွေး၊ ကိုအောင်ဝင်း–မကျင်အေး၊ ကိုကျင်တိတ်–မကျင်မွှေးတို့၏ မိခင်၊ မြေး ၁၇ ယောက်၊ မြစ်တစ်ယောက် တို့၏အဘွားသည် ၁၇–၉–၂၀၀၄ရက် (သောကြာနေ့)နံနက် ၀၀း၁၅နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၉–၉–၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀တွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ကြင်ရီ
(တပ်မတော်စည်သွတ်စက်ရုံ)
မန္တလေး(ငြိမ်း)
(မိတ္ထီလာ၊မန္တလေး)
အသက်(၆၈)နှစ်

မိတ္ထီလာမြို့နေ (ဦးကိုငယ်–ဒေါ်မြညွန့်)တို့၏သမီး၊ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၃)ရပ်ကွက်၊ဘုရင့်နောင်အိမ်ရာ၊၁၁လမ်း၊ တိုက် ၁၃၅၊ အခန်း၁၂နေ ဦးထွန်းလှအောင် (တပ်မတော် စည်သွတ်စက်ရုံ၊ မန္တလေး၊ငြိမ်း)၏ဇနီး၊တောင်သာမြို့နယ်၊ ဇရပ်ကြီးကျေးရွာနေ (ဦးစိန်ကျော်)–ဒေါ်တင်ကြည်၊ ကပ္ပတိန်မင်းလွင်–စစ္စတာ ဒေါ်ခင်ခင်စိန် (အာရှတော်ဝင်ဆေးခန်း)၊ဦးမောင်မောင်လေး(ဒု–စက်ရုံမှူး၊ ဖန်ချက်စက်ရုံ၊ ကြွေ/မြေ၊စက်မှု–၁)၊ ဒေါ်လှလှမြတ်(လ/ထ မန်နေဂျာ၊ ကြွေ/မြေ ငွေစာရင်းဌာန၊ စက်မှု–၁)၊ ဦးအောင်ဝင်း(လ/ထ ညွှန်မှူး၊ဆ/မ)–ဒေါ်ခင်ထွေးထွေး(တွဲဖက် မြို့နယ်တရားသူကြီး၊ပျဉ်းမနားမြို့နယ်တရားရုံး)၊ ဗိုလ်မှူးကြီးရဲမြင့် – ဒေါ်ခင်ခင်တော် (တွဲဖက်မြို့နယ်တရားသူကြီး၊တောင်ကြီးမြို့နယ်တရားရုံး)၊ ဒေါ်ခင်မြင့်မြင့်သန်းတို့၏ အစ်မကြီးသည် ၁၆–၉–၂၀၀၄ ရက်မွန်းလွဲ၂း၁၀နာရီတွင် အာရှတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၀–၉–၂၀၀၄ရက် ညနေ၅နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ဘုရင့်နောင်အိမ်ရာနေအိမ်မှ ကားများ ညနေ၄နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်မြမြဦး
(Wilma)
အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ မေခလမ်း၊ အမှတ်၁၂ (B) နေ(ဦးလှထွန်း–ဒေါ်သန်းမြ)တို့၏ သမီး၊ (ဦးသိန်းရီ)–ဒေါ်သန်းမြင့်တို့၏ သမီးချွေးမ၊ ဦးကိုဦး၏ဇနီး၊ (ကိုလမင်း)၊ ဗိုလ်ကြီးထိန်လင်းဦး၊ မမြထိုက်ဦး တို့၏ မိခင်သည် ၁၈–၉–၂၀၀၄ရက် (စနေနေ့) မွန်းလွဲ၂း၀၅နာရီတွင်ကွယ်လွန် ပါသဖြင့် ၂၀–၉–၂၀၀၄ရက် (တနင်္လာ နေ့)နံနက် ၁၀နာရီတွင် နေအိမ်မှရေဝေး သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

ဝန်ကြီးတာဝန်မှအနားယူခွင့်ပြုခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
(အမိန့်အမှတ် ၆/၂၀၀၄)
၁၃၆၆ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်
(၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်)

တာဝန်မှအနားယူခွင့်ပြုခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါဝန်ကြီးများအား ယနေ့မှစ၍ တာဝန်မှအနားယူခွင့် ပြုလိုက်သည်–

(၁) ဗိုလ်ချုပ်ညွန့်တင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(၂) ဗိုလ်ချုပ်လှမြင့်ဆွေ ပို့ဆောင်ရေးဝန်ကြီးဌာန
(၃) ဦးဝင်းအောင် နိုင်ငံခြားရေးဝန်ကြီးဌာန

အမိန့်အရ

(ပုံ) စိုးဝင်း
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

ဒုတိယဝန်ကြီးတာဝန်မှအနားယူခွင့်ပြုခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
(အမိန့်အမှတ် ၇/၂၀၀၄)
၁၃၆၆ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်
(၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်)

ဒုတိယဝန်ကြီးတာဝန်မှအနားယူခွင့်ပြုခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးခင်မောင်ဝင်းအား ယနေ့မှစ၍ တာဝန်မှ အနားယူခွင့်ပြုလိုက်သည်။

အမိန့်အရ

(ပုံ) စိုးဝင်း
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

မြန်မာ့အလင်း ခေါင်းကြီး၊ သတင်း၊ ဆောင်းပါး အညွှန်း

"နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ ဦးဆောင်သည့် မြန်မာ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့၏ စင်ကာပူသမ္မတ နိုင်ငံသို့သွားရောက်ခဲ့သော ချစ်ကြည်ရေးခရီးစဉ်သည် နှစ်နိုင်ငံရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှု၊ နှစ်နိုင်ငံဆက်ဆံရေး နှင့် ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန် ပိုမို မြင့်မားတိုးတက်စေမည်ဟုယုံကြည်"

ခေါင်းကြီး (စာ–၂)

"အီရတ်စစ်ပွဲသည် တရားဥပဒေနှင့် ဆန့်ကျင်ကြောင်း ကိုဖီအာနန်ပြောဆိုချက် ပြင်သစ်နိုင်ငံခြားရေး ဝန်ကြီးထောက်ခံ" **နိုင်ငံတကာသတင်း (စာ–၆)**

"မြန်မာ့သစ်အခြေခံစက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် သမိုင်းမှတ်တိုင်တစ်ရပ်ဖြစ်သော မြန်မာ့ပရိဘောဂပြပွဲ(၂၀၀၄)တွင် သစ်အခြေခံ စက်မှုလုပ်ငန်းရှင်များ အားလုံးနှင့် အတူ ပြည်သူတစ်ရပ်လုံး တက်ကြွစွာ ပူးပေါင်းပါဝင်သင့်ပါကြောင်း" **ဝင်းလှိုင်ကျော်၏**

"သစ်တောစီးပွားကဏ္ဍ၏ခြေလှမ်းသစ်"

ဆောင်းပါး (စာ–၁၀)

အမှာစကားပြောကြား

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နောင်ဆက်လက်ကျင်းပမည့်ညီလာခံအတွက် လိုအပ်သည်များ အချိန်မီပြီးစီးအောင်ပြုစုထား အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီအနေဖြင့်လုပ်ငန်းများအချိန်နှင့်တစ်ပြေးညီဆောင်ရွက် ညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်မှာကြား

ရန်ကုန် စက်တင်ဘာ ၁၈

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်နှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် တွဲဖက်အတွင်းရေးမှူး(၂) ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက အခမ်းအနားမှူးအဖြစ်ဆောင်ရွက်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

19-9 (20).p65 1 26.03.1905, 4:47 PM